
www.burmeseclassic.com

တက္ကသိုလ်

# ငွေလင်းအောင်

## အချစ်အမုန်း ဓားနိဂုံး

ဒုတိယတွဲ
(ဇာတ်သိမ်း)



PREPARED BY ARTIST : YE MAR

www.burmeseclassic.com

www.burmeseclassic.com

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြ
မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေ
အမွေ အနှစ်များ၊ အမျိုးသားရေး လက္ခဏာမျာ
မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြ
မားရေး

# တက္ကသိုလ် နေလင်းအောင်

## အချစ်အမုန်းမာနိဂုံး

(ဒုတိယပိုင်း ဇာတ်သိမ်း)

www.burmeseclassic.com

## အခန်း (၁)

### ဘေးကျော်နံ့ကျော်

ညနေဆည်းဆာဖြစ်သည်။

လေတဟူးဟူး တိုက်နေသည်။ ဖုန်မှုန့်များ သစ်ရွက်ခြောက်များ လေတိုက်ရာသို့ လွင့်မျောပါနေကြသည်။

တောင်ကြားလမ်း၌ သစ်ရွက်များ လွင့်မျောနေသည်မှာ အလွန်ကြည့်၍ ကောင်းသည်။

ညနေဆည်းဆာဖြစ်၍ တောင်ကြားလမ်း၌ ခရီးသွားသူ မရှိတော့ပေ။ သို့သော် တောင်ထိပ်၌ သိုင်းသမား သုံးယောက် ရှိနေလေသည်။

ထိုသူများကား ဖျတ်နံ့ဂိုဏ်းသားများတည်း။

သူတို့သည် သတင်းအရ ဘောင်းကင်နဂါးအား စောင့်ဆိုင်းနေကြခြင်းဖြစ်သည်။

www.burmeseclassic.com



အရှေ့အရပ်ဆီမှ မြင်းတစ်စီးနှင့် လူတစ်ယောက် အပြင်းနှင်လာလေ၏။ သူကား မျက်နှာဖုံးစွပ် သိုင်းသမားပင် ဖြစ်တော့သည်။

သူသည် ဟူတန်ဂိုဏ်းသားတစ်ဦးကို တိုက်ခိုက်ရမည်ဟု ကောလာဟလသတင်း လွှင့်ထား၏။ ထို့ကြောင့် တောင်ကြားသို့ ရောက်ရှိလာခြင်း ဖြစ်လေသည်။

သူ့ထုံးစံအတိုင်း ကြောက်မက်ဖွယ်ရာ မျက်နှာဖုံးတစ်ခုကို စွပ်ထားလေ၏။

ဟူတန် ဂိုဏ်းသားများ၏ ညီညွတ်မှုကို မသိ၍လော၊ သူ့ကိုယ်သူ ယုံကြည်မှု အပြည့်ရှိ၍လော။ တစ်ကိုယ်တော် သိုင်းသမားကဲ့သို့ မည်သည့်အန္တရာယ်မျှ ဂရုမစိုက်ဘဲ စိုင်းနှင်လာ၏။

ဟူတန် ဂိုဏ်းသားများ ကလည်း မည်သည့် အရာမျှ ကြောက်ရွံ့ခြင်း မရှိပါ။

"ဂိုင်း....မင်းသွားတော့၊ လုံးဝ ကာခြေမပျက်စေနဲ့"

ဟူတန် ဂိုဏ်းသားသည် တောင်ကုန်းပေါ်မှ 'လွှား'ခနဲ ခုန်ဆင်း၍ လျှောက်သွား၏။

မျက်နှာဖုံးစွပ် သိုင်းသမားသည် ထိုဂိုဏ်းသားကို မြင်သောအခါ မြင်းဇက်ကြိုးကို တုံ့ဆွဲလိုက်၏။

"ဟား....ဟား...ဟား မင်းဘယ်ဆိုးလို့လဲ၊ လာရှိသားပဲကွ"

"ကျုပ် သေမှာ မကြောက်ပါဘူး၊ ဒါပေမယ့် ကျုပ် တစ်ခုတော့ မေးပါရစေဦး"



"ဘာ မေးချင်တာလဲ"

"ခင်ဗျား ဘယ်သူလဲဆိုတာ သိချင်တယ်"

"ငါဘယ်သူဆိုတာ သိချင်ရင် ငါ့ကိုသတ်ပြီး မျက်နှာဖုံးကို ချွတ်ကြည့်နိုင်ဖို့ ကြိုးစား"

မျက်နှာဖုံးစွပ်၏ စကားက ပြတ်သားလှ၏။ ရှင်းလင်းလှလေသည်။

မျက်နှာဖုံးစွပ်သည် သူ့ထက် ကိုယ်ခန္ဓာ ထွားကျိုင်းသည်မှန်သော်လည်း ဟူတန်ဂိုဏ်းသားဟူသည့် စိတ်ဓာတ်က ထိုဂိုဏ်းသားကို အားပေးနေသည်။

သို့သော် မျက်နှာဖုံးစွပ်ကိုတော့ လက်နက်မဲ့ မယှဉ်နိုင်ကြောင်း သိသည်။ လက်နက်ကိုင်ရလေတော့၏။

"ရှမ်း"

မျက်နှာဖုံးစွပ်သည် နောက်သို့ တစ်ပတ်ကျွမ်း ပစ်လိုက်သည်။

ထိုအခါ ဟူတန်ဂိုဏ်းသားကလည်း ဝင်ရောက်တိုက်ခိုက်လေတော့၏။

မျက်နှာဖုံးစွပ်သည် ဟူတန်ဂိုဏ်းသားကို သနားသည်။ မကြာခင် သူက သတ်ပစ်ရတော့မည်။ သည်လိုတိုက်ပွဲမျိုးသည် သူ့အတွက် အသစ်အဆန်းမဟုတ်တော့။

"ကျား"

မာန်သွင်းသံများ ဆူညံသွားလေ၏။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ဟူတန်ဂိုဏ်းသားသည် မြားကို ဝေ့ယမ်းလိုက်သည်။ မျက်နှာဖုံးစွပ်က နောက်သို့ ဆုတ်သွားသည်။ ရှောင်တိမ်းသွားသည်။

"ဟိုင်း"

"ဗုန်း"

မျက်နှာဖုံးစွပ်၏ ခြေကန်ချက် တစ်ချက်ကြောင့် ဟူတန်ဂိုဏ်းသား လွင့်စဉ်သွားသည်။ ထိုအခါ ဟူတန်ဂိုဏ်းသားနှစ်ယောက်သည် ပုန်းကွယ်နေရာမှ ခုန်ထွက်လာ၏။

"ဟေ့"

"ဩော်...မင်းတို့က ဒီလိုလား"

သူတို့သည် မြားနှစ်ချောင်းကို ပြိုင်တူပင်ဆွဲထုတ်လိုက်ကြသည်။

"ရှမ်း...ရှမ်း"

မျက်နှာဖုံးစွပ်သည် အခြေအနေကို ရိပ်မိသွားလေ၏။ သူ့အား အုပ်စုနှင့်ဝင်တိုက်တော့မည်ကို သူ သိလိုက်၏။ သူ ကန်လိုက်သော သိုင်းသမားကို တစ်ချက်ငုံ့မိကြည့်လိုက်သည်။

ထိုလူမှာ သွေးအန်နေလေပြီ။

ဟူတန်ဂိုဏ်းသားနှစ်ဦးသည် မျက်နှာဖုံးစွပ်ကို ဝိုင်းဝန်းထိုးခုတ်ကြတော့သည်။

မျက်နှာဖုံးစွပ်က ကျွမ်းကျင်စွာ ရှောင်ရှားလေသည်။ ထိုးခုတ်တိုက်ခိုက်နေသူ နှစ်ယောက်ကလည်း အတွဲညီသည်။



တစ်ဦးကပိတ်ထိုးလျှင် တစ်ဦးက ရှောင်ထွက်နိုင်မည့်အကွက်ကို ပိတ်သည်။

မျက်နှာဖုံးစွပ်သည် ရှောင်ကွက်ပိတ်သွားသည်နှင့် လွှားခနဲ ခုန်ထွက်၍ ရှောင်သွားလေသည်။ မြားသမားနှစ်ဦးသည် သူတို့ဂိုဏ်းသားတစ်ဦး လဲကျဒဏ်ရာရသွားသည်ကိုကြည့်ပြီး ဒေါသဖြစ်နေကြ၏။ ထို့ကြောင့် ပြင်းထန်စွာ တိုက်ခိုက်ကြသည်။

သို့သော် မကြာမီ မျက်နှာဖုံးစွပ်က အသာစီးရလာသည်။ ထိုစဉ် ဟူတန်ဂိုဏ်းသား၏ မြားချက်တစ်ချက်ကြောင့် မျက်နှာဖုံးစွပ်၏ မျက်နှာဖုံးသည် မျက်နှာမှ ပြုတ်ထွက်သွားလေသည်။

ဂိုဏ်းသားနှစ်ဦးသည် အံ့သြစွာရေရွတ်မိလေ၏။

"လီ...ဆူ...ရှင်း"

ထိုအခါ လီဆူရှင်းက တဟားဟားရယ်သည်။

"ဟုတ်တယ်၊ ငါ လီဆူရှင်းပဲ၊ သိုင်းပြိုင်ပွဲမှာ ငါ နိုင်ပါလျက်နဲ့ သိုင်းကျော်မင်းမပေးတဲ့အတွက် ငါ သိုင်းလောကက လူတွေကို လိုက်သတ်နေတာ၊ မင်းတို့ဟူတန်ဂိုဏ်းဟာ ငါ့ကို သိုင်းကျော်မင်းမပေးဖို့ အပြင်းအထန် ကန့်ကွက်ခဲ့တဲ့လူတွေပဲ..."

"အဲဒါ မင်း ရူးနေတာပဲ။ မင်းမှာ အပြစ်ရှိလို့ သိုင်းကျော်မင်းမပေးတာပဲ၊ ပြိုင်ပွဲအကြီးအကဲတွေ မှန်တယ်၊ မင်း မှားတယ်"

www.burmeseclassic.com



“အေး...ငါမှားတယ်ပဲ ထားပါတော့၊ ငါ ဒါကြောင့် ဆက်မှားနေတာပေါ့၊ ငါကတော့ သိုင်းလောက ထိပ်သီး မှန်သမျှကိုသတ်မယ်”

“ဟား...ဟား...ဟား...မင်းသတ်လို့ရမလား၊ အများနဲ့ တစ်ယောက်ပဲ၊ မကြာခင် မင်း သေရတော့မယ်”

သူတို့သည် အပြင်းအထန် တိုက်ခိုက်ကြတော့၏။ ဟူတာန် ဂိုဏ်းသားများသည် ပြောင်မြောက်ရဲရင့်စွာ တိုက်ခိုက်ကြ သည်။

“ရှီ...ရှမ်း”

“ဝှီး...ဝှီး...ဝှီး”

“အား”

“အား”

ဟူတာန်ဂိုဏ်းသားနှစ်ဦး သေဆုံးသွားရှာလေပြီ။

လီဆူရှင်းသည် အလောင်းများကို ခွကျော်လာပြီး အော်ဟစ်လေ၏။

“ကောင်းကင်နဂါး ဘယ်သူဘယ်ဝါဆိုတာ သိနိုင်ဖို့ အသက်စွန့်ရဲရတယ်ကွ”

သူသည် အရူးတစ်ယောက်ကဲ့သို့အော်ဟစ်ရင်း မြင်းဆီသို့ ထွက်ခွာလာခဲ့သည်။ ထို့နောက် မျက်နှာဖုံးအသစ်ကို တပ်ဆင်လေတော့၏။ ထို့နောက် သူသည် မြင်းကိုစီး၍ ထွက်ခွာသွားလေ၏။

လီဆူရှင်းသည် သူ့အောင်မြင်မှုကို ယစ်မူးပြီး သတိမမူနိုင်ဘဲ ထွက်ခွာသွားခြင်းဖြစ်သည်။ စင်စစ် ပထမဆုံးဒဏ်ရာ



ရသည့် ဂိုဏ်းသားသည် မသေသေးပေ။ သူသည် တွားသွား လာပြီး လီဆူရှင်း ကျကျန်ခဲ့သည့်မျက်နှာဖုံးကို ကောက်ကိုင် လေ၏။

“ကောင်းကင်နဂါး”

မျက်နှာဖုံး၌ ရေးသားထားသည့် စာတန်းသည် ထင်းခနဲ ဖြစ်နေ၏။

ထိုဂိုဏ်းသားသည် သူ့ပါးစပ်မှစီးကျနေသော သွေးများ ကို လက်ညှိုးနှင့်တို့ပြီး မျက်နှာဖုံးရှိ ကောင်းကင်နဂါးဟူ သော စာတန်းအောက်၌ လီဆူရှင်း၏အမည်ကို ရေးသည်။

ထိုအခါ ကောင်းကင်နဂါး လီဆူရှင်းဟူသော စာတန်း ဖြစ်ပေါ်လာတော့သည်။

ဟူတာန်ဂိုဏ်းသားလည်း ထိုစာကို ကြိုးစားပမ်းစားရေး ပြီးနောက် အသက်ကုန်သွားလေ၏။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ဟူတန် ဂိုဏ်းချုပ်ကြီးသည် သွေးများ စွန်းပေနေသည့် မျက်နှာဖုံးကို အသေအချာ စစ်ဆေးကြည့်ရှုနေသေး၏။ သူ၏ ဟူတန်ဂိုဏ်းသား သုံးယောက်သည် ကောင်းကင် နဂါးကို ရဲရင့်စွာ တိုက်ခိုက်ပြီး ကောင်းကင်နဂါး၏ လျှို့ဝှက်ချက်ကို ထုတ်ဖော်ခဲ့ကြ၏။

ကောင်းကင်နဂါးသည် လီဆူရှင်းဖြစ်ကြောင်း သွေးနှင့် ရေးပြခဲ့ကြသည်။

"တောက်"

ဟူတန် ဂိုဏ်းချုပ်ကြီးသည် ဖြင်းယန်စွာ တက်ခေါက် လိုက်သည်။



"ဟင်း.... ဘယ်လောက် လျှို့ဝှက် လျှို့ဝှက် နောက်ဆုံး တော့ လျှို့ဝှက်ချက်ပေါ်ရတာပဲမဟုတ်သား၊ ငါ့ရဲ့ ဂိုဏ်း သား သုံးယောက်ကတော့ သူရဲကောင်း ပီသပါတယ်"

လက်ထောက်ဂိုဏ်းချုပ်က–

"ဂိုဏ်းချုပ်....လီဆူရှင်းကို ငါအတိုင်းလွှတ်ထားလို့ မဖြစ် တော့ဘူး၊ ကျွန်တော်တို့ ဂိုဏ်းသားတွေရဲ့ အသက်တွေလဲ တော်တော် ပေးဆပ်ခဲ့ရတာပဲ၊ ဒီတော့....လီဆူရှင်းကိုအပြတ် ရှင်းဖို့ လိုအပ်နေပြီ"

"အခုတော့ နည်းလမ်းပဲ ရှိတော့တာပဲ"

"တစ်ခုတော့ စဉ်းစားစရာ ရှိတယ်"

"ဘာလဲ"

"သူ့လက်ထဲ ဖြူဝင်သိုင်းကျမ်း ရောက်နေတဲ့ကိစ္စ"

"ဪ....ဒါလား"

ထိုအခါ နတ်ဆောင်းအဘိုးအိုက....

"ဟုတ်တယ်၊ ဒါဟာစဉ်းစားရမယ်၊ သူဟာ အဲဒီသိုင်း ပညာတွေကို ရရှိပြီး သိုင်းလောက ထိပ်သီးတွေကို လိုက် သတ်နေတာ၊ အဲဒါတော့ သတိထားရမယ်"

ဟူတန်ဂိုဏ်းချုပ်ကြီးက....

"နတ်ဆောင်းကြီး ဘယ်လိုဖြစ်တာလဲ၊ ခင်ဗျား သွေး ကြောင်တဲ့စကားတွေ ပြောတတ်နေပါလား"

နတ်ဆောင်းအဘိုးအို ဒေါသထွက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်သွေးမကြောင်ဘူးဗျ၊ မဖြစ်သင့်တာ မဖြစ်အောင် သတိပေးနေတာဗျ၊ သိုင်းလောကသားတွေအလကားအသက်မဆုံးရှုံးစေချင်တဲ့အတွက် ပြောနေရတာ"

ဟူတန်ဂိုဏ်းချုပ်ကြီးနှင့် နတ်စောင်းအဘိုးအိုတို့အကျယ်အကျယ် မငြိမ်းဖွယ် မဖြစ်စေရန် တိုင်မေ ဂိုဏ်းချုပ်ကြီးက ဝင်ရောက် ဖျန်ဖြေပေးလေသည်။

"တော်ကြပါတော့ရှင်.... လီဆူရှင်းကို ရှင်းလင်း နိုင်မဲ့ကောင်းတဲ့ ,အကြံဥာဏ်ကို ပေးနိုင်ဖို့သာ စဉ်းစား ကြစမ်းပါရှင်"

ခြေသလုံးအိမ်တိုင် ဂိုဏ်းချုပ်ကြီးက....

"ကောင်းကင်နဂါး လီဆူရှင်းရသွားတဲ့ သိုင်းကျမ်းတွေထဲမှာ ပါရင့် သိုင်းအခကျော်အမော်တွေရဲ့ တိုက်ကွက်တွေ ပါတယ်ဆိုတာ အားလုံး သိပြီးသားပါ၊ ဒါပေမယ့် လုံးဝမပါရှိတဲ့ သိုင်းကွက်တွေလဲ ရှိပါသေးတယ်"

"ဘာသိုင်းကွက်လဲ"

"မိုးပြိုလက်သီး သိုင်းကွက်လေ"

အားလုံး တိတ်ဆိတ် သွားကြ၏။ ထိုသိုင်းကျမ်း၌ မိုးပြိုလက်သီးသိုင်းကွက်မပါကြောင်း အားလုံးက သိရှိကြသည်။

သူတို့သည် သိုင်းပြိုင်ပွဲ၌ ယူချင်းထန်အသုံးပြုသော မိုးပြိုလက်သီး သိုင်းကွက်ကို မြင်ရခြင်း ဖြစ်သည်။ ထိုလက်သီးသိုင်းကွက်သည် အသစ်ဖြစ်သည်။ သူတို့ပြုစုထားသည့်သိုင်းကွက်များထဲတွင် မိုးပြိုလက်သီး သိုင်းကွက်သည် မပါရှိပါ။ သို့သော် ယူချင်းထန်အား မေးမြန်းစုံစမ်းကြည့်သောအခ



ဆရာမရှိဟုဆိုနေသဖြင့်သူတို့အားလုံး ဦးနှောက်ခြောက်ကြရလေ၏။

အောက်လမ်းဂိုဏ်းချုပ်ကြီးများဆိုလျှင် ဤသို့ အေးအေးဆေးဆေးမေးမြန်းကြလိမ့်မည် မဟုတ်ချေ။ ယူချင်းထန်အား ညှဉ်းပန်းနှိပ်စက်ပြီး မေးမြန်းကြမည်သာဖြစ်၏။ ယခုတော့ အထက်လမ်းဂိုဏ်းသားများဖြစ်၍ ဤသို့ညှဉ်းပန်းနှိပ်စက်ရန် စိတ်ပင် မကူးကြချေ။

တိုင်ခမဂိုဏ်းချုပ်ကြီးက....

"မိုးပြိုလက်သီး တီထွင်တဲ့ ဆရာကြီးသာ ရှိမယ်ဆိုရင် ကျွန်မတို့ ကောင်းကင်နဂါးကို လွယ်လွယ်ကလေးနဲ့ အနိုင်ရမှာပဲ"

ခြေသလုံးအိမ်တိုင် ဂိုဏ်းချုပ်ကြီးက...

"မိုးပြိုလက်သီး သိုင်းဆရာကြီး ဒီသိုင်းလောကထဲမှာ ရှိမရှိဆိုတာ ယူချင်းထန်တစ်ယောက်ပဲ သိနိုင်တယ်၊ ယူချင်းထန်ကို ထပ်မေးကြည့်ရရင် ကောင်းမယ် ထင်တယ်၊ အခုဟာက အရေးကိစ္စ ပေါ်လာပြီပဲ"

ဟူတန်ဂိုဏ်းချုပ်ကြီးက ခေါင်းညိတ်သည်။

"ဟုတ်တယ်၊ ဒီအကြံ သိပ်ကောင်းတယ်၊ အခုဟာက သိုင်းလောကထဲမှာ လက်နက်မဲ့ သိုင်းကျမ်း တစ်စောင်ကို ကိုင်ပြီး ခြိမ်းခြောက် ခံနေရတာကတော့ သိပ်သဘာဝမကျလှဘူး"

www.burmeseclassic.com

www.burmeseclassic.com



ခြေသလုံးအိမ်တိုင် ဂိုဏ်းချုပ်ကြီးက....

''ကဲ...ဒီလိုဆိုရင် ကျုပ်တို့အားလုံး တစ်စုတစ်ဝေးကည်း သွားပြီး ယူချင်းထန်ကို မေးကြတာပေါ့၊ ယူချင်းထန်ကိုလဲ အကျိုးအကြောင်း ပြောပြရတာပေါ့ဗျာ''

''ကောင်းတယ်၊ ဒီအကြံ ကောင်းတယ်''

အားလုံးကပင် ခေါင်းညိတ် သဘောတူ ကြလေ၏။

ဤသို့ဖြင့် ခြေသလုံးအိမ်တိုင်ဂိုဏ်း၊ ရွှောင်လင်ဂိုဏ်း တိုင်မေဂိုဏ်း၊ ဟူတန်ဂိုဏ်းနှင့် နတ်စောင်း အဘိုးအိုတို့ အားလုံးသည် ယူချင်းထန်အား သွားရောက် တွေ့ဆုံကြလေသည်။

ယူချင်းထန်သည် သူ့ဆရာ မည်သူမည်ဝါ ဖြစ်ကြောင်းကို ဖွင့်ပြောပါမည်လော။

* * *

သူတို့အားလုံး ယူချင်းထန်ရှိရာ ဝမ်လင်ဖုံးဂေဟာသို့ ရောက်ရှိလာလေ၏။

ယူချင်းထန်က ဂိုဏ်းချုပ်ကြီးများအား ကြိုဆိုသည်။ ဝမ်လင်ဖုံးနှင့်လည်း မိတ်ဆက်ပေးသည်။ ဝမ်လင်ဖုံးသည်း ဧည့် ဝတ်ကျေပွန်စွာ ဧည့်ခံသလေ၏။



နတ်စောင်းအဘိုးအိုက အခြေအနေအရပ်ရပ်ကို ရှင်းပြသည်။

''အဲဒါပါပဲ ကလေးရယ်၊ ဒီအချိန်ဟာ လီဆူရှင်းကို အချိန်မီသုတ်သင်နိုင်ဖို့က အရေးကြီးပါတယ်၊ သိုင်းလောက တစ်ခုလုံးအတွက် အရေးကြီးဆုံးအချိန်ပါ''

ယူချင်းထန်၏စကားကို အားလုံးကစောင့်၍ နားထောင် နေကြလေ၏။

''ကျွန်တော့်မှာ ပြောပိုင်ခွင့် မရှိပါဘူးအဘိုး၊ ကျွန်တော့်မှာ ဆရာမရှိဘူးဆိုတာ ကျွန်တော် ညာပြောတာပါ၊ ဒါပေမယ့် ကျွန်တော့်ဆရာက ကျွန်တော့်ဆီက ကတိတစ်ခု တောင်းတယ်၊ အဲဒါကတော့ ကျွန်တော့်မှာ ဆရာမရှိပါ ဘူးလို့ ပြောရမယ်ဆိုတဲ့ ကတိပါပဲ၊ အဲဒီကတိကို ဖျက်လိုက် တာနဲ့ မိုးပြိုလက်သီးသိုင်းကွက်တွေကို မေ့သွားမယ်လို့ ဆင်ပါတယ်''

ထင်ထားသည့်အတိုင်း ဖြစ်မလာသဖြင့် အားလုံးစိတ် ဓာတ်ကျသွားလေ၏။

ယူချင်းထန်မှာလည်း သူ့ကို အားကိုးတကြီးမေးလာကြ သူများကို လွန်စွာ အားနာလေ၏။

''ကျွန်တော် ဂိုဏ်းချုပ်ကြီးတွေရဲ့ အခက်အခဲကိုလဲ ကျွန် တော်သိပါတယ်၊ ကျွန်တော်ကလဲ ဟိုဘက်မှာ ကတိပေးခဲ့ ရလို့ပါဗျာ၊ ကတိဆိုတာ ဘယ်လိုစောင့်ထိန်းရတယ်ဆိုတာ ဂိုဏ်းချုပ်ကြီးတို့ဟာ ကျွန်တော့်ထက် ပိုသိပါတယ်ဗျာ''

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်ကြီးများမှာ ယူချင်းထန်၏ စကားကြောင့် ပို၍ ဒုက္ခတွေ့သွားကြလေ၏။

"ဒါဆို မင်းမှာထူးခြား ကူညီနိုင်မယ့် နည်းလမ်းများ မရှိဘူးလားကွာ"

ရှောင်လင်ဂိုဏ်းချုပ်ကြီးက မေးမြန်းလိုက်၏။ ယူချင်းထန်က ခေါင်းခါပြသည်။

ယူချင်းထန်ကို အားလုံးက ငြူစူကဲ့ရဲ့မ်းနည်းစွာ ကြည့်နေကြသည်။ ယူချင်းထန်ကိုလည်း အားလုံးက နားလည်ကြသည်။ ယူချင်းထန်ကိုယ်တိုင် နဂါးအဆိပ်သင့်၍ လူဖြစ်ရှုံးနေသူတစ်ဦးဖြစ်နေသည် မဟုတ်ပါလော။

"ကဲ... ဒါဖြင့်လဲ ကိုယ်မှုအ ပြန်ကြမယ်"

ဂိုဏ်းချုပ်ကြီးများအားလုံး ပြန်သွားကြသည်။

ယူချင်းထန်သည် ပြန်သွားကြသော ဂိုဏ်းချုပ်ကြီးများ၏ ကျောပြင်ကို ငေးကြည့်မိလေ၏။

သူသည် စိတ်ဓာတ်အကြီးအကျယ် ကျမိလေသည်။

ကောင်းကင်နဂါး လီဆူရှင်းသည် လက်နက်မဲ့ သိုင်းကျမ်းကိုကိုင်၍ မေ့ရက်ကြွားနေသည်။ သူကတော့ အသက်ရှင်လျက် သေဆုံးရသည့်အဝချိုး ဖြစ်နေသည်။

မိုးပြိုလက်သီး ယူချင်းထန်ဟူ၍ သိုင်းလောကထဲဝယ်မည်ဆိုသော သူ့ရည်မှန်းချက်ကြီးမှာလည်း ပျက်စီးနေခဲ့လေပြီ။ မိုးပြိုလက်သီး သိုင်းကွက်ကိုလည်း သိုင်းလောကက မသိရှာတော့ချေ။



တစ်ခုရှာတော့ရှိသည်။ သိုင်းလောကနှင့် ပတ်သက်၍ ကျ ဆောက်သာမည့် အန္တရာယ်ကို သူ့ဆရာဘိယန့်ဇင်းသာ ကာကွယ်နိုင်မည် ဖြစ်လေသည်။

ဤကိစ္စအား သူ့ဆရာအား ပြန်လည် ပြောပြရမည်လော။ သူ့ဆရာကလည်း လီဆူရှင်းအား ရှင်းလင်းရန် သိုင်းလောကထဲ ပြန်ထွက်လာပါမည်လော။

သူက သူ့ဆရာထံ လုံးဝမပြန်ချင်ပေ။ အဘယ်ကြောင့်ဆိုသော် သူကိုယ်တိုင် မိန်းကလေးတစ်ဦးအား ယုံစားမိခြင်း အဆိပ်မိခဲ့ရသည့်အဖြစ်။

သိုင်းပြိုင်ပွဲ၌ ရှုံးနိမ့်ခဲ့ရသည့်အဖြစ်များကို ရှင်းမပြချင်သော၊ ဆရာသိလျှင် စိတ်ဆိုးမည်ဟု ယုံကြည်သည်။ ယူချင်းထန်သည် သက်ပြင်းချမိလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

### ချိန်းဆိုချက်

နတ်ဓောင်းအဘိုးအိုသည် အကြီးအကျယ် တွေးတော ခဥ်းစားနေရလေ၏။ ကောင်းကင်နဂါး၏ အန္တရာယ်သည် သိုင်းလောကၡ တစ်နေ့တခြား ကြီးထွားလာနေသည် ပိုဆိုးသည်မှာ ကောင်းကင်နဂါးသည် တစ်ကိုယ်တော်ခိုးဆိုး လူသတ်နေသည် မဟုတ်ပေ။

သူသည် ဂိုဏ်းဖွဲ့၍ကြီးစိုးလာနေခြင်းဖြစ်သည်။ ကောင်းမှု ပြုရန် ခက်ခဲသည်။ မကောင်းမှုပြုရန် လွယ်ကူသည်။

ထို့ကြောင့် ကောင်းကင်နဂါး၏ဂိုဏ်းသည် တစ်ခဏ ချင်း ကြီးထွားလာခြင်းဖြစ်သည်။ ရှောင်လင်ဂိုဏ်း၊ ဟွာတ



ဂိုဏ်း၊ တိုဝ်မေဂိုဏ်း၊ ခြေသလုံးအိမ်တိုင်းဂိုဏ်း စသော မဟာမိတ်ဂိုဏ်းကြီးများသည် နောက်ပေါက်သည့်ရွှေကြာ ပင်ဖြစ်သည့် ကောင်းကင်နဂါးဂိုဏ်းကို မဖြိုခွင်းနိုင်လျှင် အရှက်ကွဲရချေတော့မည်။

ကောင်းကင်နဂါးဂိုဏ်းသည် ယခုအခါ လူအင်အား ရှစ်ဆယ်ခန့်သာ ရှိသေးသည်။ သို့သော် လီဆူရှင်း၏ အကြံ အစည်နှင့် ဒုစရိုက်လုပ်ငန်းများကို ကောင်းစွာ ဖော်ဆောင် နိုင်ပေသည်။

ထိုသေးငယ်သော ကောင်းကင်နဂါးဂိုဏ်းကို မဟာမိတ် ဂိုဏ်းများသည် အဘယ်ကြောင့် မဖြိုခွင်းနိုင်သေးသနည်း။

မဖြိုခွင်းနိုင်သည်မှာ အကြောင်း ကြောင်းကြောင့် ဖြစ် လေသည်။

ဂိုဏ်းကြီးများသည် သူဖြိုနိုးနိုး ကိုယ်ဖြိုနိုးနိုးစောင့်နေ ကြခြင်း၊ အချို့ဂိုဏ်းကြီးများက ကောင်းကင်နဂါး ဂိုဏ်း ကို ကြီးထွားမလာဟု ထင်ထားခြင်း၊ လက်နက်မဲ့သိုင်းကျမ်း ကို လီဆူရှင်းက ပိုင်ဆိုင်ထားခြင်းတို့ကြောင့် ဖြစ်လေသည်။

သိုင်းကျမ်းကို ဆုအဖြစ်ပေးရန် ရည်ရွယ်ခဲ့ခြင်းမှာလည်း ၍အဖြစ်မျိုးဖြစ်လိမ့်မည်ဟု ပြိုင်ပွဲအကြီးအကဲများက ထင် ထား၍ဖြစ်ပေသည်။

သိုင်းသမားကောင်း ပေါ်ထွက်စေရန်ဟု စိတ်ကောင်း စေတနာကောင်းထားခဲ့ခြင်းသည် ယခုကဲ့သို့ ဆိုးကျိုး ဖြစ် ပေါ်လာသောအခါ စေတနာနှင့်မထန်ကြောင်း ပေါ်လွင် လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ မဟာမိတ် သိုင်းဂိုဏ်းများကိုပင် အကြီးအကျယ် ခြိမ်းခြောက်သည့်သိုင်းကျမ်း ဖြစ်နေပေတော့သည်။

ကောင်းကင်နဂါးသည် တစ်ဟုန်ထိုး နာမည်ကျော်နေသည်။ မကောင်းသည့်ဘက်တွင် နာမည်ကျော်နေခြင်း ဖြစ်သည်။

လူငယ်များသည် လမ်းမှားလိုက်သွားမိမည့် အန္တရာယ်ကိုပါ စိုးရိမ်နေရသည်။

ကောင်းကင်နဂါးကလည်း ထိုလူငယ်များကိုပင်စုဆောင်းသည်။ သိုင်းပညာ သင်ပေးသည်။ သူတို့၏ ရဲရင့်စိတ်ကို အလွဲတချော် အသုံးပြုစေသည်။

နတ်စောင်းအဘိုးအို တွေဝေငေးငိုင်နေသည်ကို ဖင်းယု သိရှိရလေ၏။

"အဘိုး"

နတ်စောင်းအဘိုးအိုသည် လှည့်ကြည့်လေ၏။ သူ့အတွေးများ ပြတ်တောက်သွားသည်။

"ဘာလဲ သမီး"

"ဘာတွေများ ဒီလောက်စဉ်းစားနေတာလဲ၊ သမီး တွေးလို့ ပြောတာမဟုတ်ဘူးနော်၊ အဘိုးဆီက ဘာသံမှမကြားရလို့ သမီး တွေးပြီးပြောတာ"

ဖင်းယုသည် မျက်စိမမြင်သော်လည်း နတ်စောင်းအဘိုးအိုသည် သူမကို လိမ်ညာ၍မဖြစ်မှန်း သိသည်။

"ကောင်းကင်နဂါးဟာ ဘယ်သူလို့ သမီး ထင်သလဲ"



"ကောင်းကင်နဂါးက တစ်ယောက်ယောက်ပေါ့၊ သမီးတော့ မထင်တတ်ဘူး"

"အများက ထင်ထားတဲ့အတိုင်း ရွှေနဂါးလီဆူရှင်းပဲ သမီး"

"ရှင်"

ဖင်းယု အံ့အားသင့်သွားသည်။ သူမ၏ မျက်နှာပေါ်၌ နာကြည်းခြင်းအရိပ်အယောင်များ ယှက်သန်းလာ၏။

ရွှေနဂါး လီဆူရှင်း။

ကောင်းကင်နဂါး လီဆူရှင်း။

လူယုတ်မာ လီဆူရှင်း။

သည့်လူယုတ်မာကို ဖင်းယုအနေဖြင့် လက်စားချေရန် မမေ့သေးပါ။

"အခု သူဘယ်မှာလဲ အဘိုး"

မာကျောစွာ မေးလိုက်သည့်အသံကြောင့် နတ်စောင်းအဘိုးအို အံ့ဩသွားသည်။

"ရှန်ဆန်မြို့ပြင်မှာ သူ့ဂိုဏ်းရှိတယ်၊ ဘုရားကျောင်းဟောင်းနဲ့ တောတဲမှာ သူ့ဂိုဏ်းသားတွေရှိတယ်"

"သမီး သူ့ကို လက်စားချေချင်တယ်"

"ဘယ်လို"

နတ်စောင်းအဘိုးအိုသည် မယုံကြည်နိုင်အောင် ဖြစ်သွားသည်။

www.burmeseclassic.com

"သမီးဘဝတစ်ခုလုံးကို ဆုံးရှုံးမှုတွေဖြစ်လာအောင်လုပ်ခဲ့တဲ့ သူ့ကို လက်စားချေပါရစေ အဘိုးရယ်၊ သမီး လက်စားချေပါရစေနော်"

"သမီး တော်တော်စိတ်ကူးယဉ်ပါလား၊ လီဆူရှင်းကို လူကောင်းတွေတောင် ဖမ်းမမိနိုင်ဘူး၊ သူ့ကိုတွေ့တဲ့ သိုင်းသမားတွေကို လီဆူရှင်းက ဦးအောင်သတ်သွားတာပဲ၊ သမီးလို မမြင်တဲ့လူက ဘယ်လိုလက်စားချေနိုင်မလဲ သမီးရယ်"

"နတ်စောင်းသိုင်းကွက်တွေကို သမီး ယုံတယ်၊ ဒါကြောင့် အမြင်အာရုံမဲ့ သိုင်းကွက်တွေကိုသုံးပြီး သမီး သူ့ကို တိုက်ခိုက်ပါရစေ"

နတ်စောင်းအဘိုးအိုသည် တွေဝေနေလေ၏။

"အဘိုး....သိုင်းသမားဆိုတာ သေခြင်းတရားကို ကြောက်ရွံ့နေတဲ့လူတွေ မဟုတ်ပါဘူး၊ သမီး သေသွားရင်လဲ ဒီဝဋ်က ကျွတ်သွားတာပေါ့၊ လက်စားချေနိုင်ရင်တော့ သမီးမှာ အမြတ်ထွက်ပါတယ်"

ဖင်းယုသည် မျက်မမြင်တစ်ယောက်ကဲ့သို့ လေသိုင်းပညာကိုလည်း တတ်မြောက်သည်။ တိုက်ခိုက်နိုင်စွမ်းလည်းရှိသည့် အတွင်းအား ပြည့်ဝသူတစ်ယောက်လည်း ဖြစ်သည်။ ဓားလက်ဝါးသိုင်းကိုလည်း တတ်မြောက်ထားသည်။ ဖင်းယု၏ တောင်းဆိုချက်ကို လိုက်လျောရမည်ကဲ့သို့ ဖြစ်နေသည်။ သို့သော် ဖင်းယုကိုတော့ ဖျောင်းဖျရပေဦးမည်။



"စိတ်လျှော့လိုက်ပါ သမီးရယ်၊ မကောင်းတဲ့လူအတွက် မကောင်းတဲ့နေရာရှိတယ်၊ နောက်ပြီး ဒီကောင်ဟာ အသေဆိုးနဲ့ သေရမယ့်လူပါ၊ ခုမသေရင် နောက်သေမှာပဲ၊ အခုဆိုရင် သိုင်းလောကမှာ သူ့ကို သတ်ချင်တဲ့လူတွေက များနေပါပြီ၊ သမီးမသတ်ရင်လဲ သတ်မယ့်လူ ရှိလာမှာပဲ၊ သမီး စိတ်လျှော့လိုက်တော့"

ဖင်းယု ခေါင်းယမ်းလိုက်သည်။

"အဘိုးက သမီးကို အထင်သေးတာလား"

"ဘယ်ကအထင်သေးပါ့မလဲ သမီးရယ်၊ သမီးကို အဘိုး သိုင်းပညာတွေ သင်ပေးခဲ့တာပဲ၊ သမီးကို အထင်မသေးလို့ သိုင်းပညာ သင်ပေးခဲ့တာပေါ့"

"ဒါဖြင့် အဘိုးသင်ပေးတဲ့ သိုင်းပညာတွေကို အထင်သေးလို့လား"

"ဘယ်အထင်သေးမှာလဲ သမီးရယ်၊ အဘိုးက အဘိုးရဲ့ သိုင်းပညာကို မယုံကြည်ရင် ဘယ်သူ အဘိုးရဲ့ပညာကို ယုံမှာလဲ၊ သမီးအတွက် စိုးရိမ်တာတစ်ခုတည်းကြည့်ပြီး အဘိုးတားမြစ်တာပါကွယ်၊ ငါ့သမီးလေး ဒုက္ခမရောက်စေချင်ဘူး"

"အဘိုးစဉ်းစားပါ။ အဘိုးရဲ့ သိုင်းပညာကိုလဲယုံတယ်၊ သိုင်းလောကအတွက် အရေးကြီးတဲ့အချိန်လဲ ရောက်လာပြီလို့ ယုံတယ်၊ သမီးကဘာလို့ အသက်မစွန့်ရဲရမှာလဲ၊ သမီးသေလဲ သိုင်းလောကအတွက် အုတ်ဖယ်ချပ် တစ်ပွင့် စွန့်လွှတ်တာပဲပေါ့၊ သမီးစွန့်စားပါရစေ အဘိုးရယ်"

www.burmeseclassic.com



နတ်စောင်းအဘိုးအိုသည် သက်ပြင်းသာ ချမိလိုက်လေသည်။ နောက်ဆုံး အဘိုးအိုခွင့်ပြုလိုက်ရတော့၏။

ထိုအခါ ဖင်းယုသည် စိတ်အား ထက်သန်စွာလေ့ကျင့်လေတော့၏။

စောင်းကြိုးတီးခတ်နေသော အဘိုးအို၏ လက်ခတ်သံမြန်လာသလို ဖင်းယု၏လှုပ်ရှားဟန်ကလည်း မြန်ဆန်လာသည်။

အသံသွင်းတုန်ခါမှုကို နားစွင့်ရင်း အဆင့်မြင့်သိုင်းကွက်များကို စည်းချက်အတိုင်း လှုပ်ရှားနေသော ဖင်းယုကို ကြည့်၍ အဘိုးအိုသည် သနားလာလေ၏။

* * *

ဖင်းယုသည် လွန်စွာဝီရိယကောင်းသည်။ နံနက်စောစောထ၍ သိုင်းကွက်များကို ပြန်လှန်လေ့ကျင့်သည်။ လေသိုင်းပညာကို လေ့ကျင့်ရာ၌ အသံအနိမ့်အမြင့်သည် လွန်စွာအရေးကြီးသည်။

ဖင်းယုသည် လေထိုင်းပညာကို အဆင့်အမြင့်ဆုံး တတ်မြောက်သူ ဖြစ်ခဲ့လေပြီ။

အဘိုးအိုအိပ်ရာမှထသောအခါ ဖင်းယုလေ့ကျင့်နေသည်ကို အဘိုးအိုတွေ့ရလေ၏။



သူသည် မျက်နှာသစ်ပြီးနောက် ဖင်းယုတည်ထားသည့် ရေနွေးကြမ်းကို ကိုင်သောက်သည်။

ဤသို့ဖြင့် တစစ နေမြင့်လာလေ၏။

"တော်လောက်ပါပြီ သမီးရယ်၊ နေလဲ တော်တော်မြင့်လာပါပြီ"

ထိုအခါမှ ဖင်းယု လေ့ကျင့်မှုရပ်ဆိုင်းလေ၏။ ဖင်းယုတစ်ကိုယ်လုံးချွေးများ ရွှဲနစ်နေလေပြီ။ ဖင်းယုသည် အဘိုးအိုရှိသည့်နေရာသို့ လျှောက်လာလေ၏။

"အဘိုး...သမီးလေ့ကျင့်မှုတွေ တော်တော်တိုးတက်ရဲ့လား"

"အင်း....အားရစရာပဲကွယ့်"

ဖင်းယု ပျော်ရွှင်သွားလေ၏။

ဖင်းယုသည် ရုတ်တရက် အံ့ကြိတ်လိုက်သည်။

"အဘိုး....ရွှေနဂါးလီဆူရှင်းဆီအခုလောက်ဆိုရင်သမီးစိန်ခေါ်လိုက်တဲ့စာ ရောက်လောက်ပြီပေါ့နော်"

"အင်း"

နတ်စောင်းအဘိုးအိုသည် စိတ်မပါသလိုဖြေသည်။

"အဲဒီနေ့ချိန်းထားတဲ့မတိုင်မီ အဲဒီနေရာကို သွားမယ်၊ ဝန်းကျင် အခြေအနေကို ဘိုးဘိုးက ပြောပြပေါ့၊ ပတ်ဝန်းကျင် အခြေအနေကို သိဖို့လိုတယ်လို့ အဘိုးပဲ ပြောဖူး

www.burmeseclassic.com



တယ် မဟုတ်လား၊ သမီး သူ့ကိုအနိုင်ယူပြီး သိုင်းလောက တစ်ခုလုံးကို ခြိမ်းခြောက်ခဲ့တဲ့ သိုင်းကျမ်းကို ပြန်ယူလာပေးပါမယ်''

နတ်စောင့်အဘိုးအိုကမူ ကရုဏာသက်သော မျက်လုံးများဖြင့် ကြည့်နေမိ၏။ သည်မိန်းကလေးကို သူမတားနိုင်တော့ပြီ....။

★

## အခန်း (၄)

### အရှုံးအမြတ်

ကောင်းကင်နဂါး လီဆူရှင်းသည် အကြီးအကျယ် တုန်လှုပ်သွားလေ၏။ အဘယ်ကြောင့်ဆိုသော် ယခင်အခါများက သူက ဝါရင့်သိုင်းသမားများကို စိန်ခေါ်တိုက်ခိုက်ခဲ့ပေသည်။ ယခုတော့ သူ့အား စိန်ခေါ်နေသူရှိနေလေပြီ။

ထိုသို့စိန်ခေါ်သူကား မည်သူပေနည်း။

မည်သို့သော သိုင်းပညာအဆင့်ရှိသူမှန်းလည်းမသိရပေ။ ထိုသူမည်ဝါမှန်းလည်း မသိရပေ။ အောင်မြင်နေသူသည် မာနတရား လွှမ်းမိုးတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



စိန်ခေါ်သည့်စာကို စတင်ဖတ်ရသောအခါ သူ့ဒေါသသည် ဟုန်းခနဲဖြစ်သွား၏။

စိန်ခေါ်သူသည် သူ၏မာနတရားကို ရိုက်ချိုးပစ်ချင်သူဖြစ်ပေလိမ့်မည်။

ကောင်းကင်နဂါး.....

မြို့မြောက်ဘက် ဘုရားကျောင်းပျက်မှာရှိသည်။

သင့်အားတိုက်ခိုက်လိုသည်။ အရောက်လာပါ။

စာသည် ထိုမျှသာ။ အောက်၌ လက်မှတ်သည်းမပါ၊ နာမည်လည်း မပါချေ။

ကောင်းကင်နဂါး၏ ဂျာဇဝင်တွင် သူများက စိန်ခေါ်ခြင်း မရှိခဲ့ချေ။ မိမိကသာ သူများကိုစိန်ခေါ်ခဲ့ပေသည်။ ဤသို့စိန်ခေါ်တိုင်းထိုလူတို့အား သူကသာ သတ်နိုင်ခဲ့သည်။ ထိုလူများက သူ့အား မသတ်နိုင်ခဲ့ချေ။

ဤသို့ဖြင့် သူ့မျက်နှာဖုံးများ တစ်ခုပြီးတစ်ခုလျော့ခဲ့သည်။

ကောင်းကင်နဂါး လီဆူရှင်း၏ရင်ထဲတွင် ရက်စက်ခြင်းသွဲ့၍ အခြားဘာမှမရှိခဲ့ချေ။

သူသည် ချိန်းဆိုထားသည့် ဘုရားကျောင်းပျက်ဆီသို့သွားရပေတော့မည်။

ဘုရားကျောင်းပျက်ကြီးသည် တိတ်ဆိတ်ငြိမ်သက်နေ၏။ ဖင်းယုမှာ ချိန်းဆိုထားသည့်အတိုင်း ဘုရားကျောင်းထဲအတွင်း ရောက်ရှိနေလေပြီ။



သူသည် ဘုရားကျောင်းသို့လာပြီး အခြေအနေကို စုံစမ်းပြီး ဖြစ်သည်။ သူမသည် ခေါင်းစွပ်ပါသော ဝတ်စုံကို ဝတ်ဆင်ထားသည်။ သူမကို ဖင်းယုဟု မည်သို့မျှ မထင်နိုင်တော့ချေ။

မျက်မမြင် သိုင်းသမားတစ်ယောက် အခန့်ဖြင့် ဘုရားကျောင်းပျက်ကို ရွေးချယ်လိုက်ခြင်းမှာ အမှန်ကန်ဆုံး ဖြစ်လိမ့်မည်ဟု သူမယူဆသည်။ အခန်းအကွာအဝေး၊ ပြတင်းပေါက်၊ တံခါးပေါက်၊ ပျော့ကားထစ်များကို သူမလေ့လာပြီးပြီ မဟုတ်ပါလော။

သူလေ့လာပြီးချိန်တွင် နတ်စောင်းအဘိုးအိုသည် သူ၏ဗျပ်စောင်းကို ယူရန်အတွက် သူတို့၏ဌာနချုပ်သို့ ပြန်သွားခဲ့လေ၏။

နတ်စောင်းအဘိုးအို ထွက်ခွာသွားပြီးသည်နှင့် မကြာမီ မြင်းတစ်စီး လာနေသံကို ကြားရလေသည်။

"ခွပ်....ခွပ်....ခွပ်"

"ခွပ်....ခွပ်....ခွပ်"

အမြစ်မဲ့အာရုံသိုင်းသမားတစ်ယောက်သည် အသံကြားရုံနှင့် အရာရာကို ခန့်မှန်းနိုင်ပေသည်။ ယခုလည်းကောင်းကင်နဂါး လာနေပြီကို ဖင်းယု ကောင်းစွာ သိသည်။

ရဲရဲတင်းတင်း စီးနင်းလာနေသော မြင်းခွာသံ။

www.burmeseclassic.com

www.burmeseclassic.com



ထိုသူသည် ကောင်းကင်နဂါးမှလွဲလျှင် မည်သူ ဖြစ်နိုင်ပါမည်နည်း။

မှန်သည်။

ကောင်းကင်နဂါးပေတည်း။ ကောင်းကင် နဂါးသည် ဘုရားကျောင်းပျက်ဆီသို့ မျက်မှောင်ကုတ် ကြည့်မိ၏။ အခြေအနေကိုသုံးသပ်မိ၏။ သူသည် ဘုရားကျောင်းပျက်ကို သက်သာမကင်း ဖြစ်မိသည်။

သူ့အား ပထမဆုံး ချိန်းဆိုသူသည် ဤသူပင် ဖြစ်မည်မဟုတ်လော။ သူသည် စိန်ခေါ်ခဲ့သူကို တစ်နည်းနည်း ဖြင့် အနိုင်ပြုလုပ်ပြီးမှသာ စိန်ခေါ်ခဲ့ပေသည်၊ သူပိုင်သည့် မဟာဝန်းကျင်ကို ရွေးချယ်ပြီးမှသာ စိန်ခေါ်ခဲ့ပေသည်။

သူ အမိက အားကိုးသည်မှာ အဆိပ် လက်နက်ပုန်းပေတည်း။ သူသည် အဆိပ်လက်နက်ပုန်းကို လွန်စွာ အားကိုးသည်။

အထက်လမ်းသိုင်းသမားများသည် အဆိပ်လက်နက်ပုန်းကို အားမကိုးချေ။ ထို့ကြောင့် ကောင်းကင် နဂါး၏ ညစ်ပတ်သောနည်းဖြင့် အသိခံကြရသည်က များ၏။

သူက သူများအပေါ် ညစ်ပတ်နည်းကိုသာ သုံးခဲ့သဖြင့် ယခုလည်း သူ့ကို ညစ်ပတ်နည်း သုံးမည်ဟု ထင်နေသည်မှာ မသုံးမသန့် ဖြစ်နေသည်။



ကောင်းကင်နဂါးသည် မြင်းပေါ်က ဆင်း၍ ဘုရားကျောင်းပျက်ထဲသို့ ဝင်ခဲ့သည်။

သူဝင်လာသည်အထိ ဘုရားကျောင်းပျက်သည် ငြိမ်သက်တိတ်ဆိတ် နေတုန်းပင်။ စိန်ခေါ်သူ၏ အရိပ်အယောင်မျှ ကိုမှ မမြင်ရပေ။

သူသည် ဤကျောင်းပျက်သို့ နောက်ကျခံ၍ လာခြင်းဖြစ်သည်။ စိန်ခေါ်သူရှိနေပြီကား သေချာသည်။

"ဝှစ်...ဝှစ်...ဝှစ်"

ဆံထိုးကလေးများသည် လေကိုထိုးခွဲ၍ ရောက်ရှိလာ၏။

"ကျွဲ"

ဆံထိုးကလေးများကို ခုန်ရှောင်လိုက်ရသည်။ သည်သောက်တော့ ကောင်းကင်နဂါး ရှောင်နိုင်ပါသည်။

ဆံထိုး လက်နက်ပုန်းကလေးများ သုံးပြီဆိုကတည်းက အမျိုးသမီး သိုင်းသမားတစ်ဦးဖြစ်ကြောင်း ခန့်မှန်းသိရှိသည်။ သူကသာ အဆိပ်လက်နက်ပုန်းဖြင့် ပစ်မည်။ သူ့ကိုတော့ မည်သူကမျှ မပစ်နိုင်ဟု သူယုံသည်။ ယခု အဆိပ်လက်နက်ပုန်းဖြင့် ပစ်လေပြီ။

*　*　*

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဒေါသထွက်သွား၏။

"ဟေ့....ဘယ်သူလဲ၊ သတ္တိနည်းတဲ့အလုပ်ကို လုပ်တာ သတ္တိရှိရင် ဖြောင့်တိုက်ပေါ့၊ သူရဲဘောကြောင်တဲ့အလုပ်ကို ဘာဖြစ်လို့လုပ်ရတာလဲ"

သူ့ခိုးက လူဟာ့စ်နေခြင်းဖြစ်သည်။ သူ့အား အမှောင်ထဲမှ ပစ်ခတ်သူအား အပြစ်တင်လိုက်သည်။

"ဝှစ်....ဝှစ်....ဝှစ်"

ခေါင်းမြှောင်ကြွယ်ကလေးများမှာ ထပ်မံ ရောက်ရှိလာ[ပြန်] သည်။ ရန်သူသည် ဒုတိယမှီလက်နက်ပုန်းဖြင့် ပစ်ခတ်[ပြန်] သည်။ သူမှာသည် အင်္ဂါအလဲကို ရှောင်လိုက်ရလေ၏။

"ဝှီး"

လင်းနို့တစ်ကောင်သည် သူ့ဆီသို့ပျံသန်းလာပြီး ထွက်သွား၏။

သူသည် အမှောင်ထဲသို့ခုန်ဝင်ပြီး အပြင်းအထန် တိုက်ခိုက်လေတော့၏။

"ဝှီး....ဝှီး....ဝှစ်"

ဘုရားကျောင်းပျက်၏ နံရံများ တုန်ဟည်းသွားသည်။ အချို့ ဆွေးမြည့်နေသော နံရံများမှာ ပြိုကျပျက်စီး[သွား] သည်။



သူသည် ကျဉ်းမြောင်းသော ထောင့်ဆီသို့ ရန်သူအား [ခေါ်]သွင်းရန် ပရိယာယ်ဆင်တော့—ည်။ အမှောင်ထဲမှာ [တိုက်]ခိုက်ရန် ကြံစည်သူအား မည်သည့်ပရိယာယ်ဖြင့် ခေါ်[ထု]တ်သင့်ကြောင်း သူကောင်းစွာ အမှတ်ရသည်။ ထို့[ကြော]င့် သူသည် အလင်းရောင်ရှိရာသို့ ခုန်ထွက်သွားလေ[သ]ည်။

ရန်သူကလည်း သူ့နောက်မှ တစ်ခါတည်း ကပ်လိုက်[လာ]သည်။ ထိုအခါ ဦးခေါင်းစွပ်ထားသည့် ရန်သူအား [သူ]တွေ့ရှိလိုက်ရသည်။

"မင်း ဘယ်သူလဲ၊ ဘာဖြစ်လို့ ငါ့ကိုစိန်ခေါ် တိုက်[ခိုက်]ရတာလဲ ပြောစမ်း"

ရပ်စကားမပြောနေလျှင် သူ မည်သူမည်ဝါ ဖြစ်ကြောင်း [သိ]သွားနိုင်သည်။ ထို့ကြောင့် သူမသည် တော့ဇာသက်ဝါး[ဖြ]င့် ရိုက်ချလိုက်လေ၏။

"ဝုန်း...."

သို့သော် သူမ၏ လက်ဝါးသည် အချည်းအနှီး ဖြစ်သွား[ခဲ့]ပြီ။

ကောင်းကင်နဂါးသည် ရန်သူကို တွေ့မြင်ပြီးနောက် [တိုက်]ကွက်ကို ပြောင်းလဲလိုက်သည်။ ဖင်းယုသည် ထိုအချက်[ကို] မသိရှာ။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်နဂါးသည် နံရံကို ခြေစုံကန်၍ ဖင်းယု၏ နောက်ကျောဆီသို့ ခုန်ထွက်လိုက်သည်။

''ဗွိ''

''ဗြိ''

ကောင်းကင်နဂါး၏လက်ထဲ၌ ဖင်းယု၏ဝတ်စုံကြီး ပ သွားသည်။ ခေါင်းစွပ်တော့ ကျန်နေသေးသည်။

''ဟာ''

သူမသည် ဟာခနဲဖြစ်သွားသည်။ ထို့နောက် ကမ္ဘာရှ ထိုး လှည့်၍တိုက်ခိုက်တော့သည်။ ဖင်းယု၏ တိုက်ကွက်မျာ သည် အကြမ်းဆုံးဖြစ်လာသည်။

လီဆူရှင်းကလည်း အပြင်းထန်ဆုံး တိုက်ခိုက်သည်။ သူ သည် လက်ဝါးတစ်ချက် ရိုက်လိုက်၏။

''ဝုန်း''

ဖင်းယု လွင့်စဉ်သွားသည်။ ခေါင်းစွပ်လည်း ပြုတ်က သွားသည်။

''ဟင်....မင်း....မင်း....''

''ဟုတ်တယ်၊ ဖင်းယုပဲ၊ ဘာဖြစ်သလဲ''

ဖင်းယုသည် ဝေါခနဲ သွေးများထိုးအန်သည်။



လီဆူရှင်းသည် လီဆူရှင်းဖြစ်ကြောင်း သိသူ မှန်သမျှ သိုင်းလောက၌ အရှင်မထားချေ။ အားလုံးကို သုတ်သင်ပစ် သည်။

သို့သော် ဖင်းယုကို မည်သို့ပြုလုပ်ရမည်ကို သူ မဆုံးဖြတ် နိုင်ချေ။

ဖင်းယုသည် သူ့အား စိန်ခေါ်ပြီး တိုက်ခိုက်သူ ဖြစ်နေ ခြင်းက တစ်ဖက်၊ သူ ချစ်ရသူ ဖြစ်နေခြင်းကတစ်ဖက် ဖြစ် နေသောကြောင့်တည်း။

ဖင်းယုအား အသက်ရှင်ခွင့်ပေးခဲ့လျှင် သိုင်းလောကရှိ ဂိုဏ်းအသီးသီးသည် သူ့နောက်သို့လိုက်ပြီး သူ့အား သုတ် သင် ရှင်းလင်းပေတော့မည်။

အကယ်စင်စစ်တွင် သူ့အား သိုင်းဂိုဏ်းများက လီဆူ ရှင်း ဖြစ်နေကြောင်းကို သူ မသိသေးခြင်းသာတည်း။

ဟူတန်ဂိုဏ်းသားသုံးယောက်သည် အသေခံတိုက်ခိုက်ပြီး သူ လီဆူရှင်းဖြစ်ကြောင်း ဖော်ထုတ်သွားခဲ့ပေပြီ။

သူ ခုံးဖြတ်လိုက်သည်။ သူသည် ဖင်းယု၏ မျက်နှာကို ကြည့်ရန်မဟုတ်ချေ။

တိုးတက်ကြီးပွားလာသည့် ကောင်းကင်နဂါးဂိုဏ်းကြီး ၏ မျက်နှာကိုသာ ကြည့်ရန်ဖြစ်သည်။ သူသည် ဖင်းယု၏ အသက်ကို ခြွေပေတော့မည်။

www.burmeseclassic.com



ယူသည့် လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်လျက် တိုးလာလေ၏။

ဖင်းယုကတော့ လဲကျနေသည်။ သူမ မပြေးနိုင်ချေ။

လီဆူရှင်းသည် ဖင်းယုကို လက်သီးဖြင့်ထိုးလိုက်၏။

"ဇွန်း"

ဖင်းယုက လှိမ့်ပြီးရှောင်လိုက်သဖြင့် နံရံကို လက်သီးဖြင့်ထိုးမိသွား၏။ ဖင်းယုကတော့ လက်သီးချက်ကို ရှောင်သွားသည်။

ထိုစဉ် ဘုရားကျောင်းပျက်၏ အမှောင်ရိပ်တွင်းသို့ လူတစ်ယောက် ပြေးဝင်လာကြောင်း ဖင်းယု သိလိုက်သည်။

"ဝှီး"

ဓားမြှောင်တစ်စင်းသည် ဖင်းယုအား တိုက်ခိုက်သော သည့် လီဆူရှင်းထံသို့ ပြေးဝင်လာသည်။

ရှေ့တွင်အားသန်နေသော လီဆူရှင်းသည် ရုတ်တရက် လေတိုးသံကြားလိုက်ရသဖြင့် လှိမ့်ရှောင်လိုက်ရသည်။ လီဆူရှင်းသည် သီသီကလေးလွတ်မြောက်သွား၏။

"ဟော့....ဘယ်သူလဲ၊ ခိုကြောင်ခိုးဝှက် တိုက်ခိုက်တာ"

သူ အော်လိုက်သည်။



သူ့အော်သံသည် ကျောင်းပတ်ဝန်းကျင်တစ်ခုလုံး ဟိန်းထွက်သွားသည်။

"ဝှီး"

ဓားမြှောင်တစ်ချောင်းသည် ပြေးလာပြန်၏။

လီဆူရှင်းသည် အပြင်းအထန်လှဲ့လှိမ့်၍ ရှောင်လိုက်ရပြန်သည်။

သူသည် သူ့အား ဓားနှင့်ပစ်နေသော ရန်သူကို ရှာဖွေ၍ ခင်းရပေတော့မည်။

ရန်သူသည် အမှောင်ကို အကာအကွယ် ယူနေသည်။ အမှောင်ထဲကို ပြေးဝင်တိုက်ခိုက်မှသာ ရန်သူကို ဖော်ထုတ်နိုင်ပေမည်။

တတိယအခန်းဆီသို့ ရိပ်ခနဲခုန်သွားသော သဏ္ဌာန်တစ်ခုကို လီဆူရှင်း ရိုးတိုးရိပ်တိပ် တွေ့လိုက်သည်။ သူသည် တတိယအခန်းဆီသို့ ခုန်ဝင်သွား၏။

လက်သီးကို အားကုန်ထည့်၍ ပစ်ထိုးလိုက်သည်။ လက်သီးသည် နစ်ဝင်သွား၏။

"ပေါင်"

အမှောင်ထဲမှအရာကို လက်ဖြင့်စမ်းသပ်ကြည့်သောအခါ ကောက်ရိုးထုံးကြီးတစ်ခုဖြစ်ကြောင်း တွေ့ရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် လှည့်စားခံလိုက်ရသောကြောင့် ဒေါသဖြစ်သွား
သည်။

"ဘယ်သူလဲကွ၊ အမှောင်ထဲက ချောင်းပစ်နေတာ"

သူသည် ဒေါသဖြင့် အော်ဟစ်လိုက်၏။ အမှောင်ထုသည် တိတ်ဆိတ်ငြိမ်သက်နေ၏။

စောစောက မားနှင့်ပစ်ခြင်းမှာ သူနှင့် လုံးဝမပတ်သက် သကဲ့သို့ပင်။

"တောက်"

လီဆူရှင်းသည် အပြင်သို့ထွက်လာခဲ့၏။

"ခွပ်....ခွပ်....ခွပ်....ခွပ်"

"ခွပ်....ခွပ်....ခွပ်"

မြင်းခွာသံ ပြေးထွက်သွားလေပြီ။

လီဆူရှင်းသည် ကမန်းကတန်းပင် ဖင်းယုကို ကြည့်လို
သည်။

ဖင်းယုကား လှဲမနေသော့ချေ။ ဖင်းယုသည် သူ့မြင်းကို ယူပြီး ထွက်ပြေးသွားချေပြီ။

လီဆူရှင်းသည် စိတ်ပျက်လက်ပျက် သက်ပြင်းချလိုက်၏။

ဖင်းယုအား မည်သူက ကယ်တင်သွားသနည်း။ မားနှင့် ပစ်သူသည် ဖင်းယုအား ကယ်တင်သူသာဖြစ်ရမည်။ ဖင်းယ



လွတ်မြောက်သွားခြင်းသည် သူ့အတွက် အကြီးမားဆုံး အန္တရာယ်ပင်ဖြစ်သည်။

ဖင်းယုသည် သူ့အား စိန်ခေါ်ပြီး တိုက်ခိုက်ခဲ့သည်။ အသတ်ခံရမည့်ဆဲဆဲ သူ လွတ်မြောက်သွားခဲ့သည်။ ဘုရားကျောင်းပျက်၌ လီဆူရှင်းသည် ဒေါသဖြစ်၍ ကျန်နေခဲ့သည်။ သူ့တွင် ဖင်းယုအား စုံစမ်း၍ ရှင်းလင်းရမည့် တာဝန်တစ်ရပ်က ပိုလာသည်။

ဖင်းယုသည် သူ့အားစိန်ခေါ်ပြီး အရှုံးထဲမှ အမြတ်ယူသွားသည် မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

### တူညီကယ်ဆင်သူ

မီးအိမ်ကိုမီးစာမြှင့်လိုက်သဖြင့် မီးအလင်းရောင်က သူ၏ မျက်နှာပေါ်သို့ ကျရောက်လာခဲ့လေ၏။ ဖင်းယု သတိရလာလေပြီ။

သူသည် ကောင်းကင်နဂါး လီဆူရှင်း၏ လက်သီးဒဏ်ကို ခံစားခဲ့ရသည်။

''သတိရလာပြီလား ဖင်းယု''

အသံသည် ကြားဖူးသလိုသို ရှိနေသဖြင့် သူသည် အသံရှင်ကို လှမ်းကြည့်သည်။

''ရှင် ဘယ်သူလဲ၊ ကျွန်မ ဘယ်ကိုရောက်နေတာလဲ''



''ကျုပ် ခေးဘီလူးတန်ပိုးထိုက်ပါ၊ ကောင်းကင်နဂါးနဲ့ မင်းနဲ့ တိုက်ခိုက်နေတုန်း မင်း ဒဏ်ရာရနေလို့ တစ်ဖက်လှည့်နဲ့ ကယ်ထုတ်ခဲ့တာပဲ''

''ကောင်းကင်နဂါး သေပြီလား''

''ဟင့်အင်း....သူ့ကို ကျုပ် ရင်ဆိုင် မတိုက်ဝံ့ဘူးလေ၊ သူ့ကို ရင်ဆိုင်တိုက်ရင် မင်းရော ကျုပ်ရော အသက်ပျောက်သွားမှာပေါ့''

ခေးဘီလူး တန်ပိုးထိုက်သည် ကောင်းကင်နဂါး၏ ရက်စက်မှုကို သိသည်။

သူသည် ဖင်းယုကို အံ့ဩသည်။

''မင်းက တကယ်သတ္တိကောင်းတာပဲ၊ မျက်စိမမြင်တာတောင် ကောင်းကင်နဂါးကို စိန်ခေါ်တိုက်ခိုက်ဝံ့တယ်''

ဖင်းယု အံ့အားသင့်သွား၏။

''ရှင် ဘယ်လိုလုပ်သိသလဲ''

''သိတာပေါ့၊ မင်း ဘုရားကျောင်းပျက်ထဲဝင်သွားတော့ ကျုပ် နောက်ယောင်ခံ ဝင်လိုက်လာတာပေါ့''

''ရှင် ဘာကြောင့် ကျွန်မနောက်ကို နောက်ယောင်ခံလိုက်နေရတာလဲ''

''မင်းကို စိတ်မချလို့ပေါ့ကွာ''

www.burmeseclassic.com

www.burmeseclassic.com



"ဘာ....စိတ်မချလို့ဟုတ်ါလား"

ဖင်းယု လှုပ်လှုပ်ရှားရှားဖြစ်သွား၏။ ခါးဘီလူး တန်ပိုးထိုက်သည် သူမကို စိတ်ဝင်စားနေပါသလော။ သို့သော် တန်ပိုးထိုက်က ဘာမျှဆက်မပြောပါ။

သူမသည် ယူချင်းထန်ကိုသာ စိတ်ညွှတ်နေမိသည်။ သူမအား စိတ်ညွှတ်နေသူများကို သူမ စိတ်မဝင်စားချေ။ လီဆူရှင်း၊ တန်ပိုးထိုက်....မည်သူ့ကိုမျှ စိတ်မဝင်စားသေးချေ။

"မင်း သတိမေ့နေတာ နှစ်ရက်သုံးရက်ရှိနေပြီ၊ မင်းကို သတိရအောင် ငါ ကြိုးစားခဲ့ရတယ်၊ ဒဏ်ရာတွေကိုလဲ ပတ်တီးစည်းပေးထားရသေးတယ်"

ထိုအခါကျမှ ဖင်းယု သူ့ကိုယ်သူ ပြန်စမ်းသပ်မိသည်။ ပတ်တီးများ စည်းထားသည်။ ထို့ကြောင့် တန်ပိုးထိုက်ကို အားတုံ့အားနာ ဖြစ်သွားမိသည်။

"ကျွန်မ ရှင့်ကိုစော်ကားမိသလို ဖြစ်သွားတဲ့အတွက် တောင်းပန်ပါတယ်နော်"

"မလိုပါဘူးကွာ၊ အတိတ်တွေကိုသာ မေ့ထားလိုက်ပါတော့၊ မင်းဒဏ်ရာသက်သာတဲ့အထိ စိတ်ချမ်းချမ်းသာသာ နေပါ"

တန်ပိုးထိုက်၏စကားသည် ဖင်းယုကို နေသာထိုင်သာ ရှိသွားစေသည်။



"ကောင်းကင်နဂါးဆိုတာ ဘယ်သူလဲ"

တန်ပိုးထိုက်က မေးလေ၏။

"ကောင်းကင်နဂါးဆိုတာ တခြားလူမဟုတ်ဘူး၊ မြွေနဂါး လီဆူရှင်းပဲ"

"ဟင်"

"မဟင်နဲ့ သူပဲ၊ သူဟာ သိုင်းပြိုင်ပွဲမှာ လူကြီးတွေက သူ့ကိုအနိုင်မပေးတာကို အကြောင်းပြုပြီး အငြိုးထားလက်စားချေဖို့ ကြိုးစားနေတာပဲ"

"သိပ်ကြောက်စရာကောင်းတဲ့ လူပါလား"

"ဟုတ်တယ်....သိုင်းလောကမှာ အန္တရာယ် အရှိဆုံးလူ တစ်ယောက်ပေါ့"

တန်ပိုးထိုက် စဉ်းစားလေ၏။

"ကောင်းကင်နဂါး လီဆူရှင်းဖြစ်တယ်ဆိုတာကိုတခြားလူကြီးတွေကို အသိပေးသင့်တယ်"

"ကျွန်မအခြေအနေက ချက်ချင်း ကောင်းလာဦးမှာ မဟုတ်ဘူး၊ ဘယ်လိုအသိပေးရမလဲ"

"ကျုပ် ကူညီပါ့မယ်"

ဖင်းယု ဝမ်းသာသွားသည်၊ တန်ပိုးထိုက်ကို ကျေးဇူးတည်း တင်မိသည်။ သူမ၏အသက်ကို ကယ်တင်ခဲ့ရုံသာမက

www.burmeseclassic.com

သူမလုပ်ရမည့် အလုပ်များကိုလည်း ကူညီဆောင်ရွက်ပေး နေသေးသည်။

ကောင်းကင်နဂါးသည် လီဆူရှင်း ဖြစ်ကြောင်း မဟာမိတ်ဂိုဏ်းများ သိရှိသွားလျှင် လီဆူရှင်းပြေးပေါက် ပိတ်သွားပေလိမ့်မည်။

သိုင်းကျမ်းကို မဟာမိတ်ဂိုဏ်းများက ပြန်လည်သိမ်းပိုက်ကြပေမည်။

"ဒါဆို ကျွန်မကို တစ်ခုကူညီပါ။ နတ်စောင်းအဘိုးအေ သိ-အမြန်ဆုံး အကြောင်းကြားပေးပါ၊ နတ်စောင်းအဘိုးအေ သိသွားရင် အားလုံးသိသွားပါပြီ"

"ကောင်းပြီ၊ ကျုပ်ကူညီမယ်"

တန်ပိုးထိုက်သည် မြင်းတစ်စီးဖြင့် ဖုန်းစိုင်းစီးနင်းထွက် ခွာသွားတော့၏။

* * *

သူသည် မြို့ပြင်သို့ ရောက်သောအခါ သစ်ပင်တစ်ပင် အောက်တွင် ခေတ္တနားသည်။ သူသည် ကြီးလေးသော တာဝန်ကို ထမ်းဆောင်ရသဖြင့် ဂုဏ်ယူမိသည်။



"ဟင်"

သူသည် လမ်းလျှောက်လာသည့် လူတစ်ယောက်ကို တွေ့ရလေ၏။ သူသည် ယူချင်းထန်ဟုထင်သည်။ထင်သည့်အတိုင်း ယူချင်းထန် ဖြစ်နေသည်။

ယူချင်းထန်သည် ညှိုးငယ်စွာလျှောက်လာနေသည်။ တစ်ချိန်က မိုးပြိုလက်သီး ယူချင်းထန်ဟူသော သိုင်းသမားနှင့် ယခု ယူချင်းထန်သည် လုံးဝ ကွဲပြားခြားနားနေလေသည်။ ဖင်းယုပြောပြသည့်အတိုင်းဆိုလျှင် ရွှေနဂါးလီဆူရှင်းဖျက်မွှေခဲ့၍ မဖြစ်သင့်သည်ကို ဖြစ်လာခဲ့ခြင်းဖြစ်သည်။

တန်ပိုးထိုက်သည် သစ်ပင်ရိပ်အောက်မှ ထွက်၍ ယူချင်းထန်ကို ဂါရဝပြု နှုတ်ဆက်လိုက်၏။

"ယူချင်းထန်"

ယူချင်းထန်သည် အံ့အားသင့်သွား၏။ သိုင်းပြိုင်ပွဲ၌တွေ့ခဲ့ဖူးသော တန်ပိုးထိုက်ဖြစ်ကြောင်း သူသိသည်။ သူကလည်း ပြန်လည်ဂါရဝပြုသည်။

"တန်ပိုးထိုက်"

"ဟုတ်တယ်၊ ငါတန်ပိုးထိုက်ပဲ၊ အခု မင်းဘယ်သွားမလို့လဲ ယူချင်းထန်"

"ငါ ဒုက္ခိတတစ်ယောက် ဖြစ်နေပါပြီကွာ၊ ဒါကြောင့် သိုင်းလောကနဲ့ ဝေးရာကိုသွားချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ယှချင်းထန်၏ စကားကိုကြားရပြီးနောက် တန်ပိုးထိုက် စိတ်မကောင်းဖြစ်သွား၏။ တန်ပိုးထိုက်သည် ဖင်းယုက ယှချင်းထန်အား အဆိပ်ခတ်ခဲ့သည်ကို သိ၏။ ထို့ကြောင့် ဖင်းယုအကြောင်း ပြောမပြတော့ပေ။ ယှချင်းထန်သည် ဖင်းယုကို စိတ်ဆိုးနေမည်ဟု သူထင်သည်။

ကောင်းကင်နဂါး လီဆူရှင်းအကြောင်းကိုတော့ သူ ပြောပြနိုင်သည်။ သူပြောပြချင်ပေသည်။ သူသည် လီဆူရှင်းကို လျှပ်တစ်ပြက်ဝင်ရောက်တိုက်ခိုက်ခဲ့သည်မဟုတ်ပါလော။

တန်ပိုးထိုက်က....

"မင်း သိုင်းလောကမှာ ဘာတွေ ဖြစ်နေပြီလဲဆိုတာ သိလား"

"ငါမသိချင်ပါဘူးကွာ၊ သိုင်းလောကထဲမှာ ငါ့အတွက် နေရာမရှိတော့လို့ ငါ သိုင်းလောကကို စိတ်မဝင်စားတော့ပါဘူး"

"ဒီလိုလဲဘယ်ဟုတ်ဦးမလဲ၊ မင်းတစ်ခုသိရရင် တကယ် အံ့ဩသွားမယ်"

"ဘာသတင်းများလဲကွာ"

"လီဆူရှင်းကို မင်းကောင်းကောင်း မှတ်မိမှာပေါ့၊ အခုသိုင်းလောကထဲမှာ ကောင်းကင်နဂါးဆိုပြီး သောင်းကျန်းနေတဲ့သိုင်းသမားဟာ လီဆူရှင်းပဲကွ"



"ဘာ...."

ယှချင်းထန်သည် မိုးကြိုးအပစ်ခံလိုက်ရသူကဲ့သို့ ဖြစ်သွားသ၏။

ကောင်းကင်နဂါး။

ရွှေနဂါး။

အဆိပ်နဂါး။

သူသည် နာမည်အချိုးမျိုးဖြင့် သိုင်းလောကကို ဒုက္ခပေးနေသူ ဖြစ်၏။ သူသည်အတိတ်မှ ဖြစ်ရပ်များကို ချာချာလည် တွေးတောမိသည်။

"ဒီကောင်ဟာ ကောင်းကင်နဂါးအမည် ခံယူပြီး သိုင်းလောက ယိပ်သီးတွေကို လိုက်သတ်နေတယ်၊ မကြာခင်မှာ ဘာဂိုဏ်းချုပ်ကြီးတွေကို သတ်ဖို့ကြံမှာပဲ၊ ဂိုဏ်းချုပ်ကြီးတွေကို သတ်ဖို့ကြံတဲ့နေ့ဟာ သူသေတဲ့နေ့ပဲ"

တန်ပိုးထိုက်ကဆက်လက်ပြောပြနေ၏။ ယှချင်းထန်သည် ကြိတ်လိုက်သည်။ ကောင်းကင်နဂါးကို ရှင်းလင်းရပေတော့မည်။ သူကတော့ဒုက္ခိတဖြစ်နေသည်။ သူဒုက္ခိတဖြစ်နေသော်လည်း သူ့ဆရာကြီး တီယန်စီးကတော့ ဒုက္ခိတမဖြစ်။ ဆရာကြီးကိုအကူအညီတောင်းလျှင် ကောင်းကင်နဂါးရှင်းလင်း နိုင်ပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဆရာကြီးတ်ယန်စင်းထံ အကူအညီတောင်းဆိုးဖြတ်လိုက်၏။

"ငါသွားမယ် တန်ပိုးထိုက်"

သူသည် ဓားဘီလူးတန်ပိုးထိုက်အား နှုတ်ဆက်ကာ ခွာသွားလေတော့၏။

★

## အခန်း (၆)

### ဌာနေမောင်းသို့ပြန်ရောက်ခြင်း

တန်ပိုးထိုက်သည် ဖင်းယုပေးလိုက်သည့်စာကိုနတ်စောင်း ...းအိုအား ပေးလိုက်သည်။

အဘိုး....

အဘိုးရောက်မလာခင် သမီး ကောင်းကင်နဂါးနဲ့ တိုက်ခိုက်ပါတယ်၊ သမီး ရှုံးသွားတယ်၊ ဒဏ်ရာကို ဆေးကုနေတယ်၊ ကောင်းကင်နဂါးဆိုတာ ရွှေနဂါး လီဆူရှင်းပဲ၊ အဘိုးသိအောင် သမီးအကြောင်းကြားလိုက်ပါတယ်။

ဖင်းယု။

www.burmeseclassic.com

www.burmeseclassic.com



နတ်စောင်အဘိုးအိုသည် စာကို ပြန်ခေါက်လိုက်၏။

''ကဲ....လာ မင်းပါလိုက်ခဲ့၊ ငါတို့ ဟူတန်ဂိုဏ်းချုပ်ကြ ဆီ သွားကြ ရအောင်''

နတ်စောင်းအဘိုးအိုနှင့် တန်ပိုးထိုက် တို့သည် ဟူတ ဂိုဏ်းချုပ်ကြီးဆီ ခရီးပြင်းနှင်ခဲ့ကြ၏။ ဟူတန်ဂိုဏ်းခ ကြီးသည်စာကိုဖွင့်ဖတ်ပြီး နတ်စောင်းအဘိုးအိုထံမှ အလ သိရသည်။

''အင်း....မိန်းကလေးဟာ အာဂသတ္တိရှင်ပဲ၊ ဒါပေမ ကောင်းကင်နဂါးကို နောက်ဘယ်သူမှ စိန်ခေါ် နိုင မဟုတ်တော့ဘူး''

တန်ပိုးထိုက်သည် နားထောင်သည့်ပရိသတ် ဖြစ်နေ သည်။

ဟူတန်ဂိုဏ်းချုပ်ကြီးက....

''ကောင်းကင်နဂါးကိုတိုက်ဖို့ သူ့ရဲ့ကောင်းတစ်ယော ကို ရှာရတော့မယ်''

နတ်စောင်း အဘိုးအိုက တန်ပိုးထိုက်ကို လှမ်းမေးလို သည်။

''ဒီကိစ္စကို ယူချင်းထန် သိသလား''

တန်ပိုးထိုက်က....

''သူသိသွားပါပြီ''



''မင်း ပြောလိုက်သလား''

''လီဆူရှင်းဟာ သိုင်းလောက ရန်သူပဲ၊ ကောင်းကင် နဂါးဟာ လီဆူရှင်းဆိုတာ လူတိုင်းသိရင် အန္တရာယ်အတိုင်း အတာ ဘယ်လောက်ကြီးမားတယ်ဆိုတာ သိုင်းသမားတိုင်း သိသွားတာပေါ့ခင်ဗျာ''

''ငါက မသိသင့်ဘူးလို့ပြောတာ မဟုတ်ဘူး၊ သူသိသွား သွား ငါသိချင်တာပါ''

''သူ သိသွားပါပြီခင်ဗျာ''

''သူ ဘာပြောသေးသလဲ''

''သူ့ကြည့်ရတာ တော်တော်နာကျင်သွားသလိုပဲ၊ သူ့ မျက်နှာဟာ ချက်ချင်းဖဲ့ မည်းလာတယ်၊ နောက်ပြီး ချာခနဲ လှည့်ထွက်သွားတာပဲ''

''ဘယ်ကို ထွက်သွ[illegible]သလဲ''

''မြို့ပြင် မြောက်ဘက်စူးစူးကိုပါ၊ သူ တစ်နေရာသွား မယ်လို့ ထင်ရတာပဲ''

''အင်း....အခြေအနေ ထူးခြားလာမယ်လို့ ထင်ရတယ်'' နတ်စောင်းအဘိုးအိုက စဉ်းစဉ်းစားစား ပြောလေသည်။

* * *

www.burmeseclassic.com



စိမ့်ကြီးလျှို မြောင် သေလာတောင်ကြီးဖြစ်သည်။

ထိုနေရာ၌ အံ့သူတရာနက်သော ချောက်ကမ်းပါးကြီးများလည်း ရှိသည်။ ထိုချောက်ကြီးထဲသို့ နွယ်ကြိုး တစ်ချောင်းဖြင့် ခိုဆင်းနေသူကား ယူချင်းတန်ပေတည်း။

သူသည်ဆရာဖြစ်သူ တိယန်စင်းထံသို့ ဇွဲနပဲကြီးစွာအရောက်သွားနေခြင်းဖြစ်သည်။

အကွင်းအားမရှိသူ၊ ခြေထောက်မသန်သူ ဖြစ်နေသဖြင့် သူသည်ခက်ခဲစွာ ဆင်းသက်နေရသည်။

သူသည် ဆရာကြီး တိယန်စင်းထံသို့ ပြန်မလာချင်ပေ။ အကြောင်းမှာ သူ့ရှုံးနိမ့်မှုကို မပြောချင်သောကြောင့် ပေတည်း။

ယခုတော့ မပြောချင်သော်လည်း ပြောရပေတော့မည်။ သိုင်းလောက ရန်သူတစ်ဦးအား ဆရာဖြစ်သူ သုတ်သင်စေချင်၍ပင် မဟုတ်ပါလား။

ဤသူရာချောက်ကြီးထဲသို့ ပထမသူ ရောက်ခဲ့စဉ်ကအပေါ်မှ လိမ့်ကျခဲ့ခြင်းဖြစ်၍ ဖြတ်လမ်းနည်းဖြင့် ရောက်သကဲ့သို့ ဖြစ်နေသည်။ ယခုသူဆင်းသည့်နေရာမှာ ဖြတ်သခဲ မဟုတ်ပေ။ အောက်သို့ဆင်းနိုင်ပြီဆိုလျှင် ဆရာကြီးတိယန်စင်းရှိရာ အရပ်သို့ အတော်လျှောက်ရပေဦးမည်။

ဆရာကြီး တိယန်စင်းရှိရာသို့ ကျောက်ချန် ရေစီးသန်သော ချောင်းများနှင့် ကျောက်တုံးကျောက်ခဲများကို ကျော်ရ



သည်။ ထိုခရီးကိုဖြတ်သန်းလာရသော ယူချင်းထန်မှာ လူရုပ် ပေါ်တော့ပေ။

သူသည် ဆရာကြီးထံသို့လျှောက်လာရင်း ဆရာကြီး၏ ဩဝါဒစကားများကို ကြားယောင်မိသည်။ အရက်၊ မိန်းမ နှင့် လောင်းကစားမှုကို ရှောင်ကြဉ်ရန်ပင်။ သူသည်အရက်ကိုလည်း မရှောင်၊ မိန်းမကိုလည်း မရှောင်တော့သည့် သဘောမျိုး သက်ရောက်နေသည်။ မိန်းကလေးကဖိတ်ခေါ်၍ အရက်တိုက်သည့်အတွက် သူယခုအခြေအနေသို့ ရောက်ခဲ့ သည် မဟုတ်ပါလား။

တိယန်စင်းအား အဖြစ်မှန်ကိုပြောပြရမှာတစ်ပါး တခြား နည်းလမ်း မရှိတော့ပေ။ ဆရာကြီးသည် သူ့ဩဝါဒ ပေး သလို အရက်၊ မိန်းမနှင့် လောင်းကစားကို မုန်းတီးလွန်း သူ ဖြစ်သဖြင့် ယူချင်းထန် စိတ်လေးနေခြင်းဖြစ်သည်။

သူ့ဆရာသူ့ကို သဘောကျသည့် အချက်တစ်ချက်တော့ ရှိပေလိမ့်မည်။

ထိုအချက်မှာ သူ့ဆရာ မည်သူဖြစ်သည်ကိုနှုတ်လုံစွာဖြင့် စောင့်ထိန်းခဲ့ခြင်းကိုတည်း။ သူ့ဆရာထံသို့ ခက်ခဲစွာဖြင့် လျှောက်လာခဲ့သည်။

ဆရာကြီးကား မျက်လုံးကိုစုံမှိတ်လျက် အတွင်းအားလေ့ ကျင့်ခန်းများ လေ့ကျင့်နေသည်။ ဆရာကြီးသည် သူ့တပည့်

www.burmeseclassic.com

www.burmeseclassic.com



ယူချင်းထန် ပြန်ရောက်လာသည့်အဖြစ်ကို သိမသိကား မပြော နိုင်ချေ။

အတန်ကြာသောအခါမှ ဆရာကြီးသည် မျက်လုံးစုံဖွင့် ကြည့်လေ၏။

"မင်းခေတာင် ပြန်လာပြီကိုး"

ဆရာကြီးက ယူချင်းထန်အား ခြေဆုံးခေါင်းဆုံးကြည့်၍ ငြိမ်သက်နေလေ၏။

ယူချင်းထန်ပြောမည့် စကားများကို စောင့်စားနေဟန် ရှိလေ၏။

ယူချင်းထန်သည် သူ့အဖြစ်အပျက်များကို ပြောပြရန် အကြိမ်ကြိမ်ကြိုးစားသည်။ စကားလုံးများသည် နှုတ်ခမ်းဝမှ ပျောက်ကွယ်သွားလေ၏။

နောက်ဆုံး....

"ဆရာကြီး"

"ပြော"

"ဆရာကြီး ကျွန်တော်....ကျွန်တော်"

ဆရာကြီးက ငြိမ်သက်စွာ နားထောင်နေလေ၏။

"ကျွန်တော် ပြိုင်ပွဲမှာ ရှုံးခဲ့ပါပြီ ဆရာကြီး"



ယူချင်းထန်သည် လိုရင်းအချက်ကို ပြောပြလိုက်သည်။ ဆရာကြီးသည် အေးစက်မာကျောစွာ ပြောလေ၏။

"မင်း ရှုံးခဲ့တယ်"

"ဟုတ်ကဲ့ပါတယ် ဆရာကြီး"

"ဘာကြောင့် ရှုံးတာလဲ"

ဆရာကြီးက သူ့အား အေးစက်စူးရှစွာ ကြည့်နေသည်။ ယူချင်းထန် လိမ်ညာမပြောဝံ့ပေ။

"ရွှေနဂါး လီဆူရှင်းဆိုတဲ့လူက မသမာတဲ့နည်းနဲ့ ပြိုင်ပွဲမှာ အဆိပ်ခတ်ပြီး တိုက်ခိုက်ခဲ့တဲ့အတွက် ကျွန်တော် ရှုံးခဲ့တာပါ ဆရာကြီး"

"ဘာ"

"ဟုတ်ပါတယ်၊ ကျွန်တော် အဆိပ်မိပြီး ရှုံးနိမ့်ခဲ့ရတာ ပါ ဆရာကြီး"

ယူချင်းထန်သည် အစအဆုံး ပြောပြလိုက်ရလေသည်။ နောက်ဆက်တွဲဖြစ်ရပ်များကိုပါ ပြောပြလိုက်သည်။ ထိုအခါ ဆရာကြီးသည် မျက်နှာထား တင်းမာပြီး ဟိုဟိုသည်သည် သမ်းလျှောက်လေတော့၏။

"မင်းဟာ ငါ့ဘဝကို မီးရှို့တဲ့ကောင်ပဲ"

"ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး၏ အေးစက်စွာ စွပ်စွဲလိုက်သည့် အသံသည် ငယ်ထိပ်မှ ခြေဖျားအထိ ဝင်သွားလေ၏။

"ငါ့ဘဝကို လူမသိသူမသိအောင် တစ်သက်လုံး ဇာတ်မြှုပ်နေခဲ့တယ်၊ ဘယ်သူမှလဲမသိခဲ့ဘူး၊ အခုတော့ သူတို့ဟာ မိုးပြိုလက်သီးပညာ သင်ပေးတဲ့လူကို အစလိုက်ချေတော့မယ်၊ ငါပါ ဒုက္ခရောက်ရတော့မယ်"

ဆရာကြီး တိယန်စင်းသည် စိတ်လှုပ်ရှားစွာဖြင့် စကြံလျှောက်နေတော့၏။

"ဒီကိစ္စဟာ ဆရာကြီးနဲ့ မပတ်သက်လာနိုင်တော့ပါဘူး ခင်ဗျာ"

"ဘာ...မင်းဘာသိသလဲ၊ မိုးပြိုလက်သီးသိုင်းကွက်ကို သတိပြုမိသွားပြီး မင်းဘယ်သူဆိုတာကို စုံစမ်းပြီး ငါ့ဆီ အရောက်လာကြတော့မယ်"

ဆရာကြီး တိယန်စင်း၏ အသံက ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

တိယန်စင်းက...

"ဟူတန်ဂိုဏ်းချုပ်ကြီးနဲ့ တိုင်မေ ဂိုဏ်းချုပ်ကြီးက မင်းကို ဘယ်လိုစုံစမ်းကြသလဲ"

"သူတို့က မိုးပြိုလက်သီး သင်ပေးတဲ့ ဆရာကြီးကို မေးကြပါတယ်"



"မင်းကို ဒီသိုင်းပညာဘယ်သူ သင်ပေးသလဲတဲ့"

"မင်း ဘယ်လို ဖြေလိုက်သလဲ"

"ကျွန်တော့်ကို သင်ပေးတဲ့ဆရာကို ကျွန်တော် လုံးဝ မပြောပြနိုင်ဘူးလို့ ပြောခဲ့ပါတယ်"

"အဲဒီတော့ မင်းကို ဘယ်လို ဆက်ဆံသလဲ"

"ကောင်းကောင်းမွန်မွန်ပဲ ဆက်ဆံပါတယ် ဆရာကြီး၊ ဒါပေမယ့် ကျွန်တော် ဟူတန်ဂိုဏ်းမှာနေရတာ မပျော်တော့ဘူး၊ ဒါကြောင့်ပဲ ဒီဂိုဏ်းက ထွက်ပြေးခဲ့ ပါတယ်"

ယူချင်းထန်သည် အခြေအနေ အားလုံးကို ပြောပြနေလသည်။

"မင်းကို သိုင်းပြိုင်ပွဲလွှတ်မိတာ ငါမှားပြီ"

ဆရာကြီး တိယန်စင်းသည် စိတ်ထိခိုက်စွာ ပြောလိုက်သည်။

ယူချင်းထန်မှာလည်း စိတ်ထိခိုက်သွားသည်။ သူသည် ဒူးထောက်ပြီး တိယန်စင်း၏ ခြေထောက်ကို ဖက်ထားလေသည်။

"ဆရာကြီးရယ် ကျွန်တော်ဟာ ဆရာမရှိဘူး၊ ဆရာ့နာမည်ကို မသိဘူးလို့ပဲ ပြောခဲ့ပါတယ်၊ အဲဒီသစ္စာတော့ မပျက်ခဲ့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး တိယန်စင်းကား ကျောက်တုံး တစ်တုံးပေါ် ထိုင်လျက် ငေးမှိုင်နေ၏။

ယူချင်းထန်သည် ဆရာကြီးရှေ့၌ဒူးထောက် ထိုင်လိုက်သည်။

''ဆရာကြီးရယ် ပြိုင်ပွဲမှာ ကျွန်တော်နိုင်အောင် မယှဉ်ပြိုင်နိုင်တာတော့ ကျွန်တော့် အပြစ်ပါ၊ ကျွန်တော့်ကို အပြစ်ပေးပါဆရာကြီး''

ဆရာကြီးတိယန်စင်းမှာ ယူချင်းထန်အား ဘာမှမပြောတော့ချေ။ ထိုစဉ် သူတို့မြင်ကွင်းသို့ လူနှစ်ယောက်ရောက်လာလေသည်။

ဟူတာန်ဂိုဏ်းချုပ်ကြီးနှင့် တိုင်မေသက်ထောက်ဂိုဏ်းချုပ်တို့ပင်တည်း။

ဆရာကြီး တိယန်စင်းသည် ခေါင်းဆောင် ကြည့်လေ၏။

''မင်းတို့ ဘယ်သူတွေလဲ''

''ကျွန်တော်တို့ ဆရာကြီးကို တွေ့ချင်လွန်းလို့ နောက်ယောင်ခလိုက်ခဲ့ကြတာပါ''

ဆရာကြီး တိယန်စင်းသည် သက်ပြင်းချလိုက်၏။

''ဒါဆိုရင် ငါတို့ပြောနေတဲ့ အကြောင်းစုံကို မင်းတို့ ကြားပြီးရောပေါ့''



''ကြားပြီးပါပြီဆရာကြီးရယ်၊ဒီသူငယ်မှာလဲဘာအပြစ်မှ ရှိပါဘူးဆရာကြီး၊ သူဟာ ရိုးသားဖြောင့်မတ်ပြီး လောကအကြောင်း ဘာမှနားမလည်သေးပါဘူး ဆရာကြီး''

''အင်း....ငါမှားတယ်၊ ငါမှားတယ်''

''ဆရာကြီး ဒီသူငယ်ကို သိုင်းပြိုင်ပွဲ စေလွှတ် လိုက်တဲ့အတွက် မှားတယ်လို့ မပြောပါနဲ့၊ ဒီသူငယ်ဟာ အတတ်နိုင်ဆုံး အရိုးသားဆုံး ဝင်ပြိုင်ပါတယ်၊ သူဟာ ယုတ်မာကောက်ကျစ်တဲ့ ပြိုင်ဘက်တစ်ယောက်ရဲ့ ရက်စက်ယုတ်မာတဲ့ အပြုအမူကို ခံလိုက်ရတာပါ''

ဆရာကြီး တိယန်စင်းသည် သက်ပြင်းတစ်ချက် ချလိုက်သည်။

''မဟုတ်ဘူး၊ ငါပြောတာ ဒါမဟုတ်ဘူး''

''ဘာများပါလိမ့်ဆရာကြီး''

''မင်းတို့မသိတဲ့ အမှားတွေပေါ့ကွယ်''

''ကျွန်တော်တို့သိခွင့်ရှိရင် သိပါရစေ ဆရာကြီးရယ်''

''မင်းတို့ ဘယ်သူဘယ်ဝါတွေ ဆိုတာ ပြောပြပါဦး''

''ကျွန်တော်က ဟူတာန်ဂိုဏ်းချုပ်ကြီးပါ၊ သူက တိုင်မေသက်ထောက် ဂိုဏ်းချုပ်ပါ''

''ဩော်...မင်းက ဟူတာန်ဂိုဏ်းချုပ်ကိုး''

''ဟုတ်ပါတယ် ဆရာကြီးရယ်''

''ဒါဖြင့် မင်းတို့ ဟူတာန်ဂိုဏ်းချုပ် တိယန်စင်းကိုသိကြလား''

www.burmeseclassic.com

www.burmeseclassic.com



''ဗျာ....''

''ဟူတန်ဂိုဏ်းချုပ် တိယန်စင်းကို သိကြသလားလို့ မေးနေတယ်''

''ဂိုဏ်း...ဂိုဏ်းချုပ် တိယန်စင်း သေသွားပါပြီ၊ အဲ တုန်းက တိုင်မေဂိုဏ်းချုပ်ကြီးပါ သေဆုံးခဲ့ပါတယ်၊ အဲ လူသတ်သမားကိုလဲ ကျွန်တော်တို့ ရှာဖွေနေတုန်းပါ''

''ဟား...ဟား....ဟား....မင်းတို့က အဲဒီအတိုင်း ထင် ကြသလား''

''အဲဒီတုန်းက ပဟေဠိနဲ့တူနေလို့ ကျွန်တော်တို့ စဉ်း လို့မရခဲ့ပါဘူး ဆရာကြီး''

ဆရာကြီး တိယန်စင်းသည် ဆွေးမြည့်သော လေသံ ရှင်းလင်းပြောပြလေ၏။

''မဟုတ်ဘူးကွ၊ မင်းတို့သိချင်ရင် ငါပြောလိုက်မ ငါဟာ ဟူတန်ဂိုဏ်းချုပ်ကြီး တိယန်စင်းပဲ''

ဟူတန်ဂိုဏ်းချုပ်ကြီးနှင့် တိုင်မေလက်ထောက်ဂိုဏ်း ကြီးတို့သည် ဂိုဏ်းချုပ်ကြီး တိယန်စင်း၏ ရှေ့၌ ဒူးထော ထိုင်လိုက်ကြသည်။

''ဂိုဏ်းချုပ်ကြီးခင်ဗျာ၊ ကျွန်တော်တို့ ဂါရဝပြု တယ်''

''ဂိုဏ်းချုပ်ကြီးရှင့် ကျွန်မလဲ ဂါရဝပြုပါတယ်''



သူတို့သည် အရိုအသေပေး ဂါရဝစကား ပြောကြား လိုက်သည်။

''အေး....မင်းတို့ကို အဲဒီတုန်းက အဖြစ်အပျက်ကို ပြော ပြရမယ်၊ ပထမဆုံး မိုးပြိုလက်သီးသိုင်းကွက်ဟာ ငါ့ခေါင်း ထဲကို ဘယ်လိုစရောက်လာတယ်ဆိုတာက စပြီး ငါပြောပြ မယ် အဖြစ်က ဒီလိုကွယ့်''

ဂိုဏ်းချုပ်ကြီး တိယန်စင်းသည် သူ့အခြေအနေကို ပြန် ပြောင်း ပြောပြလေ၏။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

### ဘဝလမ်းမှန် ပြန်ရှင်သန်

ဟူတန်ဂိုဏ်းချုပ်ကြီး တိတန်စင်းသည် ဥာဏ်ပညာထက်မြက်သူတစ်ယောက် ဖြစ်၏။ တိုက်ကွက်များကို တီထွင်နိုင်သူဖြစ်သည်။

သူသည် ယခုတလော အိပ်မက်တစ်ခုကို ခဏခဏ မြင်မက်သည်။

ထိုအိပ်မက်ကား ခေါင်းတလားတစ်လုံးထဲ အိပ်စက်နေသော မုတ်ဆိတ်ရှည်နှင့်အဘိုးကြီးသည် အိပ်ရာမှ ထလာပြီး သူ့အား သိုင်းကစားပြခြင်းတည်း။



ထိုသိုင်းကွက်များကို စိတ်ဝင်စားနေသည်။

ထိုသိုင်းကွက်များကို သူ မြင်နေရသည်။

သူသည် သိုင်းကွက်များကို မကြာခဏ မြင်နေရသဖြင့် သိုင်းကွက်များကို လေ့ကျင့်ရန် ဆုံးဖြတ်လိုက်လေသည်။ သူသည် မကြာမီ ထိုသိုင်းကွက်များကို လေ့ကျင့်တော့၏။ သိုင်းကွက်များက မိုးပြိုလက်သီးသိုင်းကွက်ပေတည်း။

သူသည် ထိုသိုင်းကွက်ကို အကြိမ်ကြိမ်အဖန်ဖန် လေ့ကျင့်တော့၏။

ထိုအခါ မိုးပြိုလက်သီးသိုင်းကွက်ကို သူ တတ်မြောက်သတော့၏။

သူသည် တိုင်မေဂိုဏ်းချုပ်ကြီးကို ဖိတ်ခေါ်လိုက်သည်။ ဖိတ်ခေါ်သည့်အကြောင်းမှာ အခြားမဟုတ်ပေ။ မိုးပြိုလက်သီးသိုင်းကွက်ကို ထုတ်ဖော်ပြသရန်ပေတည်း။

တိုင်မေဂိုဏ်းချုပ်ကြီး ရောက်လာသောအခါ သိုင်းပညာ လှယ်ကြ၏။

တစ်ချက်တွင် မိုးပြိုလက်သီးဖြင့် ထိုးမိ၏။ တိုင်မေဂိုဏ်းချုပ်ကြီးမှာ ထိုထိုးချက်ကိုရှောင်တိမ်းရန် အချိန်မရသဖြင့် ခံတိုက်ခုခံလိုက်ရသည်။

www.burmeseclassic.com



ထိုလက်သီးချက်ဖြင့် တိုင်မေဂိုဏ်းချုပ် ဒဏ်ရာရပြီး ... သေဆုံးသွားသည်။

တိုင်မေဂိုဏ်းချုပ်ကြီးသည် ပညာဖယ်ရှင်း ထိုသို့ ... ရသဖြင့် ဟူတန်ဂိုဏ်းချုပ်ကြီး တိုသန်စင်းကို အပြစ်မယူ ... သို့သော် သူမ သေဆုံးသွားသည်။

"အဲဒါ တကယ့်အဖြစ်အပျက်ပါပဲကွာ၊ မင်းတို့ပဲ ... စားကြည့်၊ ငါ့အနေနဲ့ အဖြစ်မှန်ကို ဘယ်လိုရှင်းပြရ ... ငါရှင်းပြလို့ကော တိုင်မေဂိုဏ်းက သူမလား၊ တိုင်မေ ... နဲ့ ဟူတန်ဂိုဏ်း သွေးချောင်းစီးတိုက်ပွဲတွေ ဖြစ်တော့မှာ ..."

တိုင်မေလက်ထောက်ဂိုဏ်းချုပ်ကြီးက...

"မဟုတ်တာဘဲ ဂိုဏ်းချုပ်ကြီးရယ်၊ ဂိုဏ်းချုပ်ကြီး ... သစ္စာသမာဓိကို တိုင်မေဂိုဏ်းဟာ သံသယရှိယုံကြည်ထားတ ... ဂိုဏ်းချုပ်ကြီးရှင်းပြရင် အဲဒီအချိန်က တိုင်မေဂိုဏ်း ... ယုံကြည်ကြမှာပါ"

"မသေချာဘူးလေ၊ တိုင်မေဂိုဏ်း ယုံကြည်မယ်လို့ ... သေသေချာချာ မသိဘူး၊ ဒီတော့ ငါ့အနေနဲ့ ကြ... တော့တာပေါ့...

"အလောင်းတစ်လောင်းကိုရှာ၊ ငါ့အင်္ကျီတွေဝတ် ... မျက်နှာကိုဖျက်ဆီးပြီး အဲဒီနေရာမှာ ထားပစ်ခဲ့ရတယ် ...



... တော့ ဒီချောက်ထဲမှာ ဓာတ်မြှုပ်နေရတော့တာပေါ့ ...

"ရည်ရွယ်ချက်ကတော့ ဟူတန်ဂိုဏ်းနဲ့ တိုင်မေဂိုဏ်း ... သွေးချောင်းစီးတိုက်ပွဲတွေ မဖြစ်စေချင်လို့ပါပဲ"

ဟူတန်ဂိုဏ်းချုပ်ကြီးက...

"အဲဒါ ဂိုဏ်းချုပ်ကြီးရဲ့ စေတနာမှန်ကို သိရဘာပဲ ... အခု ကျွန်တော်တို့မြင်ဘာလာလဲ ဂိုဏ်းချုပ်ကြီးဟာ ... ချောက်ကြီးထဲမှာ အချိန်များစွာကို ကုန်ဆုံးစေခဲ့တယ်ဆို ... ပဲ၊ ဂိုဏ်းချုပ်ကြီးဟာ တကယ်မှန်ကန်တဲ့ ပုဂ္ဂိုလ်ကြီးဆို ... တိုင်မေလက်ထောက် ဂိုဏ်းချုပ်ကြီးလဲ မြင်တွေ့သွား ... ဂိုဏ်းချုပ်ကြီးရယ်"

တိုင်မေ လက်ထောက်ဂိုဏ်းချုပ်ကြီးက ပျာပျာသလဲ ... သည်။

"ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီးရယ်၊ တိုင်မေဂိုဏ်းချုပ် ... နဲ့ ဂိုဏ်းသားတွေကို ရှင်းပြပါမယ်၊ ဂိုဏ်းသားတွေက ယုံကြည်ကြမှာပါ"

ဟူတန်ဂိုဏ်းချုပ်ကြီးက....

"ဂိုဏ်းချုပ်ကြီးကို ကျွန်တော် နားလည်ပါတယ် ... ဗျာ၊ ဂိုဏ်းချုပ်ကြီးအပေါ် ကျွန်တော်တို့ လုံးဝယုံကြည် ... ကြောင်းသိပါတယ်ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်ကြီး တိယန်စင်းက....

"ကဲ...ကဲ...မင်းတို့ သဘောပေါက်နားလည်တဲ့အတွ
ငါ ဝမ်းသာပါတယ်၊ မင်းတို့လဲ ပြန်ချိန်တန်ပြီ ပြန်ဖို့ပြ
ဆင်ကြပေတော့"

ဟူတန်ဂိုဏ်းချုပ်ကြီးက....

"ဟာ...ကျွန်တော်တို့ချည်း ပြန်လို့ ဘယ်ဖြစ်မလဲ၊ ဂိုဏ်း
ချုပ်ကြီးပါ တစ်ပါတည်း လိုက်ခဲ့ပါ၊ ကျွန်တော်တို့ အာ
လုံး ဟူတန်ဂိုဏ်းကို ပြန်ကြတာပေါ့"

တိယန်စင်းက ခါးခါးသီးသီး ငြင်းသည်။

"ဟာ...မဖြစ်ဘူး ငါမလိုက်နိုင်ဘူး၊ မလိုက်ချင်ဘူး"

ဟူတန်ဂိုဏ်းချုပ်ကြီးက....

"မဟုတ်ပါဘူး ဂိုဏ်းချုပ်ကြီးရယ်၊ သိုင်းလောက
အန္တရာယ်တစ်ခု ပေါ်နေပါတယ်၊ အဲဒါကတော့ ကော
ကင် နဂါးရဲ့ ရန်စွယ်ပါပဲ၊ သူဟာ သိုင်းသမားတွေ
တစ်ယောက်ပြီးတစ်ယောက် လိုက်သတ်နေပါတယ်၊ သူ့
သိုင်းလောကက ကြောက်နေရပါတယ်၊ ဒါကြောင့် မိုး
လက်သီးသိုင်းပညာရှင်ကိုရှာရင်း မမျှော်လင့်ဘဲနဲ့ ဂိုဏ်းချု
ကြီးကို တွေ့ရတာပါ၊ လိုက်ခဲ့ပါ ဂိုဏ်းချုပ်ကြီးရယ်"

တိယန်စင်းက ခေါင်းကို တွင်တွင်ခါယမ်း၏။



"ငါ လုံးဝ မလိုက်နိုင်ဘူး"

"ဗျာ...."

"ငါဟာ သေဆုံးသွားပြီဖြစ်တဲ့ လူတစ်ယောက်ကွ၊ ငါ
တာ သိုင်းလောကထဲက ထွက်ခွာခဲ့တာ အတော်ကြာပြီ၊
အဲဒီတော့ ငါဟာ သေလူပါကွာ"

"ဒီလိုလဲ မဟုတ်သေးပါဘူး ဂိုဏ်းချုပ်ကြီးရယ်၊ ဂိုဏ်း
ချုပ်ကြီးသေလူအဖြစ် သတ်မှတ်ထားတဲ့ ရက်တွေဟာ ကျော်
လွန်ခဲ့ပါပြီ၊ ဂိုဏ်းချုပ်ကြီးကိုလဲ ဟူတန်ဂိုဏ်းကရော တိုင်မေ
ဂိုဏ်းကပါ ယုံကြည်နားလည်လာအောင် ကျွန်တော်တို့
တာဝန်ယူပြီး ရှင်းပြပါ့မယ်၊ အခုဟာကလဲ အပြစ်မဲ့ပြီး
အသတ်ခံနေရတဲ့ သိုင်းသမားတွေအတွက် ငဲ့ညှာဖို့ ကျွန်
တော် ပြောတာပါ"

ဟူတန်ဂိုဏ်းချုပ်ကြီးက တောင်းပန်လိုက်၏။ တိုင်မေ
ဂိုဏ်း လက်ထောက်ဂိုဏ်းချုပ်ကလည်း....

"ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီးရှင့်၊ ကောင်းကင်နဂါး
ဆိုတာ အင်မတန်ဆိုးသွမ်းတဲ့လူပါပဲ၊ သူ့ကို ဂိုဏ်းချုပ်ကြီး
သီးမှ ဖြစ်မှာပါ၊ အခု သူဟာ လက်ရှိ ဂိုဏ်းချုပ်ကြီးတွေ
သိုင်းပညာအားလုံး စုပေါင်းရေးသားထားတဲ့ သိုင်း
ကျမ်းကိုရထားလို့ လက်ရှိဂိုဏ်းချုပ်တွေနှိမ်နှင်းဖို့ ခက်ခဲ
နေပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



''မိုးပြိုလက်သီး သိုင်းကွက်ကတော့ အဲဒီသိုင်းကျမ်းမှာ မပါပါဘူး၊ ဒါကြောင့် ဂိုဏ်းချုပ်ကြီးအနေနဲ့ မိုးပြိုလက်သီးသိုင်းကွက်ကို အသုံးပြုပြီး ကောင်းကင်နဂါးကို အနိုင်ယူနိုင်ပါတယ်၊ ဒါကြောင့်မို့ ဂိုဏ်းချုပ်ကြီးကိုပါ အပါ ခေါ်ရတာပါရှင်''

ဂိုဏ်းချုပ်ကြီးနှစ်ဦးက လိုက်လျှောစွာ ပြောဆိုတောင်းပန်ကြသောအခါ ဂိုဏ်းချုပ်ကြီးတိယန်ဝေး ငိုင်သွားသည်။

''ဟုတ်ပါတယ် ဆရာကြီး၊ ကောင်းကင်နဂါးဆိုတာ တကယ်ဆိုးသွမ်းယုတ်မာတဲ့ သိုင်းသမားပါ၊ ဆရာကြီး လိုက်သင့်ပါတယ်ခင်ဗျား''

ယူချင်းထန်က ကြားမှ ဖြတ်ဝင်၍ တိုက်တွန်းလိုက်၏။

ဆရာကြီး တိယန်ဝေးက စဉ်းစားနေဆဲ။ သူသည် ဤချောက်ကြီးထဲ၌ သူ့ဘဝကို မြှုပ်နှံတော့မည်ဟု ရည်ရွယ်ထားခဲ့၏။

ယခုတော့ အခြေအနေက တစ်မျိုးပြောင်းသွားပေပြီ။

ဟူတန်ဂိုဏ်းချုပ်ကြီးနှင့် တိုင်မေလက်ထောက်ဂိုဏ်းချုပ်တို့သည် သူ့အဖြစ်ကို တကယ်စာနာ နားလည်သွားခဲ့ကြသည်။

ထို့ပြင် တစ်ချက် စဉ်းစားရသည်မှာ ကောင်းကင်နဂါးဆိုသူကိုတည်း။



သိုင်းလောကက လူဆိုး ကောင်းကင်နဂါးကို နှိမ်နင်းရဦးမည်။ သူ နှိမ်နင်းနိုင်ပါမည်လော။

''ငါ ဒီတစ်ညစဉ်းစားဦးမယ်၊ မင်းတို့လဲ ဒီတစ်ညတော့ ဒီချောက်ထဲက ဂူထဲမှာပဲ နားနေကြပေါ့''

ဟူတန်ဂိုဏ်းချုပ်နှင့် တိုင်ခမလက်ထောက် ဂိုဏ်းချုပ်တို့သည် ခေါင်းညိတ်လိုက်ကြရလေ၏။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

### ဆရာ့ အကြံအစည်

ဟူတန်ဂိုဏ်းချုပ်ကြီး၊ တိုင်မေလက်ထောက် ဂိုဏ်းချုပ်ကြီးနှင့် ယူချင်းထန်တို့မှာ ချောက်ကမ်းပါးထဲရှိ ကျောက်ဂူတစ်ခုထဲတွင် အိပ်စက်ကြရသည်။

ဟူတန်ဂိုဏ်းချုပ်နှင့် တိုင်မေလက်ထောက် ဂိုဏ်းချုပ်တို့သည် မအိပ်ကြချေ။ သူတို့သည် ဂိုဏ်းချုပ်ကြီး တိယန်စင်းအား အပါခေါ်ရန် စဉ်းစားတိုင်ပင်နေကြသည်။

ယူချင်းထန်ကလည်း အိမ်မပျော်ပါ။ သူ့ဆရာကြီး မြေပြန့်သို့ လိုက်ပါရေး မပါရေးမှာ သူ့အတွက် အရေးပါ



ဟုပါသည်။ ဆရာကြီး မြေပြန့်သို့ မလိုက်ဘူးဆိုလျှင် သူ့ဘဝကား စုံးစုံးမြုပ်ပြီဖြစ်၏။

တိုင်မေလက်ထောက် ဂိုဏ်းချုပ်ကြီးက...

“ဂိုဏ်းချုပ်ကြီးလိုက်မှလိုက်ပါ့မလား မသိဘူး”

ဟူတန်ဂိုဏ်းချုပ်ကြီးက...

“လိုက်မှာပါဗျာ၊ ဘာမှမပူပါနဲ့၊ ဆရာကြီးဟာ သိုင်းပညာ မြတ်နိုးတဲ့လူပါ၊ သိုင်းလောက ဘေးအန္တရာယ် ကျရောက်နေတယ်ဆိုတာ သိနေလို့ သူဟာ မုချလိုက်မှာပါ၊ ဒီပြဿနာကို သူ ရှင်းမှပြေလည်မယ်ဆိုတာကို သူစဉ်းစားမှာပါ”

ဤသို့ဖြင့် ညချိန်ကုန်ဆုံးခဲ့ရသည်။ မိုးစင်စင် လင်းချေပြီ။

သူတို့ကလည်း ဆရာကြီး၏ ဂူသို့အသွား ဆရာကြီးကလည်း သူတို့ဂူသို့လာ လမ်းတွင် ဆုံမိကြလေသည်။

“ဂိုဏ်းချုပ်ကြီး...ဘယ်လိုများ ဆုံးဖြတ်ပါသလဲ ခင်ဗျာ”

ဟူတန်ဂိုဏ်းချုပ်ကြီးက ဂါရဝပြုရင်း အလျှင်ဦးအောင် မေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



တိယန်စင်းက....

"အင်း....ငါ ကောင်းကင်နဂါးကို နှိမ်နင်းပေးဖို့တော့ သဘောတူတယ်၊ ဒါပေမယ့် ငါ မင်းတို့နဲ့တော့ မလိုက်နိုင်ဘူး၊ မကြာခင်အချိန်အတောအတွင်းမှာ ငါ ဟူတန်ဂိုဏ်းကို အရောက်လာခဲ့မယ်"

ထိုအခါ ဟူတန်ဂိုဏ်းချုပ်၊ တိုင်မေဂိုဏ်း လက်ထောက်ဂိုဏ်းချုပ်နှင့် ယူချင်းထန်တို့မှာ အလွန် ဝမ်းသာသွားကြသည်။

"ဝမ်းသာလိုက်တာ ဆရာကြီးရယ်၊ ကျွန်တော်တို့ စိတ်ချလက်ချ စောင့်ပါ့မယ်"

"ငါလာမယ်ဆိုရင် လာခဲ့မှာပဲ၊ ဘာစိတ်မချစရာရှိလို့ ပြောနေတာလဲ၊ ကဲ...မင်းတို့နှစ်ယောက် ပြန်ကြတော့၊ ဒီချောက်ထဲမှာ အလကား အချိန်တွေ မကုန်စေချင်ဘူး"

ဟူတန်ဂိုဏ်းချုပ်နှင့် တိုင်မေ လက်ထောက်ဂိုဏ်းချုပ်တို့သည် တိယန်စင်းအား ဂါရဝပြုကြ၏။ ထို့နောက် ယူချင်းထန်အား နှုတ်ဆက်၍ ချောက်ထဲမှ ထွက်ခွာသွားကြတော့သည်။

တိယန်စင်းနှင့်ယူချင်းထန်တို့ ကျန်ရစ်သောအခါ တိယန်စင်းသည် ယူချင်းထန်အား ကြင်နာစွာ ကြည့်လေ၏။



"ယူချင်းထန်.... မင်း....နဂါးအဆိပ် မိလာတယ် ဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီး၊ ကျွန်တော် ခြေနှစ်ချောင်းလုံး မသန်တော့ဘူး၊ တောင်ဝှေးအသုံးပြုရတာ ကြည့်ပါတော့ ဆရာကြီးရယ်"

ဆရာကြီးသည် သူ၏ဆေးတစ်သက်ဖြင့် ယူချင်းထန်အား ကုသပေး၏။ ယူချင်းထန်မှာ လူကောင်းပကတိ ပြန်မဖြစ်ချေ။ ပြင်းထန်လွန်းသော နဂါးအဆိပ်က သူ့ခြေထောက်များအား ဒုက္ခပေးနေသည်။

ဆရာကြီး တိယန်စင်းသည် ယူချင်းထန်အား ကြည့်၍ သက်ပြင်းချမိလေ၏။

ယူချင်းထန်က....

"ဆရာကြီး....ကျွန်တော့်ကို ပျောက်အောင် မကုနိုင်တော့ဘူးလားဟင်"

ဆရာကြီး တိယန်စင်းသည် ဖြည်းညင်းစွာ ခေါင်းခါလေသည်။

"နဂါးအဆိပ်ဆိုတာ အပြင်းထန်ဆုံး အဆိပ်ပေါ့ကွာ၊ နဂါးအဆိပ်မိတဲ့လူဟာ ဘယ်လွယ်လွယ်နဲ့ ပျောက်မလဲ။ ပျောက်နိုင်ပါဘူး၊ ဖြည်းဖြည်းတော့ သက်သာမှာပေါ့ကွယ်"

www.burmeseclassic.com



ယွန်းချင်းထန်က....

"ဆရာကြီး....ကျွန်တော် သမားတော်ကြီးတစ်ယောက်ဆီ သွားပြီး ပြသဖူးတယ်"

"အဲဒီ သမားတော်ကြီးက ဘာပြောသလဲ"

"ဒီဝေဒနာမျိုးဟာ ခြောက်လ အလွန်ဆုံး ကိုးလကြာရင် တစ်ကိုယ်လုံး အကြောတွေဆိုင်းပြီး ခြေတွေလက်တွေ ဖြတ်ပစ်ရလောက်အောင် တစ်ကိုယ်လုံး ကိုက်ခဲလာလိမ့်မယ်လို့ ပြောပါတယ် ဆရာကြီး"

တီယန်စင်းသည် စိတ်မကောင်းခြင်း ကြီးစွာ ဖြစ်သွားလေသည်။

အမှန်တော့ ယွန်းချင်းထန်ပြောသည့်အတိုင်း ဖြစ်သည်။

ယခုအချိန်၌ ယွန်းချင်းထန် လိုအပ်သည့်အရာမှာ အားပေးမှု ဖြစ်သည်။

စိတ်ဓာတ်ရေးရာအရ အားပေးခြင်းသည်သာ သိရောက်သော အကူအညီ ဖြစ်လိမ့်မည်။ ထိုအချက်ကို ဆရာကြီး သိသည်။

ယွန်းချင်းထန် ခံစားနေရသော ဝေဒနာကို စိတ်ဓာတ်ကြံ့ခိုင်မှုနှင့် ကျော်ခံထားပေးရပေမည်။



အကယ်၍စိတ်ဓာတ်ရေးရာအရအားမပေးနိုင်ဟု ဆိုလျှင် ချင်းထန် ဗုန်းဗုန်းလဲကျသွားပေလိမ့်မည်။

"မင်း ဘာမှမပူပါနဲ့ကွာ၊ သေသောသူကြာရင် မေ့ ...ောက်သောသူ ရှာရင်တွေ့တဲ့ကွ၊ နဂါးအဆိပ်ဖြေဆေး ...တာ ခက်ခဲတဲ့ဆေး ဟုတ်ပါဘူးကွာ၊ ငါ ကိုယ်တိုင် ...င်းကို ရှာပေးပါ့မယ်ကွာ"

ယွန်းချင်းထန် အားတက်သွားသည်။ ဤအချက်သည် ယွန်းချင်း ...န် လိုအပ်သည်။

* * *

"နဂါးအဆိပ်ဖြေဆေး ဘယ်မှာရှိသလဲ ဆရာကြီး"

"နဂါးအဆိပ်ပင်ရှိတဲ့ အရှေ့ကျွန်းမှာပေါ့ကွာ၊ အဲဒီ ...ဆိပ်ပင်ဟာ တစ်နှစ်မှာ အသီးတစ်လုံးသာသီးပြီး အဲဒီ ...သီးက အဆိပ်ရော အဆိပ်ဖြေဆေးပါ ထုတ်နိုင်တဲ့ အာနိ ...င် ရှိတယ်ကွ"

တီယန်စင်းက ဆက်ပြောလေ၏။

"အဲဒီအပင် ဘယ်မှာဆိုတာလဲငါသိထားပါတယ်ကွာ"

www.burmeseclassic.com

www.burmeseclassic.com



ယူချင်းထန် အလွန်အားတက်သွားရသည်။

သူ့အဖို့ မျှော်လင့်ချက်ရှိသေးသည် မဟုတ်ပါလော။ ဒု... ဖြစ် မရှိုးသေး။

သူသည် ဆရာကြီး၏ အလွန်အားကိုးယုံကြည်သည်။ ဆရာကြီးသည် သူ့အတွက် အဆိပ်ဖြေဆေးကို မုချရှာပေးနိုင်လိမ့်မည်။

''ကဲ...ကဲ...မင်း အနားယူလိုက်ဦး၊ မိုးပြိုလက်သီးသိုင်းကွက်ကို ငါလေ့ကျင့်လိုက်ဦးမယ်''

ဆရာကြီး လေ့ကျင့်သည်ဆိုသည်မှာ မိုးပြိုလက်သီးသိုင်းကွက်ကို ကစားခြင်းသာဖြစ်ပါသည်။

သူသည် မိုးပြိုလက်သီးသိုင်းကွက်ကို ကစားရင်း အတိတ်ဘဝကို ပြန်သတိရလာမိသည်။

သူ၏မိုးပြိုလက်သီးကြောင့် တိုင်ဝမ်ဂိုဏ်းချုပ် ကွယ်လွန်ခဲ့ရသည် မဟုတ်ပါလော။

သူလည်း သိုင်းလောကမှ ထွက်ပြေးခဲ့ရသည် မဟုတ်ပါလော။

ယခု မိုးပြိုလက်သီးသည် သူ့တပည့် ယူချင်းထန်ကို သိုင်းလောကမှ ဆွဲထုတ်နေပြန်သည်။

ယူချင်းထန်သည် ဒုက္ခိတအဖြစ်နှင့် သိုင်းလောကမှ ထွက်ရမည့်ကဲ့သို့ ဖြစ်နေသည်မဟုတ်ပါလော။



ယူချင်းထန်သည် ဆရာဖြစ်သူ၏ လှုပ်ရှားမှုကို အဝေးမှ ကြည့်နေသည်။

မိုးပြိုလက်သီး၏ သိုင်းကွက်ကို အလျင်မြန်ဆုံး၊ အသွက်လက်ဆုံး ကစားနိုင်သူမှာ ဆရာကြီးတစ်ယောက်သာရှိသည်။ ဒုတိယကစားနိုင်သူမှာ သူဖြစ်သည်။

သူသည် ဒုက္ခိတဖြစ်နေလေပြီ။

မိုးပြိုလက်သီးသိုင်းကွက်နှင့် လုံးဝမပတ်သက်သလိုရှိနေသည်။

ယခု မိုးပြိုလက်သီးသိုင်းကွက်ဖြင့် ဆရာကြီးသည် ကောင်းကင်နဂါးကို နှိမ်နင်းပေလိမ့်မည်။

သူသည် ဆရာကြီး လှုပ်ရှားနေသည်ကို ကြည့်ပြီး သူ့ဝေဒနာကို မေ့နေသည်။

* * *

ဆရာကြီးအနီးသို့ ယူချင်းထန် လျှောက်လာသည်။

''ဆရာကြီး....မိုးပြိုလက်သီးသိုင်းကွက်ကိုဆရာကြီးကစားတာဟာ သိပ်မာန်ပါတာပဲနော်''

တိယန်စင်းသည် သိုင်းကစားခြင်းကို ရပ်ဆိုင်းလိုက်၏။

''အဲဒီမာန်ပါမှ သိုင်းကွက် မှန်တာကွ၊ မာန်မပါရင် သိုင်းကွက်မမှန်ဘူး၊ မိုးပြိုလက်သီးသိုင်းကွက်ကို ထိရောက်စေချင်ရင် မာန်ပါစေရမယ်''

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးက ဆက်ပြော၏။

''မင်းလဲ မှတ်ထား၊ ဒီသိုင်းကွက်ကို မာန်ပါပါ ကစားရတယ်၊ သိုင်းပြိုင်တဲ့အခါ မာန်ပါရင် မင်းကို ပြိုင်ဘက်က လုံးဝမနိုင်တော့ဘူးမှတ်''

''ဆရာကြီး ဘယ်တော့လောက် မြေပြန့်ကို တက်မလဲ ဆရာကြီး''

''နက်ဖြန်လောက်တက်မယ်''

''ဟူတန်ဂိုကျားကို သွားမှာပေါ့နော်''

''မဟုတ်ဘူးကွ၊ ဟူတန်ဂိုအကျားကို မသွားဘူး၊ အရှေ့ကျွန်းကို သွားမှာ၊ ဟိုမှာ နဂါးအဆိပ်ဖြေဆေး ဘောင်းရမယ်လေ၊ အဲဒီဆေးရရင် ကောင်းကင်နဂါးကို ငါကိုယ်တိုင် ဆုံးမဖို့ မလိုတော့ဘူးကွာ''

''ဟာ်....ဆရာကြီး''

''ဟုတ်တယ်လေ၊နဂါးအဆိပ်ဖြေဆေးရရင် မင်း အဆိပ်ပြေပြီပေါ့၊ အဆိပ်ပြေရင် မင်း မိုးပျံလက်သီးသိုင်းကိုကစားလို့ရပြီ၊ ကစားလို့ရရင် ကောင်းကင်နဂါးကို မင်း တိုက်ခိုက်နိုင်ပြီပေါ့''

''ဟုတ်တော့ ဟုဘ်ပါတယ် ဆရာကြီးရယ်၊ ဆရာကြီး အရှေ့ကျွန်းကိုသွားလို့ အဆင်ပြေပါ့မလား''

''ဟား....ဟား...ဟား....ဟူတန်ဂိုကျားချုပ်ကြီးတိယန်စင်းပါကွ၊ ငါလုပ်လို့ အဆင်မပြေတဲ့အခါ မရှိသူး၊ အမြဲတမ်းအဆင်ပြေတယ်....



''ငါ မြေပြန့်ကိုတက်မယ်၊ မင်းလဲ မြေပြန့်ကို တက်မေတာ့၊ ငါ အဆိပ်ဖြေဆေးရရင် မင်းဆီကိုလာခဲ့မယ်၊ ဘယ်ကိုလာရမယ် မချိန်းနဲ့၊ မင်းရှိတဲ့နေရာကို ငါ ရောက်လာရမှာပေါ့ကွာ''

ဆရာကြီးသည် ယူချင်းထန်ကိုခေါ်ယူကာ ဂူအတွင်းသို့ ဝင်ခဲ့လေတော့၏။

မနက်ဖြန် ဆရာကြီး ခရီးထွက်မည်။ ယူချင်းထန်လည်း ခရီးဆက်ရမည်။

ရည်မှန်းချက်ပန်းတိုင် မရှိပေ။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

### အချည်းအနှီးကြိုးပမ်းချက်

ဆရာကြီး တိယန်စင်းသည် အရှေ့ကျွန်းသို့ ရောက်ရှိ[illegible]
သည်။

သူသည် အရှေ့ကျွန်းသခင်ကြီး၏ စံအိမ်ရှေ့သို့ [illegible]
သောအခါ အစောင့်များက တားဆီးကြ၏။

"ငါ မင်းတို့သခင်ကြီးနဲ့ တွေ့ချင်လို့လာခဲ့တာပဲ"

"ဒီလိုဆိုရင် အထဲကိုကြွပါ"

မုတ်ဆိတ် ပါးမြိုင်းမွေးရှည်ကြီးနှင့် အလွန်ခန့်ညား[illegible]
ဆရာကြီးတိယန်စင်းကို အစောင့်များက မလေးမစား[illegible]
ရှိပါပေ။



ဆရာကြီးတိယန်စင်းသည် ဧည့်ခန်းထဲသို့ ဝင်ရောက်သွား
[illegible]၏။

ခန်းမကြီးထဲ၌ ဆရာကြီး တိယန်စင်းတစ်ယောက်သာ ရှိ
[illegible]၏။

သူသည် အရှေ့ကျွန်းသခင်ကြီးထံမှ နဂါးအဆိပ်ဖြေဆေး
[illegible]ဆောင်းမည်။

မေတ္တာခရုပ်ခံမည်ဟု အကြံရှိသည်။

အရှေ့ကျွန်းသခင်ကြီး၏ ဧည့်ခန်းမထဲတွင် နဂါးရုပ်တု
[illegible]ကြီး တစ်ချပ်ရှိ၏။

အလွန်ကြီးမားခံ့ညားသည်။

ရွှေနဂါးဂိုဏ်း၏သြဇာ အရှေ့ကျွန်း၌ လွှမ်းမိုးထား
[illegible]ကြောင်း သက်သေပြနေသကဲ့သို့ရှိလေ၏။

ဆရာကြီးတိယန်စင်းသည် အရှေ့ကျွန်းသခင်ကြီး၏စံအိမ်
[illegible] ရောက်ခဲ့သော်လည်း အရှေ့ကျွန်းသခင်ကြီးကို မမြင်
[illegible]ချေ။

အရှေ့ကျွန်းသခင်ကြီးကလည်း သူ့ကို တွေ့သော်လည်း
[illegible]သူမည်ဝါမှန်း သိမည်မဟုတ်ချေ။

ဆရာကြီးသည် ဧည့်ခန်းကို လှည့်ပတ်ကြည့်ရှုပြီးနောက်
[illegible]ခရင်းကိစ္စ အောင်မြင်ရေးကိုသာ စဉ်းစားနေလေ၏။

www.burmeseclassic.com

"ကျွဲ"

ကျွန်းတံခါးကြီးပွင့်သွားသံကို ကြားလိုက်ရသည်။ ဆရာကြီး တိယန်စင်းသည် လှည့်ကြည့်လိုက်၏။

ရွှေရောင် ပိုးဖဲအင်္ကျီကို ဝတ်ဆင်ထားသည့် အရှေ့ကျွန်း သခင်ကြီးသည် သူ့ထံသို့ လျှောက်လာနေသည်ကို တွေ့ရလေသည်။

သူ့နောက်ပါးတွင် ဝတ်ကောင်းစားလှဖြင့် တပည့်နှစ်ဦး ပါလာသည်။

သူတို့နှစ်ဦးသည် တစ်ဦးကိုတစ်ဦး ဂါရဝ ပြုလိုက်ကြလေသည်။

"ထိုင်ပါ မိတ်ဆွေကြီး"

ဆရာကြီး တိယန်စင်းသည် ထိုင်လိုက်လေ၏။

အရှေ့ကျွန်း သခင်ကြီးက....

"မိတ်ဆွေကြီး ဘာကိစ္စနဲ့ လာတာလဲ"

"နဂါးအဆိပ်ဖြေဆေးတောင်းဖို့ ကိစ္စပါ"

အရှေ့ကျွန်းသခင်ကြီးသည် ကွက်ခနဲ မျက်နှာပျက်သွားသည်။



"ဒါဆိုရင်တော့ ကျုပ်ဘယ်လိုမှ မကူညီနိုင် ပါဘူး၊ သာရာလမ်းအတိုင်း ပြန်ပါတော့လို့ပဲ ပြောချင်ပါတယ်"

ဆရာကြီး တိယန်စင်းသည် အေးစက်စွာ ပြောလိုက်၏။

"ခင်ဗျားသားလီဆူရှင်းကိုယ်တိုင်ကျုပ်တပည့်ကိုမသမာတဲ့နည်းနဲ့ အနိုင်ယူသွားခဲ့တယ်၊ ဒီကိစ္စကို ဖြေရှင်းဖို့ခင်ဗျားမှာ တာဝန်အရှိဆုံး မဟုတ်လား"

ဆရာကြီးသည် အရှေ့ကျွန်း သခင်ကြီး၏ စံအိမ်တော်အတွင်း ရောက်နေသော်လည်း ဂရုမစိုက်ပေ။

အရှေ့ကျွန်း သခင်ကြီးက....

"ကျုပ်မှာ တာဝန်မရှိဘူး၊ သိလဲ မသိဘူး၊ ခင်ဗျား ကျုပ်ရဲ့စံအိမ်ထဲက ချက်ချင်းထွက်သွားပါ"

အရှေ့ကျွန်း သခင်ကြီးသည် ဆရာကြီး တိယန်စင်းကို ကြောင်းထုတ်နေလေ၏။

ဆရာကြီးတိယန်စင်း၏ အထင်တွင်မူ အေးအေးဆေးဆေး ဆွေးနွေး၍ရမည်ဟုထင်ခဲ့သည်။ ယခုတော့ အထင်နှင့်အမြင် လွဲမှားနေချေပြီတကား။

အရှေ့ကျွန်းသခင်ကြီးသည် သူ့ကိုသာ တွင်တွင်နှင်ထုတ်နေပေတော့သည်။

www.burmeseclassic.com



ဆရာကြီး တီယန်စင်းက....

"ကျုပ် မသွားနိုင်ဘူး ဆိုရင်ကောဗျာ"

အရှေ့ကျွန်း သခင်ကြီးသည် လက်ခုပ်သုံးချက်တီးလိုက်သည်။

"ဖြောင်း....ဖြောင်း....ဖြောင်း"

မည်သည့်နေရာ၌ ကပ်နေမှန်းမသိရသော ဓားသမား လှံသမား နှစ်ဆယ်ခန့်သည် လွှားခနဲ ရောက်ရှိလာတော့သည်။

ဆရာကြီးတီယန်စင်းကား ထိုင်ရာမှ မထချေ။

ဂိုဏ်းချုပ်ကြီး တစ်ယောက်အတွက် ဤလူနှစ်ဆယ်မျှမှာ အကြောင်းမဟုတ်ပါ။

အရှေ့ကျွန်း သခင်ကြီး၏ ကပည့်များမှာမူ ဆရာကြီးတီယန်စင်းအား တိုက်ခိုက်ရန် အသင့်ဖြစ်နေလေပြီ။

"တိုက်"

အရှေ့ကျွန်း သခင်ကြီး၏ ညွှန်ခံ စကားကား 'တိုက်' ဟူသတည်း။

"ဝှစ်....ဝှစ်....ဝှစ်"



ဓားသမား လှံသမားများသည်လှင်ခနဲ ဝင်တိုက်ကြတော့သည်။

ဆရာကြီးတီယန်စင်းသည် လှစ်ခနဲလှစ်ခနဲ ရှောင်တိမ်းရလေသည်။

လှံသမားများသည်ဆရာကြီးတီယန်စင်း ရှောင်တိမ်းသည့်ဘက်သို့ လှံများနှင့် လိုက်ထိုးသည်။

* * *

"ဝှစ်....ဝှစ်....ဝှစ်"

"ဝှီး....ရွှမ်း....ရွှမ်း"

ဆရာကြီးတီယန်စင်းသည် သူ့လက်ဝါးကို ရိုက်ချလိုက်သည်။

"ဝှီး....ဝှစ်....ဝှစ်"

"ဗုန်း....အား"

ဘစ်ကြိမ်ရိုက်လိုက်လျှင် နှစ်ယောက်စီ လွင့်လွင့်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



စုစုပေါင်း လူခြောက်ယောက် လဲပြိုသွားခဲ့လေပြီ။

''ရပ်လိုက်''

ဓားသမား လှံသမားများသည် နောက်ဆုတ်သွားကြ၏။ နောက်မဆုတ်လျှင်လည်း မလွယ်ချေ။

သူတို့ပင် အလဲလဲအပြိုပြို ဖြစ်ရဦးမည်။

ဆရာကြီး တိယန်စင်းသည် မားမားကြီး ရပ်နေလေ၏။

အရှေ့ကျွန်း သခင်ကြီးသည် ထူးထူးဆန်းဆန်း ရောက်ရှိလာသော ဧည့်သည်ကြီးအား သူ့တပည့်များ မနိုင်မှန်းသိလိုက်သည်။

''ခင်ဗျား မသေချင်ရင် ကျုပ်စကားကိုနားထောင်''

ဆရာကြီး တိယန်စင်းက ရယ်လေ၏။

''ခင်ဗျား စကားမပြောနဲ့၊ ကျုပ်စကားကို ခင်ဗျားနားထောင်၊ ဒီလူတွေအားလုံးကို ကျုပ်တိုက်ခိုက်နိုင်တယ်၊ ကဲ... အပိုမပြောချင်ဘူး၊ ကျုပ်တောင်းတဲ့နဂါးအဆိပ်ဖြေဆေးကို ပေးပေတော့''

အရှေ့ကျွန်းသခင်ကြီးသည် စိတ်ဓာတ်ကျသွား၏။

''ခင်ဗျားက အဆိပ်ဖြေဆေးပဲတွင်တွင်တောင်းနေတယ်၊ အဲဒီအဆိပ်ဖြေဆေးက ကျုပ်မှာ မရှိတော့ဘူး''



တိယန်စင်း အံ့ဩသွား၏။

''အဆိပ်ဖြေဆေး ဘယ်ရောက်သွားပြီလဲ''

''ပြောရမှာ ရှက်စရာပါဗျာ၊ အဆိပ်ဖြေဆေးကို ကျုပ်သမီးကယူပြီး ထွက်ပြေးသွားတယ်၊ ကျုပ်လဲ သမီးကိုလိုက်မနေတာပဲ၊ သူ့ကိုလဲမမိနိုင်တော့ ကျုပ်မှာအရှက်တကွဲအကျိုးနည်း ဖြစ်နေတာပါပဲ''

တိယန်စင်းသည် အရှေ့ကျွန်း သခင်ကြီး၏ မျက်နှာကိုလိုက်၏။

သူ အမှန်ကို ပြောနေခြင်းဖြစ်ကြောင်း သူသိလိုက်ကြည့်သည်။

တိယန်စင်းသည် ချာခနဲလှည့်ထွက်လာ၏။

သူ့အား ဝိုင်းရံထားသည့် ဓားသမား လှံသမားများသည် ရှဲခနဲ နောက်ဆုတ်ပေးကြသဖြင့် ဆရာကြီးတိယန်စင်းအတွက် အလိုလိုလမ်းကြောင်းပေါ်လာနေသည်။

''နေပါဦး မိတ်ဆွေ''

အရှေ့ကျွန်းသခင်ကြီးက လှမ်းအော်မေး၏။ တိယန်စင်း ရပ်သွားသည်။

''မိုးပြုံလက်သီး တိယန်စင်းဆိုတာ ကျုပ်ပဲ''

www.burmeseclassic.com

www.burmeseclassic.com



သူသည် စကားဆုံးသည်နှင့် ချာခနဲ လှည့်ထွက်သွားတော့သည်။

* * *

“ငါကိုယ်တိုင်အဲဒီနဂါးစံအိပ်ကိုရောက်ခဲ့တာလူကလေး အဆိပ်ဖြေဆေးက မရှိတော့ဘူး၊ သူ့သမီးကယူပြီး ထွက်ပြေးသွားလို့ သူလဲ ခေါင်းမီးတောက်ခနေတယ်”

ဆရာကြီးတိယန်စင်းသည် အခြေအနေအားလုံးကို ပြောပြလိုက်၏။

ယူချင်းထန်သည်မျှော်လင့်ထားသလိုဖြစ်မလာသဖြင့် စိတ်ခေတ် အလွန်ကျသွားလေ၏။

သူသည် ဆရာကြီးသွားလျှင် မုချအဆိပ်ဖြေဆေး ရရှိမည်ဟု ယုံကြည်ထားခဲ့သည်။

ယခုတော့ တိယန်စင်းလည်း ဘာမျှမတတ်နိုင်တော့ပေ။

“ကျွန်တော့်ထိုက်နဲ့ ကျွန်တော့်ကံပဲ ဆရာကြီးရယ်၊ အဆိပ်ဖြေဆေးကို လိုက်မရှာပါနဲ့တော့”

ဆရာကြီး တိယန်စင်းက ခေါင်းယမ်းသည်။



“ဘယ်ဟုတ်ပါ့မလဲကွာ၊ တစ်နည်းမရရင် တစ်နည်းနဲ့ ကြံရတာပေါ့”

ယူချင်းထန် ဘာမျှမပြောတော့ပေ။

“ယခု လောလောဆယ် ဟူတန်ဂိုဏ်းကို သွားရမယ်၊ ဟိုမှာ ကောင်းကင်နဂါးရဲ့ အခြေအနေကို မေးရမယ်၊ ကောင်းကင်နဂါးကို ရှင်းလင်းသုတ်သင်ဖို့ အစီအစဉ် လုပ်ကြရမယ်”

ယူချင်းထန်သည် သူ့ဘဝအတွက် စိတ်မကောင်းဖြစ်မိသော်လည်း သိုင်းလောကကြီးအတွက်မူ အားတက်ဖွယ်ရာဖြစ်နေကြောင်းစဉ်းစားမိသည်။

“ဆရာကြီး....ဆရာကြီး ကောင်းကင်နဂါးကို တိုက်ခိုက်ရင် သတိထားပါ၊ ကောင်းကင်နဂါးဟာ သဘ္ဘာရှိရှိယှဉ်ပြိုင်မှာထက် ကလိမ်ကကျစ် ကောက်ကျစ်တဲ့နည်းနဲ့ ယှဉ်ပြိုင်ဖို့က များပါတယ်၊ ဒါကြောင့် ဆရာကြီးအတွက် ကျွန်တော်စိုးရိမ်ပါတယ် ခင်ဗျာ”

“ကိစ္စမရှိပါဘူး၊ ငါဟာ သေမှာကိုကြောက်နေတဲ့လူ မဟုတ်ပါဘူး၊ ချောက်ကြီးထဲမှာ ရှောင်နေတယ်ဆိုတာက ကျန်တဲ့လူတွေ သွေးချောင်းစီး တိုက်ပွဲတွေဖြစ်မှာစိုးလို့ပါ၊ ငါဟာ ကောင်းကင်နဂါးထက် ပိုပြီး အတွေ့အကြုံများပါတယ်”

မှန်သည်။

www.burmeseclassic.com



ဆရာကြီး တိယန်စင်းသည် ပွင့်လင်းစွာ ပြောတတ်သူဖြစ်သည်။

သေခြင်းတရားများကိုလည်း အလျှင်း ဂရုမစိုက်ပေ။

ယူချင်းထန်ကတော့စိတ်ညစ်သွားသည်။ သူသည် ဤဆရာကြီး တစ်ယောက်ကိုသာ အားကိုးသည်။

အကယ်၍ ဆရာကြီးတိယန်စင်းသာ ပျက်စီးဆုံးပါးသွားလျှင် သူ့တွင် အားကိုးရာ ရွှေတောင်ကြီး ပြိုလဲချေပြီတည်း။

မိုးပြိုလက်သီး သိုင်းကွက်လည်း ပျောက်ဆုံးသွားပေလိမ့်မည်။

ဆရာကြီး ကောင်းကင်နဂါးကို အနိုင် တိုက်နိုင်ပါစေ။

ဤကား ယူချင်းထန်၏ဆုတောင်းစကားပင်ဖြစ်ပေတော့သည်။

★

## အခန်း (၁၀)

### သူ့ရဲ့ကောင်းမလေး

ဆရာကြီး တိယန်စင်းက ယူချင်းထန်အား ကြည့်လိုက်သည်။

"လူကလေး....မင်း ငါနဲ့ လိုက်ခဲ့မလား၊ ဒါမှမဟုတ် တယ်သွားချင်သလဲ"

ဤစကား ပြောခြင်းမှာ ဆရာကြီး တိယန်စင်းသည် အကြောင်းမဲ့ပြောခြင်းမဟုတ်။

သူ၏ ဒုက္ခိတဘဝကို ယူချင်းထန် စိတ်မကောင်းဖြစ်နေသဖြင့် စိတ်လွတ်ကိုယ်လွတ် စိတ်ပြေလက်ပျောက် သွားချင်ရာ သွားစေဟု လွတ်လပ်ခွင့် ပေးခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာနှင့်တပည့်ဖြစ်သည့် အားလျော်စွာ ငါနဲ့ဟူတ ဂိုဏ်းကို လိုက်ခဲ့ဟု ခေါ်လျှင် ယူချင်းထန် ငြင်းဆန်ရဲမည် မဟုတ်ပါ။

သို့သော်....

ဆရာကြီး တိယန်စင်းသည် အလွန် ပျော့ပျောင်းနူးညံ့သူ ဖြစ်၍ ဤသို့ အမိန့်အာဏာဖြင့် စေခိုင်းခြင်း မရှိပါ။

တပည့်ဖြစ်သူ စိတ်လွတ်ကိုယ်လွတ် ဆုံးဖြတ်ရန်သာ မြှန်းသည်။

''ဆရာကြီးရယ် ဟူတန်တောင်ကို ကျွန်တော်မလိုက် ရစေနဲ့၊ ဆရာကြီးက ကောင်းကင်နဂါးကိုတိုက်ခိုက်ဖို့သွား တာ မဟုတ်လား၊ ကျွန်တော် ဘာမှမလုပ်ရဘဲနဲ့ အလကား သိတင်းစောင့်နားထောင်ရတဲ့ ဘဝမျိုးကို ကျွန်တော် မ ချင်ပါဘူး''

''အေး...အေး မင်းသဘောပဲ၊ ငါကတော့ ကောင်း ကင်နဂါးကို ဆုံးမဖို့ ဟူတန်တောင်ကို သွားလိုက်ဦးမယ်''

ဆရာကြီးတိယန်စင်းသည် ပြောပြောဆိုဆို ဟူတန်တော သို့ ထွက်ခွာသွားလေ၏။

ယူချင်းထန်သည် ဆရာကြီးကို ငေးမောကြည့်ရှုနေ သည်။



ဆရာကြီး ကွယ်ပျောက်သွားသောအခါမှ သူသည်း ထွက် လာသည်။

''ငါ ဘာလုပ်ရမလဲ''

သူသည် သူ့ကိုယ်သူပြန်၍မေးလေ၏။

''ကောင်းကင် နဂါးကတော့ ဘယ်သူတွေ ဘာပဲပြော ပြော သူလုပ်ချင်တာကို စွတ်ရွတ်လုပ်သွားတယ်၊ အဆိုးပဲ ဖြစ်ဖြစ် မကောင်းပဲဖြစ်ဖြစ် စွတ်ရွတ်သုံသွားတဲ့လူအတွက် လဲ သိပ်မဆိုးပါဘူး၊ အခုဆိုရင် သူ့နာမည်အတော်ဆိုးနေ ပြီ၊ အင်း...အနာဂတ် ဘဝကတော့ မကောင်းဘူးပေါ့ လေ''

သူသည် ခေါင်ငေးတစ်ချောင်းဖြင့် လှမ်းလျှောက်ရင်း စဉ်းစားလေလေ၏။ သူသည် ဖင်းယုအား သတိရသည်။

ဖင်းယု အဆိပ်ခတ်ခဲ့ပုံကို ပို၍ သတိရသည်။ သူ့အား ဒရက်တိုက်ခဲ့သည်။

သူသည် အားနာပါးနာနှင့် အရက်တစ်ခွက် သောက်ခဲ့ သည်။ သည်းဟွင် သူ့ဘဝ ပြိုကွဲ ပျက်စီးခဲ့လေတော့၏။

သို့သော် သူသည် ဖင်းယုအား တရားခံအဖြစ် မမှတ် ယူပါ။ မှတ်ယူ၍ မဖြစ်ပါ။ ဖင်းယုအား အသုံးချသူမှာ လီဆူရှင်းသာတည်း။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ယူချင်းထန်၏ ဒေါသများမှာ လီဆူရှင်း အပေါ်သို့ ပုံကျပေတော့သည်။

သူသည် မိုးပြိုလက်သီး ယူချင်းထန်ဟူ၍ အသက်ရှင် နေသွားလိုသော်လည်း ယခု မိုးပြိုလက်သီးဟူသော အမည်ကို မခံယူနိုင်တော့ပေ။

ကောင်းကင်နဂါးကတော့ သိုင်းကျမ်းတစ်ခုကို လက်ကိုင်ပြု၍ ခေါင်းမော့နေတော့၏။

သိုင်းကျမ်းကလည်း တစ်ခုဆိုဆိုသလောက် တန်ဖိုးရှိနေသည်။

ဂိုဏ်းချုပ်ကြီးအားလုံး စုပေါင်း ရေးသားထားသော သိုင်းကျမ်းဖြစ်၍ ဂိုဏ်းပေါင်းစုံမှာ ပညာအားလုံးကို လီဆူရှင်း ရရှိနေသည်။

သူသည် စိတ်ပျက်လက်ပျက် လမ်းလျှောက်လာနေသည်။ မမျှော်လင့်ဘဲ တွေ့ဆုံရသူမှာ လီပိုးဖြစ်လေသည်။

"ဟင်....ကွမ်ပင်"

လီပိုးက အံ့ဩစွာ ရေရွတ်မိသည်။

လီပိုးသည် ထိုနေ့က ကွမ်ပင်နှင့် တွေ့ရပုံကို စိတ်ထဲ သင်္ကာမကင်း ဖြစ်နေမိသည်။



ထိုနေ့က စားသောက်ဆိုင်သို့ တစ်ဦးချင်းလာသူမှာ ကွမ်ပင် တစ်ယောက်သာရှိသည်။

အမူးသမားမှာလည်း အစုအဖွဲ့နှင့်ဖြစ်သည်။ ထို့ကြောင့် ကွမ်ပင်သည် ယူချင်းထန်များ ဖြစ်လေသလားဟု သူမကြာခဏ တွေးမိသည်။

ထို့ပြင် ကွမ်ပင်သည် ဒုက္ခိတ တစ်ယောက်ဖြစ်နေသည် မဟုတ်ပါလော။

ထို့ကြောင့် သူသည် ကွမ်ပင်ကိုလိုက်လံရှာဖွေနေခဲ့သည်။

ယခု မမျှော်လင့်ဘဲ ကွမ်ပင်ကို တွေ့ခဲ့ရသပြီ။ သို့သော် ယူချင်းထန်က လီပိုးကို မတွေ့ပေ။ လီပိုးကတော့ အခြေအနေကို စုံစမ်း၍ ယူချင်းထန်နောက်သို့ နောက်ယောင်ခံ လိုက်လေတော့၏။

ယူချင်းထန်သည် အများသွားလမ်းမမှ ဖယ်ခွာ၍ တောင်ပေါ်လမ်းကလေးသို့ တက်လာခဲ့၏။

ယူချင်းထန်သည် စိမ်းလန်းစိုပြည်သော မြင်ကွင်းကို အောက်စီးမှ ကြည့်ရှုရန်အတွက် တောင်ပေါ်သို့တက်ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လီမိုးသည် သစ်ပင်များကို ကွယ်၍သူ့အား နော
ယောင်ခံလိုက်လာ၏။ သူမသည် အနည်းငယ်လှမ်း
အကွာအဝေးမှ အသာဝေ့ငဲ့ကြည့်နေ၏။

*　*　*

ယူချင်းထန်ကတော့ အောက်မှ မြင်ရသည့် မြင်ကွ
ငေးမောကြည့်နေသည်။ သူသည် ချုံသို့ကြည့်ရင်း ယ
ချင်စိတ်များ တဖွားဖွားပေါ်လာသည်။

ယခင်ကလည်း တစ်ကြိမ်ခုန်ချခဲ့ဖူးပေပြီ။ သေကံမ
သဖြင့် သက်မပျောက်ခဲ့ပေ။ ယခု သူ လောကကြီးသွ
တစ်ယောက် ဖြစ်နေသည်။

သူသည် အသက်ကို အဆုံးစီရင်တော့မည်။ ဆုံး
ချက်ချလိုက်ပြီးနောက် တောင်ပေါ်မှ ခုန်ချရန် တ
လိုက်သည်။

"မလုပ်နဲ့ ...မလုပ်နဲ့"

ယူချင်းထန်အား လက်နှစ်ဖက်က ကြမ်းတမ်းစွာ
လိုက်၏။



ယူချင်းထန် လှည့်ကြည့်လိုက်သောအခါ တန်ပိုးထိုက်ကို
တွေ့ရလေ၏။ ဖေးဘီလူး တန်ပိုးထိုက်ပင်ဖြစ်သည်။

"ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ ယူချင်းထန်"

"ငါသေချင်တယ်ကွာ၊ လောကမှာ ငါရှိနေလို့လဲ
ဘာလဲကွာ၊ ငါဟာ လူပိုတစ်ယောက် ဖြစ်နေပြီ"

တန်ပိုးထိုက်သည် ယူချင်းထန်အား မြေပြင်သို့ ဆွဲခေါ်
လာလေ၏။

"ယူချင်းထန်"

"ဟင်...ဖင်း...ဖင်းယု"

မျက်မမြင်မလေး ဖင်းယုသည် တန်ပိုးထိုက်နှင့်အတူ
ပါလာခဲ့ပေသည်။

"အခုလို ယူချင်းထန် စိတ်ဓာတ်တွေကျပြီး သေချင်
တာဟာ အဲဒီအကောင်ဖြစ်နေတာ ကျွန်မအပြစ်ပါရှင်"

ဖင်းယုသည် တဟင့်ဟင့်ဖြင့် ငိုရှိုက်လေတော့၏။

"ကျွန်မကြောင့် အစ်ကို ဒီလိုဖြစ်ရတာကို ခွင့်လွှတ်ပါ
အစ်ကို၊ ကျွန်မကို ကြိုက်သလို အပြစ်ပေးပါ"

www.burmeseclassic.com



ဖင်းယုသည် လက်တစမ်းစမ်းနှင့် ရှေ့တိုးလာလေ၏

တန်ပိုးထိုက်က....

"ပြီးခဲ့တာတွေလဲ ပြီးခဲ့ပါပြီ၊ မင်းတို့နှစ်ယောက်စလုံးဟာ လီဆူရှင်းကြောင့် ဒုက္ခိတတွေလဲ ဖြစ်ခဲ့ရပြီ၊ အချင်းချင်း နားလည်ဖို့ ကောင်းပါပြီ"

ယူချင်းထန်က....

"အစ်ကို နားလည်ပါတယ်၊ ညီမကို အစ်ကို အပြစ်မတင်ပါဘူး၊ အစ်ကိုတို့ဟာ လီဆူရှင်းကိုသာ အပြစ်တင်မှာပါ၊ ညီမကို အစ်ကို ခွင့်လွှတ်ပါတယ်"

ဖင်းယုသည် အလွန် ဝမ်းသာသွားပြီး ယူချင်းထန်ဆီ လာတွဲလေ၏။ ယူချင်းထန်ကလည်း ဖင်းယုလက်ကို လှမ်းဆွဲ လိုက်သည်။

ယူချင်းထန်က....

"အစ်ကိုတို့ဘဝကို ဒီတစ်သက်မှာတော့ ဘယ်သူမှ ကယ်နိုင်မှာ မဟုတ်တော့ပါဘူး ညီမရယ်"

ထိုစဉ်....

"ကျွန်မ အစ်ကိုတို့ကို ကယ်ပါ့မယ်"



ချိုလွင်သော အသံကလေးတစ်သံသည် သူတို့နောက် ကွယ်မှ ထွက်လာလေ၏။

"ဟင်...."

အားလုံးသည် နောက်သို့လှည့်ကြည့်မိကြ၏။

ယူချင်းထန်မှာ လီပိုးကို တွေ့သောအခါ အလွန်အံ့ဩ သွားလေ၏။

"ဟင်....ချန်ငို"

လီပိုးသည် ရှေ့သို့ တိုးလာလေ၏။

"ဟုတ်ပါတယ် အစ်ကို၊ ညီမဟာ လီပိုးပါ၊ အမည်ရင်းက လီပိုးပါ၊ ချိန်ငိုဆိုတာက အမည်တုပါ၊ အစ်ကို့ကို ညီမ လိုက်ရှာနေတာကြာပါပြီ"

"ဘယ်လို....ကျုပ်ကိုလိုက်ရှာနေတယ် ဟုတ်လား"

ယူချင်းထန်သည် အံ့ဩစွာမေးလိုက်၏။

ကျိမိန်းကလေးသည် သူ့ကို ရှာဖွေနေသည်တဲ့။ အဘယ် ကြောင့် ရှာဖွေနေရသနည်း။

"အစ်ကိုတို့ အံ့ဩနေကြတယ်နဲ့ တူတယ်"

မှန်ပါသည်။ အကုန်လုံး အံ့ဩနေကြပါသည်။ ယူချင်း ထန်ကတော့ အံ့ဩမဆုံးဖြစ်ပါသည်။ လီပိုးက ရှင်းပြ၏။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုတို့က ညီမကို မသိကြပါဘူး၊ ညီမဟာ လီဆူရှင်းရဲ့ညီမ လီပိုးပါ၊ ညီမအစ်ကိုကြောင့် အစ်ကိုယူချင်းထန် အဆိပ်သင့်သွားတယ်ဆိုတဲ့ သတင်းကို ညီမ ကြားပါတယ်၊ ဒီသတင်းကို ကြားရတော့ ညီမ စိတ်မကောင်းဘူး၊ အရှေ့ကျွန်းကနေ ညီမ အဆိပ်ဖြေဆေးကို ခိုးယူထွက်ပြေးခဲ့တယ်၊ အဲဒါ ညီမ အစ်ကို့ကို ကုသပေးချင်လို့ပါ"

လူအားလုံး၏ စိတ်ထဲတွင် သာမုဒေါ်ချင်သည့်စိတ်များက ပြည့်လျှမ်းသွားလေသည်။ ချဉ်သည့်အသီးက ချဉ်ပင်ဖြစ်မည်။

"ကျွန်မကို ယုံကြည်ကြပါ၊ ကျွန်မဟာ နဂါးစံအိမ်ကြီးကို အန်တုပြီး ထွက်ပြေးခဲ့တဲ့သူပါ။ ကျွန်မတို့မိသားစုအကြောင်း ထုတ်ပြောရရင် ကိုယ့်ပေါင် ကိုယ်လှန်ထောင်းဆိုတဲ့ လူလိုဖြစ်မယ်၊ ကျွန်မနဲ့မိသားစုနဲ့ ကျွန်မဟာ ဘယ်လိုမှပေါင်းစပ်လို့မရပါဘူးရှင်"

ယူချင်းထန်မှာ လီပိုးပြောသမျှယုံသည်။ ပထမ လီပိုးချိန်းဆိုစဉ်က သူ စားသောက်ဆိုင်သို့ သွားမခဲ့သည် မဟုတ်ပါလား။

ထိုစားသောက်ဆိုင်၌ အမူးသမားတစ်စုက သူ့အားစော်ကားခဲ့စဉ် လီပိုးသည် သူ့ဘက်မှ ကြုံကြိုက်ခိုင် ရပ်တည်ကာကွယ်ခဲ့သည် မဟုတ်ပါလော။



ထို့ပြင် သူ့ဆရာ တိယန်စင်းက အရှေ့ကျွန်းသို့ အဆိပ်ဖြေဆေး သွားရောက်တောင်းခဲ့စဉ်ကလည်း အရှေ့ကျွန်းခင်ကြီး ပြောပြချက်များနှင့် ယခုလီပိုးပြောသည့် စကားများသည် ယပ်ဟူဖြစ်နေသည် မဟုတ်ပါလော။

ထို့ကြောင့် လီပိုးပြောသမျှကိုယုံကြည်ရမည်ဟု သူ နားလည်သည်။

"ညီမကို အစ်ကို ယုံပါတယ်၊ ညီမဟာ ပထမဘစ်ကြိမ်တုန်းက အစ်ကို့ကို ကာကွယ်ခဲ့တာပဲ မဟုတ်သားကို ညီမကိုမှမယုံရင် ဘယ်သူ့ကိုယုံရမှာလဲ၊ ဒဲ...ညီမ အဆိပ်ဖြေဆေးက ဘယ်မှာလဲ"

"ညီမ တည်းခိုတဲ့အိမ်မှာ သိမ်းဆည်းထားခဲ့ရတာပေါ့၊ ညီမနောက်ကို ရွှေနဂါးအဖွဲ့ဟာ တကောက်ကောက် လိုက်နေတော့ ညီမကိုယ်မှာ မထားရဲဘူးလေ"

"ဪ...ညီမရယ်၊အဲဒီအဆိပ်ဖြေဆေးသာရရင် အစ်ကို ကောင်းပကတိ ဖြစ်ပြီပေါ့ကွယ်"

"ဖြစ်ပြီပေါ့၊ ညီမ အစ်ကို့ကို ကုသပေးမယ်လို့ ပြောပြီး ..."

လီပိုးက ဆက်ပြော၏။

"ဒီအဆိပ်ဖြေဆေးကို အသုံးပြုလိုက်ရင် သွေးထဲမှာရှိတဲ့ အဆိပ်တွေ ပြယ်သွားမယ်၊ နှစ်ဒုဂ်ရီ အချိန်အတွင်း ပျောက်ကင်းနိုင်ပါတယ်...

www.burmeseclassic.com

www.burmeseclassic.com



"ဆိုလိုတာကတော့ အစ်ကိုဟာ နှစ်နာရီအတွင်း ရှု ကောင်းပကတိ ဖြစ်နိုင်တယ်လို့ ဆိုလိုတာပါပဲ"

ဖင်းယုနှင့် ကန်ပိုးထိုက်တို့လည်း အလွန် ဝမ်းသာသွားကြလေ၏။

သူတို့ထဲ၌ ဝမ်းအသာဆုံးလူမှာ ယူချင်းထန် ဖြစ်နိုင်ပေသည်။

ယခုတော့ ကောင်းကင်နဂါးကို ဆရာကြီး တီယန်စင်း တိုက်ရန်မလိုတော့ချေ။

အဆိပ်ပြေသွားလျှင် ယူချင်းထန် တိုက်ရုံနှင့် လုံလောက်သည်။

သိုင်းကျမ်းဆိုသော်လည်း ထိုသိုင်းကျမ်းထဲ၌ မိုးပြိုလုဏ် သီးသိုင်းကွက်များ မပါဝင်ချေ။

ယူချင်းထန်သာ အဆိပ်ပြေသွားလျှင် ဆရာကြီး တီယန် စင်းကို ပြေး၍အကြောင်းကြားရဦးမည်။

လီပိုး ခေါ်ဆောင်ရာနောက်သို့ ယူချင်းထန်၊ ဖင်းယုနှင့် တန်ပိုးထိုက်တို့အားလုံး လိုက်လာခဲ့ကြ၏။

"အခု ကျွန်မတို့အားလုံး တည်းခိုခန်းအိမ်ကို တစ်ပြိုင် နက် သွားလို့မဖြစ်ဘူး၊ ရွှေနဂါးဂိုဏ်းက ကျွန်မနောက်က လိုက်နေတာဆိုတော့ ခြေရာဖျောက်သွားမှ အဆင်ပြေလိမ့် မယ်၊ အားလုံး လူစုခွဲပြီး လိုက်ခဲ့ကြပါ"

လီပိုး၏စကားကြောင့် ဖင်းယုနှင့် တန်ပိုးထိုက်က တခြား တွဲ။



ယူချင်းထန်က တစ်ယောက်တည်း။

လီပိုးသည် တင်ယောက်တည်း တည်းခိုးအိမ်သို့ ပြန်လာ တော့၏။

"ဩော်....လီပိုး....လီပိုး"

ရွှေနဂါးဂိုဏ်းက ကြည့်လျှင်တော့ လီပိုးသည် သစ္စာ ဖောက်။

သူတို့ဘက်ကကြည့်လျှင်တော့ လီပိုးသည် သူရဲကောင်း မလေးပင် မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

### ဓိုးမြို့လက်သီးပြန်လာခြင်း

ဆေးလုံးသုံးလုံး။

နဂါးအဆိပ်ဖြေဆေးကို မည်သို့ဖော်စပ်ထားသည် မသိပေ။

ဆေးလုံးက မွှေးပျံ့နေသည်။

"ဆေးလုံးကို အစီအစဉ်ရီစီခြားပြီး သောက်ရမယ်၊ အစီအစဉ်အတိုင်း သောက်လိုက်ပေတော့"

လှချင်းပေးသည့်ဆေးလုံးများကို လက်ပေါ်တင်ပြီးကြည့်နေ၏။



လီပိုးက....

"ဆေးရဲ့ အာနိသင်က ပြင်းတယ်၊ ဒါကြောင့် ဆေးသောက်ပြီးတာနဲ့ ကိုယ်တွေ ခြစ်ခြစ်တောက်ပူလာလိမ့်မယ်"

သူမက ဆက်၍ရှင်းပြသည်။

"ပထမဆေးလုံးက နဂါးအဆိပ်တွေကို သန့်စင် ဆေးကြောမယ့် ဆေးလုံးပါ၊ အဲဒီဆေးလုံးကို နဂါးအဆိပ်သီးကပဲ ပြန်ပြီးဖော်ထုတ်ရတယ်၊ အဲဒီအဆိပ်သီးက ငါးနှစ်ကျမှ တစ်လုံးသီးတယ်"

"တောင်တောင်ကြားမှာ သီးတာပါ၊ တော်တော်ထူးခြားတဲ့ အသီးပဲ၊ ဒါကြောင့်မို့လဲ ဒီလောက် အဆိပ်ပြင်းတာ ထင်တယ်"

"ဟုတ်တယ်၊ ဒီအသီး သီးကာင်းမှုက်ချိန်ဆိုရင် အာပင်ကို အခန်းတစ်ခုထဲမှာ လုံလုံခြုံခြုံ အောင်သိမ်းဆည်းရတယ်"

လီပိုးက အပင်အကြောင်း ဆက်၍ရှင်းပြနေ၏။

"ဘာဖြစ်လို့ လုံခြုံအောင်သိမ်းရတာလဲ"

"သိမ်းဆည်းရတာပေါ့၊ အဲဒီအပင်ကအနံ့ကို လူဆိုသားနဲ့ တိရစ္ဆာန်တွေတောင် မခံနိုင်ဘူး၊ ဒီအနံ့ကိုရှူမိရင် မူးယစ်ရီဝေပြီး လဲကျတတ်တယ်"

"ကြောင့်"

www.burmeseclassic.com



"အဲဒီနဂါးအဆိပ် ပြင်းပုံအကြောင်း ညီမ ပြောပြပါ့မယ်"

နဂါးအဆိပ် ပြင်းထန်ပုံသည် ကြောက်မက်ဖွယ်ကောင်းလှသည်။

ရွှေနဂါးအဆိပ်သည် လူများကို အကျိုးမဲ့ပျက်စီးစေနိုင်ကြောင်း သိရသောအခါ အဆိပ်ကို ရွှေးဟောင်းဂူသုသာန်ကြီးတစ်ခုအောက်၌ မြှုပ်နှံသိမ်းဆည်းလိုက်ကြသည်။

ရွှေနဂါးတစ်မျိုးလုံးက ထိုအဆိပ်ကို မသုံးခဲ့ကြသော်လည်း အရှေ့ကျွန်းသခင်ကြီးလက်ထက်၌ ထိုအဆိပ်ကို ပြန်လည် တူးဖော်ယူပြီး ထုတ်သုံးခဲ့၏။

ထိုနဂါးအဆိပ်ကြောင့် ယူချင်းထန်သေလုမြောပါးခံစားနေရလေပြီ။

"ကဲ....ဆေးကိုသောက်လိုက်တော့"

ယူချင်းထန်သည် ဆေးကို ပါးစပ်ထဲ ပစ်ထည့်ပြီး မျိုချလိုက်၏။

ရင်ထဲ၌ မီးစကြီးတစ်ခု ထိုးလိုက်သကဲ့သို့ ပူခနဲခံ စားလိုက်ရသည်။

လီပိုးပြောသလို ဆေးက အဆိပ်ကိုချေဖျက်နေခြင်းသာ ဖြစ်ပေလိမ့်မည်။



"အား"

"ဝေါ့"

"ဟင်....သွေးတွေ သွေးတွေ"

မည်းညစ်နေသော သွေးများကို မြင်လိုက်ရသဖြင့် ခေါ့သူး တန်ပိုးဘိုက် မျက်လုံးပြူးသွားလေ၏။

"ဘာမှ မစိုးရိမ်နဲ့ အစ်ကို၊ အဲဒါသွေးဆိုးသွေးပုပ် တွေ"

အန်ချထားသောနေရာ၌ ညိုပုပ်ပုပ်သွေးများကို မြင်တွေ့ရသည်။

ယူချင်းထန်သည် ခန္ဓာကိုယ် ညှုံးနွမ်းခြင်း မရှိဘဲ လန်းဆန်းနေသည်။

လီပိုးပြောသလို သွေးဆိုးများ ခန္ဓာကိုယ်ထဲမှ အန်ထွက်ခြင်းသာ ဖြစ်ပုံရသည်။

"အစ်ကို ခုတင်ပေါ်လှဲအိပ်ပြီး အနားယူနေပါ"

ချင်းယုသည် သူ၏ခုတင်ဘေး၌ လာထိုင်သည်။

ယူမသည် ယူချင်းထန်အား သူမ၏ နူးညံ့သော လက်ချောင်းများဖြင့် ဝမ်းသပ်လာသည်။

"အစ်ကို"

www.burmeseclassic.com

www.burmeseclassic.com



“ဖောင်”

ယူချင်းထန်က ထူးလိုက်သည်။

“ဖင်းယုဖြင့် အစ်ကိုအန်နေတဲ့အသံကို နားထောင်ရ စိတ်ပူလိုက်ရတာ အစ်ကိုရယ်”

“အန်လိုက်တာ ကောင်းသွားတယ် ဖင်းယု၊ သွေး သွေးဆိုးတွေ ထွက်သွားတယ်”

“သက်သာရဲ့လား အစ်ကို”

“သက်သာပါတယ်”

သူတို့သည် တစ်ဦးကိုတစ်ဦး အလွန် ကြင်နာနေကြ သည်။

သူတို့နှစ်ဦးအား တန်ပိုးယိုက်က ကြည့်ပြီး ကြည် သည်။

သူသည် ရှေးယခင်က ဖင်းယုအပေါ် ဆန်းပြားသော ထားမိသည် မှန်သော်လည်း ယခုတော့ မောင်ချစ်နှမ သာ ရှိတော့သည်။

လီပိုးကတော့ ပြုံးကြည့်နေသည်။

သူကတော့ ယူချင်းထန်၏ အဆိပ်များကို ဖြေရ အဓိက ထားရပေတော့မည်။



ဤသို့ဖြင့် သူသည် တစ်နာရီခြားပြီး ဆေးလုံးနှစ်လုံး ကို ထပ်တိုက်လိုက်သည်။

ထို့နောက် ယူချင်းထန် အိပ်ပျော်သွားလေ၏။

လီပိုးက....

“အစ်ကို တန်ပိုးယိုက်နဲ့ အစ်မဖင်းယု....ဒီတည်းခိုအိမ်က စိတ်ချရပါတယ်၊ ညီမ က သူတို့ကို ကျေးဇူးတစ်ခု ပြုဖူးလို့ သူတို့က ညီမကို အရမ်းကျေးဇူးတင်နေတာ၊ အစ်ကိုတို့အစ်မ တို့ စိတ်ရှိသလောက်လာနေ၊ စိတ်ချမ်းသာသလောက်နေ၊ သူတို့က ပြုစုကြပါ၊ အစ်ကိုယူချင်းထန် အတွက်တော့ ဘာမှမပူနဲ့ သူအေးအေးချမ်းချမ်းနေပါစေ”

တန်ပိုးယိုက်နှင့် ဖင်းယုတို့မှာ သက်ပြင်း ချလိုက်ကြ သည်။

သူတို့သည် ညှော်ယည်များဆိုပြီး ဝန်ထုပ်ဝန်ပိုး မဖြစ်ကြ တော့ချေ။

* * *

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ ခြံကွက်လပ်အတွင်း၌ လရောင်သည် လင်းလင်းကျင်းကျင်း ကျနေသည်။

ထိုကွက်လပ်၌ ယူချင်းထန် သိုင်းလေ့ကျင့်နေ၏။

ဖင်းယု၊ တန်ပိုးထိုက်နှင့် လီပိုးဘိုသည် ပိုင်းကြည့်နေကြသည်။

ဖင်းယုကတော့ အသံသာ နားစွင့်ခနရသည်။ သူမမမြင်ဘဲကိုး။

လီပိုးက....

"အစ်ကို့လှုပ်ရှားမှုဟာ အားလုံးတော့ သွက်သွက်လက်လက် မဖြစ်သေးဘူး၊ တစ်ခုခု တစ်ဆို့နေသလို ဖြစ်နေတယ်၊ ဒါပေမယ့် တစ်နေ့ထက် တစ်နေ့တော့ ပိုသွက်လာပါတယ်၊ နောက်တစ်လ နှစ်လဆိုရင် ဆိုင်းနေတဲ့အကြောတွေအားလုံး ပြေသွားမှာ သေချာတယ်"

ဖင်းယုမှာလည်း ယူချင်းထန်ကို ချက်ချင်းအကောင်းဆုံးဖြစ်စေချင်သည်။

သို့မှသာ ကောင်းကင်နဂါး လီဆူရှင်းကို လက်စားချေနိုင်မည် မဟုတ်ပါလား။



ယူချင်းထန်လည်း ချွေးများ တစ်ကိုယ်လုံး စိုရွှဲနေသပြီ။

သူ၏ အတွင်းအား များလည်း တဖြည်းဖြည်း တစစခြင်းလည်း ပြည့်နေလေပြီ။

သူသည် သိုင်းပညာ လေ့ကျင့်ပြီးသည်နှင့် အတွင်းအားလေ့ကျင့်ခန်းကို ဆက်လက်လေ့ကျင့်လျက်ရှိသည်။

"နားပါဦး ယူချင်းတန်ရာ၊ မင်းလေ့ကျင့်တာ များနေပြီ"

တန်ပိုးဘိုက်က သတိပေးပြီး နားခိုင်းရသည်။

ယူချင်းတန်လည်း နားလိုက်ရသည်။

"ကောင်းကင်နဂါးကို တိုက်နိုင်လောက်တဲ့အထိ အစ်ကိုသယ်လောက် ကြာကြာ လေ့ကျင့် ရဦးမလဲ ညီမလေးဆိုး"

"နောက်တစ်လ"

ယူချင်းထန် စိတ်ပျက်လက်ပျက် ပြောလိုက်သည်။

"ယှဉ်ပြိုင်တိုက်ဘယ်ဆိုတာ လွယ်ပါတယ် အစ်ကိုရယ်၊ ဘယ်အနိုင်တိုက်ဖို့ကသာ ခက်တာပါ၊ ဒီတော့ တစ်လ

www.burmeseclassic.com



တော့ သည်းခံရမှာပေါ့ အင်ကိုရယ်၊ ညီမလဲ အစ်ကို လက်တွဲလိုက်မှာပေါ့''

ရွှေနဂါးဂိုဏ်းမှ ယေမိန့် ပေးထားသည်ကို သိ... လီပိုးကာ နောကြည်းစွာ ပြောလိုက်မိလေသည်။ ယူချင်းထ... ကား အံ့အားသင့်သွားကြသည်။

★

## အခန်း (၁၂)

### ဆောင်းထင်နဂါးဆီသို့ ရှာဖွေခြင်း

...မိုးပြိုလက်သီး တိုက်ယန့်စင်းသည့် နယ်စပ်သို့ မြင်းဖြင့် ...ခြင်းနှင်နေစဉ်၊ သူ့တစ်ကိုယ်လုံး ဖုန်အလိမ်းလိမ်းနှင့် ဖြစ် ...သည်။

...ဆောင်းထင်နဂါးသည် ပြည်မသို့ အင်အားတောင်းလာ ...သောအခါ လူဝှိုရွှားရ ထွယ်ဓဲခရန် သူ၏ အင်အားတို့ နယ် ...သို့ ပြောင်းရွှေ့လိုက်သည်။

ပြည်မကို့ နေပါက သူ့အားအန္တရာယ်ပေးမည့် သိုင်း ...းများ၏ ချောင်းခတ်ဖက်၊ ဘုရင့်တပ်သားတော်၏ ရန်က ...ကင်းကွက် ရှိနေ၍ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု နယ်စပ်မှမည်သည့်ရန်ကိုမျှ မစိုးရိမ်တော့ချေ။

ကျွင်ရွာ....

နယ်စပ်မြို့ကလေးအမည် ဖြစ်၏။

ဆရာကြီး တိယန်စင်းသည် ကျွင်ရွာသို့ ရောက်ရှိလာလေ၏။ လူစိမ်းတစ်ယောက်ကို နယ်စပ်မြို့၌ အလွန်သိသည်။

တိယန်စင်းအား လူတိုင်းက အကဲခတ်နေကြသည်။

လူအများသည် တီးတိုးတီးတိုးနှင့် ဝေဖန်နေကြ၏။

"ဒီလူကို တစ်ခါမှ မမြင်ဖူးဘူး"

"ဟုတ်တယ် လူစိမ်းပဲ"

ထိုသို့ ဝေဖန်နေသူများကား ရိုးရိုးအရပ်သားများ ဖြစ်သည်။

ကောင်းကင်နဂါးဂိုဏ်းမှ သိုင်းသမားသုံးယောက်လည်း အဘိုးအိုအား မသိမသာ အကဲခတ်နေကြသည်။

တိယန်စင်းသည် ဆိုင်ထဲသို့ဝင်လာပြီး မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်၏။

"ခေါက်ဆွဲပြုတ်တစ်ပွဲပေး"

စားနေကျ စားသောက်သူများသည် စားသောက်ပြီးသည်နှင့် ထွက်သွားကြ၏။



စားသောက်ဆိုင်ထဲ၌ ကောင်းကင်နဂါးဂိုဏ်းမှ ဂိုဏ်းသား သုံးယောက်နှင့် တိယန်စင်းတို့သာ ကျန်ရစ်ခဲ့တော့၏။

ဂိုဏ်းသားသုံးယောက်သည် တိယန်စင်းအနီးသို့ ရောက်လာကြသည်။

"ခင်ဗျား ဘယ်သူလဲ အဘိုးကြီး၊ ဘာကိစ္စနဲ့ ဒီကိုရောက်လာတာလဲ"

ခေါင်းဆောင်ဖြစ်သူက စစ်မေးလိုက်၏။

"မင်းတို့က ဘာလဲ"

"ကောင်းကင်နဂါး"

"ကောင်းကင် နဂါးပဲဖြစ်ဖြစ် မြေအောက်နဂါးပဲဖြစ်ဖြစ် မင်းတို့ကို ငါ ဘာအစီရင်ခံဖို့မှ အကြောင်းမရှိဘူး၊ မင်းတို့ဘာသာ အေးအေးဆေးဆေးနေစမ်း"

တိယန်စင်းက ခပ်ပြတ်ပြတ် ပြောလိုက်သောအခါ သိုင်းသမားသုံးယောက်တို့ ဒေါသထွက်သွားကြ၏။

ခေါင်းဆောင်ဖြစ်သူသည် တိယန်စင်းကုတ်ကိုဆွဲရန် ဟန်ပြင်လိုက်၏။

"ဖြန်း"

"အား"

www.burmeseclassic.com

www.burmeseclassic.com



ခေါက်ဆွဲ ရည်ပူပူသည့် လှျပ်တစ်ပြက် သူ့မျက်နှာသို့ လာမှန်လေ၏။

တိယန်စင်းက ထရပ်ပြီး....

"လာကြလေကွာ"

သိုင်းသမား သုံးယောက်တို့သည် ဓားများကို ဆွဲထုတ်လိုက်သည်။

"ရွှမ်း....ရွှမ်း....ရွှမ်း"

"ကဲ....ရှောင်တော့ အဘိုးကြီး"

သိုင်းသမား လုံးယောက်သည် ပြေးဝင်ပြီး ခုတ်လိုက်ကြလေ၏။

"ဝှီး....ဝှစ်....ရွှစ်"

"ရွှမ်း....ရွှမ်း....ရွှမ်း"

တိယန်စင်းက ငှက်ကလေးတစ်ကောင်နှယ် ခုန်ရှောင်နေလေ၏။

"မင်းတို့က သုံးယောက်ညီနောင်ဆိုတော့ လူမများဘူးလားကွ၊ တစ်ယောက်ယောက်ကို သုံးယောက်က တိုက်ခိုက်တယ်ဆိုတော့ ရယ်စရာကြီး"

"ခင်ဗျားကို သုံးယောက်နဲ့တိုက်ရှိတင် မကဘူး၊ ဆယ်ယောက်နဲ့တောင်-တိုက်ဖို့ကောင်းတယ်"



"ဝှီး....ရွှမ်း....ရွှမ်း"

"ဒုတ်....ဒုတ်....ဒုတ်"

သိုင်းသမား သုံးယောက်တို့သည် အသွာအတာမရှိ ခုတ်သတ်နေကြတော့၏။

သူတို့ခုတ်သတ်နေသည်မှာ တိယန်စင်းကို မထိပေ။ ထိုင်ခုံများ စားပွဲမှအိုးများကိုသာ ခုတ်မိသည်။

တိယန်စင်းကတော့ ရှောင်မြဲရှောင်လျက်သာ။

တစ်ခန်းလုံး ဆူညံနေသည်။ ဝုန်းဒိုင်းကြဲနေသည်။

သူတို့ တိုက်ခိုက်၍ သော်သောအခါ သူတို့သည် အဘိုးအို တိယန်စင်း၏ အစွမ်းအစကို သတိပြုမိလာ၏။ တစ်ချက်ကိုး ခင်ရောက်မတိုက်ခိုက်ဘော့ပေ။

တိယန်စင်းသည် မည်သည့်လက်နက်မျှ ပါမလာပ။

သို့သော် သူ၏လက်သီးနှစ်လုံးသည် သံလုံးကြီးများကဲ့သို့ ဖြစ်၏။

ထိုလက်သီးထိသွားလျှင် ထိုလူများ စင်းစင်းသေပေမည်။

သူသည် တတ်နိုင်သမျှ သူ့လက်သီးကို မသုံးမိအောင် သတိထားသည်။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းသမားသုံးယောက်သည် တရကြမ်း မတိုက်ခိုက်ကြ တော့ပေ။

အခြေအနေကို စောင့်ကြည့်ပြီးတိုက်သည်။

သူတို့တရကြမ်း တိုက်ခဲ့သော်လည်း အဘိုးအို၏ အင်္ကျီ ကိုပင် ထိခိုက်အောင် မတိုက်ခိုက်နိုင်ကြချေ။

* * *

သူတို့သည် လှည့်ပတ်ချောင်းမြောင်းနေကြ၏။ သူတို့ထဲမှ လူတစ်ယောက်သည် ဓားကိုပစ်ချလိုက်ပြီး သံကွင်းလက်နက် တစ်ခုကို ဆွဲယူလိုက်၏။

ထိုလက်နက်ကား 'အသက်ခြွေ သံကွင်း' လက်နက် ပေ တည်း။

"ဝှီး....ဝှီး"

"ဖြောင်း"

အသက်ခြွေ သံကွင်းလက်နက်ကိုင်သူသည် စားပွဲကြီးအား ခွမ်းခနဲ ရိုက်လိုက်သောအခါ၊ စားပွဲကြီးသည် ဖြောင်းခနဲ ကျိုးသွား၏။



ဓားသမားနှစ်ယောက်၊ အသက်ခြွေ သံကွင်းသိုင်းသမား က တစ်ယောက် တိယန်စင်းအား ဝိုင်းဝန်း ချောင်းမြောင်း နေကြသည်။

"ကျား"

"ရွမ်း....ရွမ်း"

"ဖြောင်း"

ဓားသမား နှစ်ယောက်သည် တိယန်စင်းအား ရှေ့မှ တိုက်ပြီး အသက်ခြွေသိုင်းသမားက နောက်မှ တိုက်ခိုက်ကြ သည်။

တိယန်စင်းသည် ခေါင်းငုံ့၍ ရှောင်တိမ်း သွားလေ၏။

"ဟား....ဟား....ဟား.... မင်းတို့အစွမ်းက ဒါအကုန် ပဲလားကွ"

သိုင်းသမားသုံးယောက်သည် ဒေါသ ထွက်နေကြလေပြီ၊ သူတို့၏ တိုက်ကွက်များသည် တခ်ကြိမ်မျှ မထိခိုက်မိသေး ပေ။

"တဲ....လွတ်အောင် ရှောင်နိုင်ရင် ရှောင်ပေတော့"

အသက်ခြွေသိုင်းသမားသည် တဝုန်းဝုန်း ရိုက်လေတော့ သည်။

www.burmeseclassic.com

www.burmeseclassic.com



တိယန်စွင်းသည် ဆိုင်အတွင်း၌ ဟည့်ဝတ်ရှောင်တိမ်းနေသည်။

ဓားသမားနှစ်ယောက်ကလည်း ရှောင်နေသည်။

"ကဲ...ရိုက်ပြီ"

"ဝှီး...."

"ဝုန်း"

"ဒုန်း"

"အား"

အသက်ခြေ သံကွင်း သိုင်းသမားက အားကုန် ရိုက်ချလိုက်သည်။

တိယန်စင်း ခုန်လွှက်သွားသောအခါ သံကွင်းလွတ်သွားသည်။

ထိုအချိန်တွင် ဓားသမားသည် ပိုင်ပြီအထင်နှင့် တစ်ချက်တည်း ဆိုးသွင်းလိုက်ရာသူ့ဓားသည်အသက်ခြေသိုင်းသမား၏ ရင်တွင်းသို့ စူးနစ်ဝင်သွားလေတော့၏။

"မင်းတို့ ဘယ်လက်သံပြောင်ပါလား"

တိယန်စင်းက စားပွဲမှ ချပ်နေရင်း ခနဲ့သံပြောင်လိုက်သည်။



ဓားသမားနှင်းဦးသည် ဒေါသအမျက် ခြောင်းခြောင်းထွက်သွားပြီး တိယန်စင်းအားဒေါသအကြိမ် လိုက်လံထိုးခုတ်ကြပြန်တော့သည်။

သူတို့ ဒေါသဖြစ်မည်ဆိုသည်း ဖြစ်စရာပင်။

သူတို့၏ အဖော်တစ်ယောက်ပင် မမျှော်လင့်ဘဲ သေဆုံးသွားခဲ့ရချေပြီ။

ကျားနှာကွဲသို့ ဖြစ်နေသော သိုင်းသမားနှစ်ဦး တို့သည်သူတို့၏ဓားများကို ရေပက်မဝင်အောင်ခုတ့်ယမ်းပြီး တိုက်လခုတ်ထည့်နေကြ၏။

"ဟား...ဟား...ဟား မင်းတို့သုံးယောက်ကနှစ်ယောက်ဖြစ်သွားပြီ။ ဒီနှပ်ယောက်လဲ ပျောက်သွားရင်ာ မြင်ပေယာင်သေးတော့ကွာ"

တိယန်စင်းက သိုင်းသမားနှစ်ယောက်၏ ဒေါသကိုနှိုးဆွလိုက်သည်။

သိုင်းသမားနှစ်ယောက်သည် လွန်စွာ ဒေါသထွက်နေသဖြင့် အမှန်ကို အမှန်ဟု မမြင်တော့ပေ။

တိယန်စင်းကို ဓားများဖြင့် ပြေးထိုးကြသည်။

တိယန်စင်း အာဖို့ကား အလွယ်ကလေးပင် အပေါ်သို့ မြောက်တက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရွှံ့ခံ့"

"ရွှံ့ခံ့"

"အား"

"အား"

သိုင်းသမားနှစ်ယောက်သည်တစ်ယောက်ကိုတစ်ယောက် ခါးဖြင့် ထိုးမိကြသည်။

တစ်ယောက်ကား စင်းစင်း သေလေပြီ။

တစ်ယောက်က မသေသေးပေ။ လွန်စွာ အသက်ပြင်းရသည်။

တိယန်စင်းသည် အခြေအနေကိုအကဲခတ်လိုက်၏။

မသေတဲ ဒဏ်ရာရ သိုင်းသမားအား ဆွဲမ ထူလိုက်သည်။

"မင်းကတော့ လွယ်လွယ်နဲ့ သေမယ့်ကောင် မဟုတ်ပါဘူး၊ ကဲ.... ပြောစမ်းကောင်းကင်နဂါး ဘယ်မှာလဲ ပြောစမ်း"

"မ...မပြောဘူး"



"ဟာ မပြောလို့ရမလား၊ မင်းအသက်က ငါ့လက်ထဲမှာ တာ၊ မင်းကို ကိုင်ဆောင့်လိုက်တာနဲ့ မင်း အသက်ထွက်သွားမှာ၊ ပြောစမ်း ကောင်းကင်နဂါး ဘယ်မှာရှိသလဲ"

သေလုသေခင်သိုင်းသမားသည် လွန်စွာကြောက်ရွံ့သွားသည်။

"မ...မလုပ်ပါနဲ့ခင်ဗျာ၊ ပြော...ပြောပါမယ်"

"အေး.... ပြော ပြော"

"မြို့....မြို့ပြင်က သင်္ချိုင်းမှာ သူ ရှိပါတယ်"

တိယန်စင်းသည် သိုင်းသမားကို ပစ်ချလိုက်တော့၏၊

"ဝုန်း"

"မင်း ကံကောင်းရင်တော့ အသက်ရှင်မယ်၊ ကဲ....ငါ သွားပြီ"

တိယန်စင်းသည် ဆိုင်ထဲမှ ထွက်ခွာသွားလေတော့၏။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

### ကောင်းကင်နဂါးဌာနချုပ်

မြို့ပြင်သုသာန်။

ထိုမြို့ပြင်သုသာန်ကား လူသူအရောက်အပေါက်နည်း သည်။

အရောက်အပေါက် နည်းရမည်သာ။

ယခင်က ချန်လူမျိုးတို့၏ သုသာန်ဖြစ်ခဲ့ပြီး ယခု အ မပြုဘဲ ပစ်ထားသည်မှာ ကြာ၍ဖြစ်ပေသည်။

ထိုသုသာန်တွင် နတ်ကွန်းဟောင်းတစ်လုံး ရှိခဲ့၏။ နတ်ကွန်းကို ကောင်းကင်နဂါး၏ဌာနချုပ် ပြုလုပ်ထား သည်။



နယ်စပ်လည်း ဖြစ်ပြန်၊ သုသာန်လည်း ဖြစ်ပြန်ဆိုတော့ လူစိမ်းတစ်ယောက်မျှ မလာကြတော့ချေ။

အသုံးမပြုဘဲပစ်ထားသည်မှာ ကြာလှပြီဖြစ်၍ သစ်ကြီး ဝါးကြီးများပင် ပေါက်နေသည်။

သစ်ပင် သစ်တောများအလယ်၌ နတ်ကွန်းဟောင်းကြီး မှာ ထီးတည်းကြီး တည်ရှိနေသည်။

အဝေးမှကြည့်လျှင် ထိုနတ်ကွန်း၏ အမိုးနီနီကလေးသာ တွေ့ရပေလိမ့်မည်။

မိုးပြိုလက်သီးသည် ချုံကွယ်အတွင်းမှ အကဲခတ်နေ၏။ ခိုင်းသမား တစ်ဦးတစ်ယောက်မျှ မတွေ့ရချေ။

လူသူ အရောက်အပေါက် နည်းလွန်းသဖြင့် အစောင့် တစ်ဦးမျှမထားလေသလော။

သူသည် ဟူဘာနိုင်ဖဲ့သို့သွားရန်ဖြစ်သည်။

သို့သော်...

တကယ်တမ်းတွင် သူသည် ဟူဘာန်ဂိုဏ်းသို့ မသွားသေး ပေ။

ကောင်းကင်နဂါး မည်သည့်နေရာတွင်ရှိသည်ကို စုံစမ်း ကောင်းကင်နဂါး ရှိရာသို့သာ လိုက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အခြေအနေကိုစောင့်ကြည့်ပြီး ရှေ့သို့တိုးလာ
လေ၏။

"ဂိုး...ဂိုး...ဂိုး"

ရုတ်တရက် အော်မြည်ပျံသန်းသွားသော ညဥ့်ငှက်ကြီး
တစ်ကောင်ကြောင့် တိယန်စင်း ထိတ်ခနဲဖြစ်သွားသည်။

"ဘယ်သူလဲ"

ကင်းသမားတစ်ဦး၏မေးသံကို ကြားလိုက်ရသည်။ ငှ
ဆိုးသံကြောင့် ကင်းသမားရှိကြောင်း တိယန်စင်း သိရှိလိုက်
ရသည်။

သူသည် ဂိုဏ်းချုပ်ကြီးတစ်ဦး ဖြစ်ခဲ့သည့်အားလျော်စွာ
ခြေသံမထွက်အောင် အေးအေးကလေး လျှောက်နိုင်သည်။

"ဝှန်း"

"အား"

"အင့်"

တိယန်စင်းသည် အစောင့်နှစ်ယောက်ကို တွေ့ရှိလေ၏
သူသည် လျှပ်တစ်ပြက်တိုးကပ်သွားပြီး အစောင့်နှစ်ယော



သွေးကြောပိတ်လိုက်၏။ အစောင့်နှစ်ယောက်သည် ခွေ
သွားလေ၏။

"အင်း...ကောင်းကင်နဂါးဟာ မဆိုးဘူးလို့ ဆိုရမယ်၊
သို လူသူအနေဝေးတဲ့နေရာ သုသာန်ထဲမှာ ဌာနချုပ် လုပ်
ားတာတောင် ကင်းတွေချထားတယ်၊ ဒီတော့ ငါ အရှေ့
မဝင်တော့ဘဲနဲ့ နောက်ကပဲ ဝင်ရမယ်"

လီဆူရှင်းသည် အခိုးရောင်မီးရောင်အောက်၌ ထိုင်နေ
သည်။

သူ့ရှေ့၌ လက်ထောက်ဂိုဏ်းသားနှစ်ဦး ရှိ၏၊ သူတို့
သည် စားသောက်ဆိုင်၌ ဖြစ်ပွားခဲ့သော ဂိုဏ်းသားသုံးဦး
သေဆုံးရမှုအကြောင်းကို အစီရင်ခံနေခြင်းဖြစ်သည်။

"ဒီလူက အဘော် လူပါးဝပါကလား၊ ကောင်းကင်
ပါး ကြီးစိုးနေတဲ့နယ်မြေထဲမှာ ကောင်းကင်နဂါးဂိုဏ်း
သားသုံးယောက်ကို လာသတ်ရဲသတဲ့သား"

လက်ထောက်ဂိုဏ်းချုပ်က ...

"ဒီလူဟာ အဘိုးကြီးတစ်ယောက်ပါ၊ ဒီနယ်မှာ ဒီအဘိုး
ကြီးကို တစ်ခါမှ မမြင်ဖူးကြဘူးတဲ့၊ အဲဒီအချိန်တုန်းက ရှိ
တဲ့ လူအားလုံးကို စစ်မေးပြီးပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



''အဘိုးကြီး ဆိုတော့ တော်တော် အသက်ကြီး ပေါ့''

''အသက်ကြီးပြီတဲ့ ဂိုဏ်းချုပ်ကြီး၊ မုတ်ဆိတ်ရှည် ဖြိုင်းမွေးရှည်နဲ့တဲ့၊ သိုင်းသမားတစ်ယောက်ဖြစ်ပုံ ရသည်''

လီဆူရှင်းသည် မျက်မှောင်ကုတ် စဉ်းစားနေ၏။ ထို ယောက် ဂိုဏ်းချုပ်က...

''ဆိုင်ရှင်ပြောပုံအရဆိုရင် အဲဒီအဘိုးကြီးဟာ အင်မော ပေါ့ပါးတယ်ဆိုပဲ၊ အခုန်အပျံလဲ သိပ်ကောင်းတယ်လို့ တယ်''

လီဆူရှင်းက....

''အင်း...ဒီနယ်မှာ ငါ့ကို အန်တုမယ့်လူ တစ်ယော ပေါ်လာပြီဆိုတော့ သတိထားရမှာပေါ့လေ''

သူသည် မေးသင့်သောအချက်တစ်ခုကို မမေ့မလျော့ လေ၏။

''သေသွားတဲ့လူတွေရဲ့ ခန္ဓာကိုယ်ပေါ်မှာ ဘယ်လို ရာ ဒဏ်ချက်မျိုး ရှိနေသလဲ''



ယက်ထောက်သိုင်းသမား နှစ်ယောက်က ပျာပျာသလဲ ပြောကြသည်။

* * *

''ကျွန်တော်တို့ သေဘဲ့လူအားလုံးကို သေသေချာချာ စစ်ဆေးကြည့်ပါတယ်၊ အဘိုးကြီးသေဘဲ့ဒဏ်ရာ ဘာဒဏ် မှ မရှိပါဘူး၊ အချင်းချင်း ထိခိုက်မိတဲ့ဒဏ်ရာတွေပဲ တွေ့ ပါတယ် ဂိုဏ်းချုပ်ကြီး''

အခြားလက်ထောက်တစ်ယောက်က ဝင်ပြောသည်။

''ဒီအဘိုးကြီးဟာ သိုင်းပညာ အတော်အစွမ်းထက်ပုံရ ယ်၊ ဆိုင်ရှင်အဘိုးကြီးက သူမြင်သမျှ ပြောတာကတော့ ခွမ်းတော်တယ်ပြောတာပဲ''

လီဆူရှင်းက....

''သိုင်းလောကမှာ လူမသိသူမသိတဲ့ ရွက်ပုန်းသီးသိုင်း သားတွေ အများကြီးရှိတယ်၊ တစ်ခုတော့ရှိတယ် ဒီအဘိုး ဟာ ဘာကြောင့် ငါ့သိုင်းသမားသုံးယောက်ကို လူမသိ

www.burmeseclassic.com

www.burmeseclassic.com



သူမသိ တိုက်ခိုက်ရတာလဲ၊ ဒါကတော့ လက်သီးပုန်း တာပဲ””

ဂိုဏ်းသားနှစ်ဦးသည် ကောင်းကင်နဂါး၏ စကား နားထောင်နေကြလေ၏။

ကောင်းကင်နဂါးသည် သေဆုံးသူသုံးယောက်၏ ဆုံး မှုကို လုံးဝ ဂရုမစိုက်ချေ။ အောက်လမ်း ဂိုဏ်းသားမျ သည် ထိုသို့ပင် ရှိတတ်ကြသည်။

လက်အောက်ငယ်သား များကို ဂရုမစိုက်သည် အကြောင်းမဟုတ်သော်လည်း ရွက်ပုန်းသီး သိုင်းသမ တစ်ယောက်က သူ့ဂိုဏ်းအား လာရောက် ထိပါးနေသ မှာ စဉ်းစားစရာဖြစ်နေသည်။

ထို့ပြင် သူ့ဖခင်ဖြစ်သော အရှေ့ကျွန်းသခင်ကြီးထ သတင်းပို့ချက်တစ်ခုကို သူရရှိခဲ့သည်။

တိယန်စင်းဆိုသူ လူတစ်ယောက်သည်,နဂါးအဆိပ်ဖြေ ဆေးဆိုလာရောက်ရှာဖွေကြောင်း သတင်းပို့ချက်ပေတည်း

ထိုအဆိပ်ဖြေဆေး လာရှာသူသည် အဆိပ်မိသွားသော ယူချင်းထန်နှင့် တစ်နည်းနည်းပတ်သက်နေမည်ဖြစ်ကြော သူ သိ၏။

ယူချင်းထန်အား မည်သူက အဆိပ်ဖြေဆေး ပေးလို ပါသနည်း။



ထို့ပြင် သူ့ညီမရှိသေးသည်။ သူ့ညီမသည် မည်သည့် အရပ်သို့ ထွက်ပြေးနေပါသနည်း။ သူ့ခေါင်းသည် နောက် ကျို ရှုပ်ထွေးလာသည်။

ထိုအချိန်၌ နတ်ကွန်းအနောက်ဘက်ရှိ အစောင့် တစ် ယောက်သည် စောင့်ရှောက်လျက်ရှိသည်။ တိယန်စင်းသည် သစ်ပင်များကွယ်လျက် တဖြည်းဖြည်း နီးလာ၏။

သူသည် အစောင့်နောက်သို့ ခုန်ဝင်သွား၏။ အစောင့် သည် အလန့်တကြား လှည့်ကြည့်သည်။

“ဝှစ်”

“အင့်”

အစောင့်သည် ခွေညွတ်ကျသွား၏။ အစောင့်သည် သွေး ကြောပိတ်ခံရသည်။

နတ်ကွန်းအနောက်ဘက်ဖြစ်၍ အစောင့်တစ်ယောက်သာ ထားပုံရသည်။

တိယန်စင်းသည် ပတ်ဝန်းကျင်ကို အကဲခတ်လိုက်၏။ ပတ်ဝန်းကျင်၌ လူတစ်ဦးတစ်ယောက်မျှ မရှိတော့ချေ။ အစောင့်တစ်ယောက်မျှ မရှိတော့ချေ။

တိယန်စင်း နတ်ကွန်းထဲသို့ဝင်လိုက်၏။

တံခါးပေါက်ကို တွန်းဖွင့်ပြီး ဝင်လိုက်သည်။ ထိုအခါ မီးရောင် မီးရောင်သည် အပြင်သို့ ဖိတ်အန်ကျလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့…ဘယ်သူလဲ"

အစောင့်တစ်ယောက်သည် ဝုန်းခနဲထွက်လာ၏။

သူသည် တိယန်စင်းအား ရန်သူဖြစ်မှန်း သိပုံရသည်။ တွေ့သည်နှင့် လှံရှည်နှင့် တိုက်ခိုက်တော့၏။

"ဝှီး"

"ဂွပ်…ဂွပ်"

လှံရှည်နှင့်သိုးလိုက်၊ တွက်လိုက်ဖြင့် အပြင်းအထန်ပင် တိုက်ခိုက်နေသည်။

တိယန်စင်းကတော့ ရှောင်တိမ်း၍သာ နေသည်။

"ဝှီး"

"ဖြောင်း"

တစ်ချက်တွင် တိယန်စင်း ကန်လိုက်၏။ အစောင့်သည် လှံရောလူပါ လွင့်စဉ်သွားသည်။

လှံသမားသည် ခံနိုင်ရည်ရှိသူဖြစ်၏၊ ပြန်ထလာသည်။

"ကျား"

လှံသမားသည် ဒေါန်သွင်းလျက် ပြေးဝင်ကာ တိယန်စင်းအား လှံဖြင့် ထိုးလေ၏။ တိယန်စင်းသည် ရှောင်လိုက်လေသည်။

"ကျား"

နောက်တစ်ကြိမ် ပြေးဝင်လာပြန်သည်။

သည်တစ်ကြိမ်တော့ တိယန်စင်း ခွင့်မလွှတ်တော့ချေ။



မိုးပြိုလက်သီးကို အသင့်အတင့် အားလွှတ်ပြီး ပစ်သွင်းလိုက်၏။ လက်သီးသည် ထိထိမိမိ အရှိုက်သို့စင်သွားသည်။

"အင့်"

လှံသမားသည် မည်သည့်စကားမျှ မပြောနိုင်တော့ဘဲ ခွေကျသွား၏။

တိယန်စင်းသည် လှံတံကို ရိုက်ချိုးပစ်လိုက်၏။

"ဖြောင်း"

လှံသမားလည်းလဲကျ၊ လှံသည်းကျိုးသွားလေပြီ။ နတ်ကွန်းအနောက်ဘက်မှ အစောင့်နှစ်ယောက်ကို တိယန်စင်း ရှင်းပြီးလေပြီ။

နတ်ကွန်း၌ရှိနေသော အဓိကလူနှင့် တွေ့ရပေတော့မည်။

ထိုအဓိကလူက မည်သူနည်း။

www.burmeseclassic.com

## အခန်း (၁၅)

### အဖြူအညိုး တိုက်ပွဲ

အမှောင်ထဲမှ အစိမ်းရောင်ဝတ်စုံကို ဝတ်ဆင်ထားသူသည် စူးရဲတောက်ပစွာ ကြည့်ပြီး တိယန်စင်းရှိရာသို့ တရွေ့ရွေ့လျှောက်လာလေ၏။

သူ့ခြေလှမ်းသည် ညင်သာသည်။ သူသည် ဒေါသထွက်နေသော်လည်း ခြေလှမ်းကိုပေါ့ ညင်သာစွာလှမ်းသည်။

"မင်ဗျား ဘယ်သူလဲ"

သူက လှမ်းမေးသည်။

"ငါ့ကိုမမေးနဲ့၊ မင်း ဘယ်သူလဲဆိုတာသာပြော၊ ငါ သိချင်တာက မင်းဘယ်သူလဲဆိုတာပဲ"



တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် မေးခွန်းထုတ်နေလေ၏။

"ကျုပ်က ကောင်းကင်နဂါး လီဆူရှင်းပဲ"

လီဆူရှင်းက တိုတိုပဲ ပြောသည်။

"ငါက မင်းကိုတွေ့ချင်လို့ ဒီကိုရောက်လာတာကွ၊ ငါ့ကို အများက တိယန်စင်းလို့ သိကြတယ်"

တိယန်စင်းနှင့် လီဆူရှင်းတို့သည် မီးရောင်အောက်၌ တွေ့ဆုံခဲ့ကြလေပြီ။

တိယန်စင်း အံ့သြသွားသည်။ လီဆူရှင်းသည် ငယ်ရွယ်သူဖြစ်၏။

ယူချင်းထန်၏ အသက်အရွယ်မျှလောက်သာ ရှိသည်။

မိန်းကလေးများ ချစ်ကြိုက်လောက်သည့် ရုပ်ရည်ရှိသည်။

သူ၏ မျက်လုံးများက အေးစက်မာကျောသည်။ သည်မျက်လုံးပိုင်ရှင်က သွေးအေးအေးနှင့် ရက်စက်တတ်သူများဖြစ်ကြောင်း တိယန်စင်း ကောင်းစွာသိသည်။

"ခင်ဗျားလာတဲ့ကိစ္စကို ကျုပ်သိချင်တယ်"

www.burmeseclassic.com



"ဟား....ဟား....ဟား....ငါ ဘာကိစ္စ လာတယ်ဆိုတာ မင်း မှန်းဆကြည့်စမ်းပါ"

"လူတစ်ယောက်တွေ့ရုံနဲ့ ဒီလူ ဘာကိစ္စ လာတယ်ဆိုတာ ကျုပ် မသိနိုင်ဘူး"

"ဒီလိုဆိုရင် ငါပြောမယ်၊ ပထမအချက်က မင်းခိုးသွားတဲ့ လက်နက်မဲ့သိုင်းကျမ်း၊ အဲဒါကို ငါပြန်လိုချင်တယ်"

လီဆူရှင်း မျက်နှာပျက်သွား၏။

"နောက်တစ်ချက်ကရော ဘာလဲ"

ကောင်းကင်နဂါး လီဆူရှင်းသည် ပျက်သွားသော မျက်နှာကို ပြန်လည်ပြင်ဆင်ရင်း ခမ်းလိုက်သည်။

"ဒုတိယအချက်ကတော့ မင်းကြောင့် ဒုက္ခတဘဝရောက်နေတဲ့ ငါ့တပည့်ယူချင်းထန်အတွက် နဂါးအဆိပ်ဖြေဆေးကို လိုချင်တယ်"

လီဆူရှင်းက ခြိုးလိုက်သည်။

တိယန်စင်းက ဆက်ပြောသည်။

"နောက်ဆုံး တစ်ချက်က အဲဒီပစ္စည်းနှစ်ခုကို ရပြီးရင် မင်းဆီက ကတိတစ်ခုတောင်းခံဖို့ပဲ"



"ဘာကတိလဲ"

"သိုင်းလောကသားတွေကို ဘယ်တော့မှ ဒုက္ခမပေးတော့ပါဘူးဆိုတဲ့ ကတိလေ"

"ဟား....ဟား....ဟား"

"မင်း ဘာရယ်တာလဲ"

"ရယ်ချင်တာပေါ့ဗျာ၊ ခင်ဗျား တောင်းခံနေတာတွေက အများကြီး၊ ဒီလောက်များများ တောင်းလို့ပုနိုင် မရနိုင် ခင်ဗျား စဉ်းစားပါဦးလား"

လီဆူရှင်း၏အပြောက မာန်ပါသည်။

တိယန်စင်း မျက်နှာပျက်သွား၏။

မဆိုစလောက်ယာ။

သူ မျက်နှာပျက်သွားသည်ကို လီဆူရှင်း မသိလိုက်ပါ။

"မင်း ဘာတွေပြောနေတယ်ဆိုတာ မင်းသိရဲ့လား"

မခန့်လေးစား ပြောနေသည့် လီဆူရှင်း၏ အမူအရာကို တိယန်စင်း လွန်စွာဒေါသဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်....

သူ ဒေါသထွက်သည့်အရိပ်အယောင် လုံးဝမတွေ့ရချေ။

“ကျုပ် ဘာပြောနေတယ်ဆိုတာ ကျုပ်သိတယ်၊ ခင်ဗျား လိုချင်တာတွေအားလုံး ကျုပ်ဆီမှာရှိတယ်၊ ကျုပ်အနေနဲ့ ပေးချင်ပေးနိုင်တယ်၊ မပေးချင်ရင်လဲရတယ်....

“ဒါပေမယ့် ခင်ဗျား ကျုပ်ဆီက အတင်းအကျပ်လိုချင်ရင်တော့ ဒီလိုပျော့ပျော့နဲ့ မရဘူး၊ ကျုပ်နဲ့တိုက်ခိုက်ရမယ် ကျုပ်ကိုနိုင်ရင်တော့ ရမယ်ပေါ့ဗျာ”

တကယ်တော့ တီယန်စင်းသည် သူ့အတိုးအရွယ် ဖြစ်သည်။

တီယန်စင်း၏အတွေ့အကြုံကို သူ မသိချေ။

“ကောင်းပြီ၊ မင်းနဲ့ယှဉ်ပြိုင်ဖို့ အဆင်သင့်ပဲ၊ ငါ ဒီကိုလာတာ မင်းနဲ့ပြိုင်ချင်လို့ပဲ”

“ပြိုင်ချင်ရင် ပြိုင်ချင်တယ်ပြောပေါ့၊ ဘာဖြစ်လို့ ခင်ဗျား အပိုစကားတွေ ပြောနေရတာလဲ၊ ကျုပ်က ဘယ်သူ့ကိုမှ လူရွေးတာမဟုတ်ဘူး”

“ရတယ်၊ လူမရွေးလေ ငါက ကြိုက်သေးပေါ့ကွာ”



တီယန်စင်းသည် အလွန်ဒေါသထွက်နေ၏။

သူသည် ကောင်းကင်နဂါးနှင့် တိုက်ခိုက်ရန် ပြင်ဆင်လိုက်သည်။

ကောင်းကင်နဂါးကတော့ အေးအေးဆေးဆေးပင်။

“ကျား”

“ဟူး”

မာန်သွင်းပြီး နှစ်ဦးစလုံး ပြေးဝင်ပြီး လက်ဝါးချင်း ဆိုက်ကြ၏။

“ဝုန်း”

တီယန်စင်းရော လီဆူရှင်းပါ နောက်သို့ သုံးလှမ်းခန့်စီ ဆုတ်သွားကြသည်။

* * *

တီယန်စင်းသည် အားကုန်မထုတ်ပေ။ ချိန်ရိုက်လိုက်ခြင်းသာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လီဆူရှင်း၏အတွင်းအား မည်မျှရှိသည်ကို သိလို၍ ရိုက်ထိုက်ခြင်းဖြစ်သည်။

တကယ်တော့ လီဆူရှင်း၏အတွင်းအားလည်း မဆိုးပေ။

သတိဝီရိယထားဘဲ အဝိုက်မိသွားလျှင်တော့ တိယန်စင်း ဒဏ်ရာရောက်နိုင်သည်။

"ဆရာကြီးကို လျှော့တွက်မိတယ်၊ ကောင်းကင်နဂါးဆိုတဲ့ကောင်ဟာ အင်မတန် ကောက်ကျစ်ယုတ်မာတယ်၊ ကောင်ဟာ မနိုင် နိုင်ရာနဲ့တိုက်တတ်တယ်"

ဆရာကြီးတိယန်စင်းသည် တပည့်ဖြစ်သူ ယူချင်းထန်ပြောသည်ကို သတိရလာလေ၏။

ယ့်သော်...

ကောင်းကင်နဂါးကို တပည့်ဖြစ်သူပြောသလောက် ထိုင်ဖို့ မလိုဟု သူ ဆုံးဖြတ်သည်။

လို့နောက်...

အပြင်းအထန် တိုက်ခိုက်ကြတော့၏။

ကောင်းကင်နဂါးသည် လက်နက်မဲ့သိုင်းပညာထဲမှ ပညာများကို တစ်ခုပြီးတစ်ခု ထုတ်သုံးနေသည်။



တိယန်စင်းသည် တိုက်စစ်ဆင်နိုင်သည့် အနေအထား ရောက်နေသည်။

သူသည် အထက်စီးက တိုက်ခိုက်နေသည်။

တိယန်စင်းသည် ဒေါသထွက်နေသော်လည်း တိုက်ကွက်များကိုမူ ပီပီရိရိထုတ်နိုင်သည်။

သို့သော် မိုးပြိုလက်သီးသိုင်းကွက်ကို သုံးချင်မှသုံးရမည်ဟု သူထင်မိသည်။

ယခုအထိ ကောင်းကင်နဂါး၏ တိုက်ကွက်များကို သူ ခုခံနိုင်နေ၍ ထိန်းချုပ်နိုင်ဆဲ ရှိနေသည် မဟုတ်ပါလား။

ကောင်းကင်နဂါးသည် တိယန်စင်း မိုးပြိုနဂါးသိုင်းကွက် ထုတ်မည်ကို အလွန်စိုးရိမ်သည်။

မိုးပြိုနဂါးသိုင်းကွက်ကို မထုတ်သမျှ သူ စိုးရိမ်စရာမရှိဟု ယုံကြည်သည်။

သူသည် ယူချင်းထန်နှင့် တိုက်ခိုက်စဉ်အခါက မိုးပြိုလက်သီးသိုင်းကွက်ကို သူ ကြောက်လန့်ပြီး နဂါးအဆိပ် သုံးခဲ့သည် မဟုတ်ပါလော။

ယခု သူ ကြောက်နေသည်။ ယူချင်းထန်၏ ဆရာနှင့်မှ လာတွေ့နေသည်။

www.burmeseclassic.com

www.burmeseclassic.com



တိယန်စင်းသည် မမျှော်လင့်ဘဲ ရောက်လာခဲ့သူဖြစ်၏

ထို့ကြောင့် သူသည် အထူးပြင်ဆင်မှုကို မပြုလုပ်ခဲ့ရချေ ထိုအချက်သည် ကောင်းကင်နဂါး၏ အားနည်းချက် ဖြ ရပ် ဖြစ်သွားခဲ့၏။

"ဝုန်း"

"ဝုန်း"

မိုးပြိုလက်သီး တိယန်စင်း တိုက်ကွက်များမှာ လွန်စွာ ကြောက်မက်ဖွယ်ကောင်းလှ၏။ တဝုန်းဝုန်း မြည်ဟည်း သည်။

တိယန်စင်းမှာ အသက်အရွယ် ကြီးနေသဖြင့် သက်ထ မကောင်းဟု ထင်ရန် အကြောင်းရှိသော်လည်း သူ၏သား အရွယ်ဖြစ်သော လီဆူရှင်းထက်ပင် သွက်လက်မြန်ဆန်နေ သေးသည်။

အကြိတ်အနယ်ယှဉ်ပြိုင်ရသော တိုက်ပွဲဖြစ်သဖြင့် သူ သည် အထူးသတိထားနေရ၏။

မိုးပြိုလက်သီးသိုင်းကွက်များ ထုတ်လျှင် အခက်အခဲ ရှိမည်ကို သူမသိနိုင်ပေ။



လီဆူရှင်းသည် တစ်ကွက်ချင်း နောက်ဆုတ်နေရလေ၏။ ကိန်နက်မဲ့သိုင်းကျမ်းထဲ၌ မိုးပြိုလက်သီးသိုင်းကွက်မပါဝင် သည်ကို လီဆူရှင်းသိသည်။

ဤအတွက် သူ ဘောက်ဘာခေါက်ခေါက် ဖြစ်နေခဲ့ရ သည်။

မိုးမြေသိုင်းကွက်၊ စင်ရော်တောင်သိုင်းကွက်၊ မျောက် င်းကွက်၊ သိမ်းငှက်စွန်ကုတ်သိုင်းကွက်များစွာ ပါရှိသည်။

မည်သို့ပင်ဖြစ်စေ မိုးပြိုလက်သီးသိုင်းကွက်ကို သူ မသုံးမိ အား အနိုင်တိုက်လိုက်လျှင် ကိစ္စပြတ်သွားမည် မဟုတ် ါလား။

ထို့ကြောင့် သူသည် အာရုံကိုတည်ငြိမ်စွာထား၍ တိယန် င်းအား တိုက်ခိုက်လေတော့၏။

သူသည် တိယန်စင်းထက် အသက်ငယ်သူဖြစ်၍ အမော ခံနိုင်မည်ဟု သူယုံကြည်သည်။

သို့သော် တိယန်စင်းကိုလည်း လျှော့တွက်၍ မရချေ။ သူ သည်မှာ စွမ်းအားရှိကြောင်း ပြသရပေမည်။

"ဖုန်း"

"ဖုန်း"

www.burmeseclassic.com



မီးလက်ဝါးသိုင်းကွက်ကို သုံးပြီးရိုက်ချသည်။ ကော... ကင်နဂါး လီဆူရှင်းသည် တစ်ပတ်ကျွမ်းပစ်၍ ခုန်ထွ... လာသည်။

သူ ခုန်ထွက်မိသည်မှာ မှန်သွားသည်၊ တိယန်စင်းသ... သူ့အား ချောင်ပိတ်၍ဘိုက်ခိုက်ရန် ကြံရွယ်ထားခြင်း ... သည်။

သူသာ မရှောင်မိလျှင် ချောင်ပိတ်မိသွားနိုင်ပေသ... တိယန်စင်းသည် စိတ်လိုက်မာန်ပါ လိုက်မတိုက်ချေ။

"မင်းက ဘယ်ဆိုးလို့တုံး၊ ထင်ထားတာထက်တေ... တော်နေပါလား၊ ဒီအကွက်ကို မင်း ရှောင်နိုင်သားပဲ"

တိယန်စင်းက ချီးကျူး၏။

"ခင်ဗျား ကျုပ်ကို ဘာမှ ပြောစရာမလိုဘူးအသိုး... ကျုပ်ကို နိုင်အောင်တိုက်"

လီဆူရှင်းက မဲ့ပြုံးပြုံး၍ ပြန်ပြောလေ၏။

သူတို့တိုက်ပွဲက မပြီးဆုံးသေးချေ။ အနိုင်အရှုံး အ... အကျေ တိုက်ရမည့်တိုက်ပွဲပေတည်း။

* * *



...ိုက်ပွဲကတော့ ထိုက်သင့်သလောက် အချိန်ကြာခဲ့ပြီဖြစ်... ဆရာကြီး တိယန်စင်းသည် အသူရာချောက်ကြီးထဲတွင် ...ကိုယ်တည်းနေစဉ်အခါက ယင်းပညာများကို လေ့ကျင့်... သော်လည်း အပြိုင်အဆိုင်မရှိသဖြင့် အသေအကျေ လေ့... ...ျင့်ခြင်း မရှိခဲ့ချေ။

...ထိုအကျိုးကျေးဇူးသည် အပြိုင်အဆိုင် အသေအကျေ ...ပြိုင်ရသောအခါ ပေါ်လွင်လာသည်။ သူဓာချင်သလို ...စ်လာသည်။

သူတို့သည် တစ်ဦးကိုတစ်ဦး အညစ်ချောင်းနေကြ၏။

တိုက်ကွက်တွင် တိယန်စင်းက ပထမပိုင်းအသာစီးရနေ... သော်လည်း နောက်ပိုင်းတွင် သူ တင်ကိုယ်တင် ဖြစ်လာ၏။

သူတို့နှစ်ဦး ယှဉ်ပြိုင်ပွဲမှာ ယှဉ်ပြိုင်ပွဲမဟုတ်ချေ။ အသက် ...ပွဲသာ ဖြစ်လေ၏။

ထိုပွဲ၌ ရှုံးနိမ့်သူသည် လောကကြီးထဲမှ ခွန့်ခွာသွားရပေ... သည်။

ထို့ကြောင့် သူတို့သည် သတိကြီးစွာထားပြီး ယှဉ်ပြိုင် ...နေကြခြင်းဖြစ်သည်။

"ကျား"

www.burmeseclassic.com

www.burmeseclassic.com



''ဖြောင်း''

''ဝုန်း''

နှစ်ဦးစလုံး လေထဲ လွင့်မြောက်ပြီး တိုက်ခိုက်ကြသည်။

လီဆူရှင်း၏ စွန်ကုဘ်လက်သည်း သိုင်းကွက်ကြောင့် ဖြ
ပြိုလက်သီး တိယန်စင်း၏ အင်္ကျီစတစ်စ လီဆူရှင်း၏လက်
ထဲ ပါလာသည်။

''ဘယ်လိုလဲ အတိုးကြီး၊ အခုထိ စိတ်မလျှော့သေးဘူး
လား''

ကောင်းကင်နဂါး လီဆူရှင်းက ရိသဲ့သဲ့ဖြင့် လှမ်းမေး
လေသည်။

သူ မေးနိုင်သည်လေ။

ယခုအချိန်အထိ သူက လက်ရည်တူ ယှဉ်ပြိုင်နိုင်နေ
မဟုတ်ပါလား။

''မင်း အပိုတွေပြောမနေပါနဲ့၊ ငါကလဲ မင်းကို အသေ
တိုက်မှာပဲ၊ မင်းကလဲ ငါ့ကို အသေတိုက်မှာပဲ၊ ငါ့ကို အသေ
တိုက်နိုင်အောင် ကြိုးစား''

နှစ်ဦးစလုံး တိုက်ပွဲကို ပြန်စကြလေ၏။



သူတို့သည် တစ်ဦးကိုတစ်ဦး အလစ်မပေးကြပေ။ ကျား
ချောင်း ချောင်းနေကြ၏။

သူတို့နှစ်ဦးတွင် ထူးခြားချက်ရှိသည်။

တိယန်စင်းသည် လက်တွေ့လေ့ကျင့်ထားသူဖြစ်၏။

လီဆူရှင်းကား သိုင်းကျမ်းကိုကြည့်၍ လေ့ကျင့်ရသူဖြစ်
သည်။

လက်တွေ့လေ့ကျင့်ထားသူနှင့် သိုင်းကျမ်းကြည့်၍ လေ့
ကျင့်ထားသူ မတူချေ။

လက်တွေ့လေ့ကျင့်ထားသူမှာ အစစအရာရာ ချောမွေ့
နေသည်။

သိုင်းကျမ်းကြည့်၍ လေ့ကျင့်သူမှာ မချောမွေ့ပေ။ အဖု
အထစ်နှင့် ဖြစ်သည်။

တိယန်စင်း တိုက်ခိုက်နေသည်မှာ အလွန် ချောမွေ့နေ
သည်။

အနည်းငယ် မောဟိုက်သည့်ဒဏ်တော့ ခံရသည်။

လီဆူရှင်းမှာ တစ်ခါတစ်ရံ တိုက်လိုက်၊ တစ်ခါတစ်ရံ
နှင့်ရှော်လိုက်ဖြင့် ပူးတုံခွာတုံ တိုက်နေရသည်။ သူ ညာဏ်
ရှိမှ ဖြစ်ပေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



လီဆူရှင်းသည် တစ်ဖက်ခန်းထဲသို့ လှိမ့်၍ ရှောင်ထွက်သွားလေ၏။

''ဝုန်း''

''ဖြောင်း''

တီယန်စင်းသည် လက်ဝါးနှင့် လိုက်ရိုက်လေ၏။

လီဆူရှင်းက အော်ဟစ်အမိန့်ပေးလိုက်သည်။

''မီးရှို့''

''ခွမ်း''

မှန်အိမ်သည် ပြုတ်ကျသွား၏။

တီယန်စင်း ထင်ထားသည်မှာ ထိုမှန်အိမ်မီးဖြင့် နံရံကွန်းကိုရှို့ရန် အမိန့်ပေးသည်ဟုထင်သည်။

သို့သော်....

သူ့အထင် မှားခြင်းသာ။

''ရှူး....ရှူး....ရှူး''

မီးတောက်မီးလျှံများသည် ဟရှူးရှူးဖြင့် ပန်းထွက်လာတော့၏။

မီးတောက်မီးလျှံများ၏ ဦးတည်ချက်မှာ တီယန်စင်းဆီသို့သာ။



တီယန်စင်း မျက်နှာပျက်သွား၏။

မီးလျှံများသည် တဖြည်းဖြည်း များလာသည်။ ပြင်းထန်လာသည်။

ထိုစဉ်...။

မီးအပူကြောင့် တီယန်စင်း တိုက်ကွက်မှားသွားသဖြင့် ကျောပြင်၌ လီဆူရှင်း၏လက်ဝါးရိုက်ချက် မိသွားသည်။

''ဝုန်း''

''အား''

တီယန်စင်းသည် ရှေ့သို့ ငိုက်ဆင်းသွားလေ၏။ သူ့တစ်ကိုယ်လုံး ပူခြစ်လာသည်။

လီဆူရှင်းသည် အခွင့်အရေးကို လက်လွတ်မခံတော့ပေ။ သူသည် နှစ်ချက်ဆင့်ရိုက်လိုက်၏။

''ဝုန်း''

''ဝုန်း''

ဟန်ချက်ပျက်သွားသော တီယန်စင်းမှာ နှစ်ချက်ဆင့်အရိုက်မခံလိုက်ရသည်။

ထို့ကြောင့်...

တီယန်စင်းမှာ တစ်ကိုယ်လုံး ချာချာလည်နေရှာပြီ။ မြေပြင်ပေါ်သို့ ပိုးတိုးပတ်တောင်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် မီးများအကြားမှ ပိုးထွက်ရန် ကြိုးစားသည့် မျက်လုံးများ ပြာဝေနေခဲ့လေပြီ။

လီဆူရှင်းသည် အဆိပ်သံလက်ကို လက်၌ တပ်ဆင်လိုက်သည်။

"စွပ်"

"အား"

တိယန်စင်း၏ကျောပြင်သို့ အဆိပ်သံလက် စူးနစ်ဝင်သွားသည်။

"မင်း...မင်း...လူယုတ်မာ"

"ဟား....ဟား...ဟား....နိုင်ဖို့ မနိုင်ဖို့သာ အဓိကပါဗျား တိုက်ခိုက်မှုကတော့ ကြိုက်သလိုတိုက်ခိုက်နိုင်ပါတယ်"

"စွပ်"

"အား"

ကောင်းကင်နဂါး လီဆူရှင်းသည် တိယန်စင်း၏ ရင်ခွင်အား ထိုးဖောက်လိုက်၏။

တိယန်စင်း အသက်ထွက်သွားလေ၏။

သူသည် မမျှော်လင့်ဘဲ အငိုက်မိသွားခြင်းဖြစ်လေသည်။ တစ်ချက်အငိုက်မိသွားသည်နှင့် အသက်ပေးသွားရခြင်း ဖြစ်သည်။



"ဟား...ဟား...ဟား....ခင်ဗျားလိုချင်တာတွေ ရသွားပြီ မဟုတ်လား"

သူသည် ဟားတိုက်ရယ်မောရင်း တိယန်စင်း၏ရင်ဘတ်ပေါ်သို့ ခြေတင်လိုက်လေ၏။

အောင်နိုင်သူသည် ဤကဲ့သို့ ရယ်မောနိုင်ပေ၏။

သို့သော်...

သူ့အောင်နိုင်မှုကား သန့်ရှင်း မရှင်း သိဖို့လိုပေ၏။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

### စိုင်းဝန်းဆိုက်ရန် ဆူညံကြ

ဟူတန်တောင်ပေါ်သို့ လူလေးယောက်သည် လူတစ်ယောက်ကိုထမ်း၍ တက်လာ၏။

အစောင့်များသည် ထိုလူလေးဦးကို တားဆီးလိုက်လေသည်။

"ရပ်စမ်း၊ ဘယ်သူ့ကို သယ်လာတာလဲ"

ထိုလူလေးယောက်မှာ အရပ်သားများဖြစ်သည်။

သူတစ်ဦးက ပိုက်ဆံပေး၍ ဤအလောင်းအား ဟူတန်ဂိုဏ်းသို့ ပို့ခိုင်းခြင်းဖြစ်သည်။



ဟူတန်ဂိုဏ်းသားများသည် အလွန်အံ့သြသွား၏။

ထို့ကြောင့် ဂိုဏ်းချုပ်ကြီးကို အလျင်အမြန်အကြောင်းကြားကြလေ၏။

သတင်းပို့သူသည် ဂိုဏ်းချုပ်ကြီးကို တွေ့ရသောအခါ ဖြစ်ရပ်မှန် အကြောင်းကြားလေ၏။

"ဘာ...အလောင်းဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ၊ ဂိုဏ်းချုပ်ကြီး လာကြည့်စေချင်ပါတယ်"

ဟူတန်ဂိုဏ်းချုပ်ကြီးသည် အလောင်းရှိရာသို့ အလျင်အမြန် သွားရောက် လေတော့၏။

"ဂိုဏ်းချုပ်ကြီး ဒီမှာ အလောင်း"

ဂိုဏ်းချုပ်ကြီးသည် အလောင်းကို သေချာစွာ ကြည့်သည်။

သူသည် တဖြည်းဖြည်း ဒူးထောက် ထိုင်ကျ သွားသည်။

"ဖြစ်ရလေ ဂိုဏ်းချုပ်ကြီးရယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟူတန်ဂိုဏ်းချုပ်ကြီး၏ စကားကို ကြားရသောအခါ ဟူတန်ဂိုဏ်းသားများသည် နားမလည်နိုင်အောင် ဖြစ်သွားကြသည်။

''ဘယ်လိုလဲဂိုဏ်းချုပ်ကြီး ဘယ်သူ့ကိုဂိုဏ်းချုပ်ကြီးလို့ ခေါ်နေရတာလဲ ဂိုဏ်းချုပ်ကြီး''

''အခုသေနေတဲ့သူဟာ ဟိုအရင်ကဂိုဏ်းချုပ်ကြီးဟောင်း တီယန်စင်းပဲ၊ မင်းတို့ မသိမမီခင်က ဂိုဏ်းချုပ်ကြီးဖြစ်သွားတဲ့ သူပဲ''

ဂိုဏ်းချုပ်ကြီးသည် ဝမ်းနည်းကြေကွဲစွာဖြင့် ဂါရဝပြုလေသည်။

သူသည် ဤအလောင်းကို မည်သူ ပို့ခိုင်း လိုက်သည်ကို ချက်ဆို နားခွက်က မီးတောက်ပြီးသိသည်။

ကောင်းကင်နဂါးမှလွဲ၍ မည်သူရှိမည်နည်း။

ဂိုဏ်းချုပ်ကြီး တီယန်စင်းသည် ကောင်းကင်နဂါးကို ဖြို့ခွင်းတိုက်ခိုက်မည်ဟု သူ့ကို ကတိပေးသည်။

ယခု အသေခံပြီး သူ့ကတိကို အကောင်အထည် ဖော်ခဲ့လေပြီ။



''အဖြစ်ကဆိုးလှချည်လား ဂိုဏ်းချုပ်ကြီးရယ်၊ဒီကောင့်ကိုမှ ဆရာကြီး ရှုံးရတယ်လို့''

ဟူတန်ဂိုဏ်းချုပ်ကြီးက ကြေကွဲစွာ ပြောလေ၏။

''ကဲ...ကဲ...လာပို့တဲ့လူတွေ ပြန်နိုင်ပြီ''

လာပို့သူများမှာအရပ်သားများသာဖြစ်၍ သိုင်းလောက အချုပ်အထွေးကို မသိသူများဖြစ်သည်။

ထို့ကြောင့် ဟူတန်ဂိုဏ်းချုပ်ကြီးက ပြန်ခိုင်းလိုက်ခြင်း ဖြစ်သည်။

''ကဲ...အလောင်းကို ခန်းမထဲ သယ်ကြ''

ဟူတန်ဂိုဏ်းသားများသည် အလောင်းကို ခန်းမထဲသို့ သယ်သွားကြလေ၏။

ညှော်ခန်းမထဲ၌ အလောင်းကို ပြင်ဆင်စေပြီး ဟူတန်ဂိုဏ်းသား အားလုံး စုစည်းစေသည်။

ဟူတန်ဂိုဏ်းချုပ်ကြီးက ရှင်းပြသည်။

''သူဟာ တခြားလူ မဟုတ်ဘူး၊ ဟူတန်ဂိုဏ်းချုပ်ကြီးဟောင်းပဲ''

www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

"အို"

"ဟင်"

အာမေဍိတ်သံများ ဆူညံသွား၏။

"ဂိုဏ်းချုပ်ကြီးဟာ ကျုပ်တို့ ဟူတန်ဂိုဏ်းနဲ့ တိုင်[...] ဂိုဏ်းတို့စည်းလုံးညီညွတ်ရေးမပြိုကွဲအောင် သူ့တာဝန်ကို[...] မြှုပ် နေထိုင်ခဲ့သူပါ၊ အင်မတန်မှ လေးစား ကြည်ညို[...] ကောင်းတဲ့ ပုဂ္ဂိုလ်ကြီးပါ"

သူသည် ဟူတန်ဂိုဏ်းသားများအား ကြည့်လိုက်၏။

အားလုံးငြိမ်သက်စွာ နားထောင်နေသည်ကို တွေ့[...] အခါ ဆက်၍ ရှင်းပြလေ၏။

"အခုလဲ ငါ့ကို ကတိပေးထားတဲ့အတိုင်း သူဆောင်[...] ခဲ့တာ၊ သိုင်းလောကထဲက "ကောင်းကင်နဂါးကို နှိမ်န[...] ကတိပေးခဲ့တယ်...."

"ကတိပေးထားတဲ့အတိုင်း သွားတိုက်တယ်၊ အခု[...] အသက်ခံလိုက်ရပြီ"



ဂိုဏ်းသားအားလုံးသည် မမြင်မသိခဲ့ရသော ဂိုဏ်းချုပ်ကြီးအတွက် ဝမ်းနည်းကြေကွဲနေကြရ၏၊

ဤသို့ဖြင့် ဟူတန်ဂိုဏ်းချုပ်ဟောင်းအတွက် သင်္ဂြိုဟ်ပွဲကို ပြင်ဆင်ရှာတော့သည်။

တိုင်မေဂိုဏ်း၊ ရှောင်လင်ဂိုဏ်း၊ ခြေသလုံးအိမ်တိုင်ဂိုဏ်း၊ ကြီးကြာဂိုဏ်းနှင့် အခြားအဖွဲ့အားလုံး တက်ရောက်လာကြသည်။

သိုင်းလောကတွင် သစ္စာရှိရှိ တာဝန်သိသိ အသက်စွန့်သွားသူ ဂိုဏ်းချုပ်ကြီးဟောင်းအတွက် လွန်စွာစိတ်မကောင်းဖြစ်ကြသည်။

"ဂိုဏ်းချုပ်ကြီးဖော ဇာတ်မြှုပ် နေတာရှင့်၊ ကျွန်မနဲ့ ဟူတန်ဂိုဏ်းချုပ်ကြီးဟာ အသူရာ ချောက်ကြီးထဲမှာ သွားတွေ့ရတာ...."

"သူက ကောင်းကင်နဂါးကို တိုက်ခိုက်ပေးမယ်လို့ကတိ ပေးခဲ့တယ်၊ အဲဒီကတိအတိုင်း သူသွားတိုက်တာ ပေါ့ရှင့်၊ ခုတော့...."

တိုင်မေလက်ထောက်ဂိုဏ်းချုပ်က ရှင်းပြလေ၏။

ကျန်သော ဂိုဏ်းချုပ်များ ခေါင်းတညိတ်ညိတ် ဖြစ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



''မိုးပြိုလက်သီး သိုင်းကွက်ပါ ဒီလောကထဲက ပျောက်သွားပြီပေါ့နော်''

ကြိုးကြာဂိုဏ်းချုပ်ကပြော၏။

''အင်း.... အခုတော့ ပျောက်ကွယ်သွားပြီလို့ ပြောရမှာပေါ့ဗျာ''

ခြေသလုံးအိမ်တိုင် ဂိုဏ်းချုပ်က ခေါင်းညိတ်ပြီး ပြောသည်။

နတ်ဈေးဝင်း အဘိုးအိုက....

''အခု ကောင်းကင်နဂါးက လက်နက်မဲ့ သိုင်းကျမ်းကို ရရှိပြီး ကျုပ်တို့တီထွင်ထားတဲ့ သိုင်းပညာအမျိုးမျိုးကို လေ့ကျင့်ထားတော့ ကျုပ်တို့ဟာ သူ့ကို တိုက်ခိုက်နှိမ်နင်းဖို့ ခက်နေတာပေါ့....

''သူ့ကိုတိုက်ခိုက်နိုင်မယ့် သူရဲကောင်းတစ်ယောက်ပေါ်ထွက်လာရင်တော့ သိပ်ကောင်းမှာပဲဗျာ''

ခြေသလုံးအိမ်တိုင် ဂိုဏ်းချုပ်က ထိုစကားကို သဘောတူသည်။

''ဟုတ်တယ်၊ ကျုပ်တို့ သူ့ကိုနိုင်မယ့် လူတစ်ယောက်ကိုတော့ စောင့်ရဦးမှာပေါ့ဗျာ''



''သိုင်းသမားသူရဲကောင်းဆိုတာလဲ အင်မတန်ရှားတယ်။ ဒါပေမယ့် တစ်ခုတော့ရှိတယ်....

''သိုင်းလောကမှာ အခက်အခဲတစ်စုံတစ်ရာရှိတိုင်း သူ့လိုလို ဒီအခက်အခဲကို ဖြေရှင်းပေးတဲ့လူကတော့ ပေါ်လာမှာပဲ၊ အခုလဲ ရှင်းပေးမယ့်လူကတော့ပေါ်လာမှာပဲ''

နတ်စောင်းအဘိုးအိုက ပြောလိုက်၏။

ဟူတန်ဂိုဏ်းချုပ်က....

''ကျုပ်တို့ ဒီလို ထိုင်စောင့်နေလို့ကတော့ မဖြစ်ဘူး၊ ခေါင်းညီညွှတ် အောင်ကြောင်းဖြာဆိုတဲ့ စကားလဲရှိတာပဲ၊ တော့ ကျုပ်တို့ဂိုဏ်းအားလုံး စုစုစည်းစည်း ညီညီညာညာ တိုက်ခိုက်ကြရင်တော့ ကောင်းကင်နဂါး မခံနိုင်ပါဘူး''

ကျန်သော ဂိုဏ်းသားများကလည်း ခေါင်းညိတ်လိုက်သည်။

''ဟုတ်တယ်...ဒီစကားကို ကျုပ်တို့လက်ခံတယ်''

သူတို့သည် တိယန်စင်း၏ အလောင်းကို ကောင်းစွာ မြှုပ်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟူတန်ဂိုဏ်းချုပ်က....

''ကဲ...ဂိုဏ်းချုပ်ကြီး တိယန်စင်းကို သင်္ဂြိုဟ်ပြီး ကောင်းကင်နဂါးကို ကျုပ်တို့ ဘယ်လို ဖြို ခွင်းမလဲဆိုတာ ဆွေးနွေးကြတာပေါ့''

ဂိုဏ်းချုပ်များသည် ကောင်းကင်နဂါး ဖြိုခွင်းရေး စတင်ဆွေးနွေးကြတော့၏။

* * *

ယူချင်းထန်သည် အံ့အားကြီးသင့်နေ၏။

''ဘာ....ဆရာကြီးဆုံးသွားပြီဟုတ်လား''

သူသည် ထိုမေးခွန်းကို အလျင်အမြန်ပင် မေးလေ၏။

''ဟုတ်တယ်....ယူချင်းထန်၊ ဆရာကြီး တိယန်စင်းကို ကောင်းကင်နဂါးက အသေသတ်လိုက်ပြီ၊ အဲဒီ သတင်းဟာ သိုင်းလောကတစ်ခုလုံး ပြန့်နေပြီ''



တန်ပိုးထိုက်က သူကြားလာရသည့် သတင်းကို ပြောပြခြင်းဖြစ်သည်။ ယူချင်းထန်မှာ ထိုသတင်းကို မယုံနိုင်အောင် ဖြစ်နေရသည်။

''မဖြစ်နိုင်ဘူး၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ဆရာသေ၊ ဆရာကြီး မသေရဘူး''

ယူချင်းထန်သည် ဦးခေါင်းကို လက်နှစ်ဖက်ဖြင့် ဖျစ်ညှစ်အော်ဟစ်နေ၏။

တန်ပိုးထိုက်သည် ယူချင်းထန် မည်မျှစိတ်ထိခိုက်သွားသည်ကို သိသည်။

ထို့ကြောင့်....

သေးမှ ဖျောင်းဖျနှစ်သိမ့်နေရသည်။

''ဂိုဏ်းချုပ်ကြီးတွေအားလုံးဟာ ဆရာကြီးတိယန်စင်းရဲ့ သင်္ဂြိုဟ်ပွဲကိုတက်ရောက်ခဲ့ကြတယ်၊ ဒီသတင်းဟာ ဘယ်လိုမှ ငြင်းကွယ်လို့ရတဲ့ သတင်းမဟုတ်ပါဘူး၊ မင်းသာစိတ်ခေတ် တည်ငြိမ်ခိုင်ခိုင် ရှိဖို့လိုပါတယ်''

ယူချင်းထန်မှာ ခေါင်းငိုက်စိုက်ကျနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် သူ့ဆရာကြီးက သူ့အား မိုးပြိုလက်သီး သိုင်းကွက်များ သင်ကြားပေးခဲ့သည်တို့ကို ပြန်လည်၍ သတိရနေသည်။

ဆရာကြီးသည် အလွန်ဖြောင့်မတ်တည်ကြည်သော ဆရာကြီး ဖြစ်သည်။

တိုင်မေဂိုဏ်းချုပ်ကြီး သေဆုံးရသည့်ကိစ္စနှင့်ပတ်သက်၍ ဂိုဏ်းနှစ်ဂိုဏ်း သွေးချောင်းစီးတိုက်ပွဲ မဖြစ်စေလိုသဖြင့် သူ့ဘဝသူ ဇာတ်မြှုပ်နေခဲ့သူဖြစ်သည်။

ကောင်းကင်နဂါးကို တိုက်ခိုက်ရာတွင်လည်း ရိုးရိုးသားသား တိုက်ခိုက်သူဖြစ်နိုင်သည်။

ကောင်းကင်နဂါးက ဉာဏ်နီဉာဏ်နက်များဖြင့် ဆန်းပြားပြား တိုက်ခိုက်နိုင်သည်။

အဘယ်ကြောင့်ဆိုသော်....

ကောင်းကင်နဂါးသည် အောက်လမ်းသိုင်းသမား ဖြစ်နေသောကြောင့်တည်း။

ကောင်းကင်နဂါး၏ ဘဝအစသည် မမှန်ကန်ချေ။

သူ့ကို အဆိပ်ခတ်၍ အနိုင်ယူရန် ကြိုးစားသည်။



သိုင်းကျမ်းကို ခိုးယူသည်။

ဘယ်မှာ အစကောင်းနိုင်ပါတော့မည်နည်း။

''မင်း ဘာလုပ်မလဲ ယူချင်းထန်''

ဓားဘီလူး တန်ပိုးထိုက်က မေးလိုက်၏။

''ငါ့ဆရာကြီးအတွက် လက်စားချေမယ်၊ အသေခံပြီး လက်စားချေမယ်၊ ကောင်းကင်နဂါးကို ငါသတ်မယ်''

ထိုအခါ လီပိုးကလည်း ဝင်ပြောသည်။

''အစ်ကိုယူချင်းထန်''

''ဘာလဲလီပိုး''

''အစ်ကိုနဲ့ ယှဉ်ပြိုင်ဖော့မလား''

''အေး....ယှဉ်ရတော့မှာပေါ့၊ သူက ဆရာ့ကိုတောင် သတ်လိုက်ပြီ''

''အစ်ကို သတိနဲ့ပြိုင်ရမယ်''

''ဘာဖြစ်လို့လဲ''

''သူဟာ လက်နက်မဲ့သိုင်းကျမ်းတစ်စောင်ကို ရရှိထားတယ်၊ အဲဒီပညာနဲ့ လူတွေကို လိုက်သတ်နေတယ်''

www.burmeseclassic.com

www.burmeseclassic.com



''လီပိုး...ယူချင်းထန်ဟာ လက်နက်မဲ့ သိုင်းကျမ်းကို မကြောက်ပါဘူး''

''သတိထားဖို့ ပြောနေတာပါ၊ အစ်ကိုယူချင်းထန်ဟာ လီပိုးကို မယုံဘူးလား၊ အစ်ကို့ကို နဂါးအဆိပ်ဖြေဆေးပေးတာ တော်ရုံတန်ရုံ စေတနာနဲ့ ပေးတာမဟုတ်ပါဘူး''

ယူချင်းထန် ခေါင်းငိုက်စိုက်ကျသွား၏။

သူသည် လီပိုးကို မယုံသလိုပြောမိ၏။ တကယ်တော့ သူ့အမှားပင်။

လီပိုးသည် သူ့အား စေတနာနှင့်ကူညီခဲ့သည်ကို သူအသိဆုံးဖြစ်သည်။

''အစ်ကို တောင်းပန်ပါတယ်လီပိုး၊ ဆရာကြီးအတွက် အစ်ကို အာရုံခံစားနေရပါတယ်၊ အစ်ကို စကားမှားရင် တောင်းပန်ပါတယ်''

လီပိုးသည် ခေါင်းငုံ့နေလေ၏။

လီပိုးသည် သူ့အစ်ကိုလီဆူရှင်းအကြောင်း သူသာအသိဆုံးဖြစ်သည်။

လက်နက်မဲ့သိုင်းကျမ်းထဲမှ သိုင်းပညာများကိုလေ့လာပြီး မည်မျှမောက်မာနေမည်ကိုလည်း သိသည်။



ယူချင်းထန် တောင်းပန်လိုက်သည့်အခါ လီပိုး ကျေနပ်သွားသည်။

''အစ်ကို ယူချင်းထန်''

''ဘာပြောမလို့လဲ လီပိုး''

''အစ်ကိုယူချင်းထန် လီပိုးပြောတဲ့ အကြံဉာဏ်ကိုလက်ခံမလား''

''ဘာအကြံဉာဏ်လဲ လီပိုး''

''ကောင်းကင်နဂါးကို အနိုင် တိုက်ခိုက်မယ် ဆိုရင် အစ်ကို့ကို လီပိုး သိုင်းကွက်တစ်ခု သင်ပေးချင်ပါတယ်''

ယူချင်းထန်သည် စဉ်းစားလိုက်၏။ သိုင်းပညာတစ်ခု တတ်လိုက်၍ သူမည်သို့မျှ အကျိုးယုတ်သွားမည် မဟုတ်ချေ။

* * *

''သင်မယ်''

ယူချင်းထန် ခေါင်းညိတ်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



''ဒါဖြင့် အစ်ကို ဒီမှာ ခဏစောင့်ပါ၊ ညီမ ယူစရာ တစ်ခုရှိတယ်၊ အဲဒါ အိမ်ထဲမှာ သွားယူရမယ်''

''သွားပါ...သွားပါ''

လီပိုးသည် သမင်မလေးသဖွယ် လှစ်ခနဲ ထပြေးသွား၏။

မကြာမီ သူမ ပြန်ရောက်လာသည်။ သူမ လက်ထဲတွင် စာအုပ်တစ်အုပ်ပါလာသည်။

သူသည် ထိုစာအုပ်ကို ယူချင်းထန်အား လှမ်းပေးလေ၏။

အဖိုအမ စွမ်းအားပြင်း အထူးသိုင်းကျမ်း....

သည်သိုင်းကျမ်းသည် ရွှေနဂါးဂိုဏ်းမှ အထူးလျှို့ဝှက်ထားသော သိုင်းကျမ်းဖြစ်သည်။

ထိုသိုင်းကျမ်းကိုလည်း လီပိုးသည် အဆိပ်ဖြေဆေးနှင့် အတူ ခိုးလာခဲ့သည်။

''ဒီသိုင်းကျမ်းဟာ ရွှေနဂါးမျိုးနွယ်တွေရဲ့ လက်စွဲ ရှေးဟောင်း သိုင်းကျမ်းတစ်စောင်ပါပဲအစ်ကို''

လီပိုး၏ မျက်နှာ ပန်းရောင်သမ်းသွားသည်။

''ကဲ...အစ်ကို၊ ဒီသိုင်းကျမ်းကို အရင် ဖတ်ကြည့်လိုက်ပါဦး၊ ညီမသွားမယ်''



လီပိုးသည် စာအုပ်ကို ပေး၍ ထွက်ခွာသွားလေ၏။

ယူချင်းထန်သည် ကျမ်းစာအုပ်ကို စတင် လှန်လေ၏။

အဖိုအမစွမ်းအားပြင်း အထူးသိုင်းကျမ်း....

စာမျက်နှာအစတွင် ကမ္ဘာဦးကတည်းက ပေါ်ပေါက်လာသည့် အဖိုနဲ့အမအကြောင်း နိဒါန်းပျိုးထားသည်။

လူ့သဘာဝ၌ စွမ်းအင်အမျိုးမျိုးရှိကြသည်။ စိတ်စွမ်းအင်မှာ အပြင်းထန်ဆုံးဖြစ်သည်။

အချို့စွမ်းအင်မှာ ငုပ်လျှိုးနေတတ်သည်။ ထိုစိတ်မှာ အတွင်းစိတ်ဖြစ်သည်။

စွဲလမ်းစိတ်၊ ချစ်စိတ်၊ တမ်းတစိတ်တို့ကိုလည်း စွမ်းအင်တစ်ခုအဖြစ် အသုံးချနိုင်ကြောင်း ဖော်ပြထားသည်။

ထူးခြားသော သိုင်းကျမ်းကို ယူချင်းထန် ဖတ်နေလေသည်။

ထို သိုင်းပညာကို အစွမ်းဆုံး တတ်မြောက်သွားပါက ကျောက်တောင်ကြီးလည်း ဖြိုနိုင်သည်။ သစ်ပင်ကြီးများကိုလည်း ဖြိုနိုင်သည်။

www.burmeseclassic.com



သစ်ပင်ကြီးများကိုလည်း ရိုက်လှဲနိုင်သည်။ အပူအအေးနှင့် အဖိုအမ စွမ်းအားတို့ မျှမျှတတ ရယူလျက် စွမ်းအားပြည့် အသုံးချနိုင်သော သိုင်းပညာဖြစ်သည်။

ဆရာကြီး တိယန်စင်းထံ၌ မိုးပြိုလက်သီး သိုင်းပညာကို သင်ယူသောအခါ၌လည်း အပူအအေး အဖိုနှင့်အမ စွမ်းအင်များကို မျှတစွာသုံးစွဲရန် သင်ယူခဲ့ရသည်။

ယခု ထိုသို့သုံးစွဲရန် ဖြစ်လာသောအခါ ပြောစရာမရှိတော့ပေ။

ယခု သူသည် တစ်ယောက်ယောက်နှင့် တွဲဖက်လေ့ကျင့်ရတော့မည်။

ဖင်းယုနှင့်လေ့ကျင့်မည်လား၊ လီပိုးနှင့် လေ့ကျင့်မည်လား။

ဖင်းယုမှာ သိုင်းပညာတတ်ကျွမ်းသော်သည်း မျက်မမြင်အိုတ ဖြစ်နေသဖြင့် လီပိုးနှင့် တွဲဖက်လေ့ကျင့်ရန် ယူချင်းသန် ဆုံးဖြတ်လိုက်သည်။

လီပိုးသည် ရွှေနဂါးဂိုဏ်းအမျိုးအနွယ်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ရွှေနဂါးဂိုဏ်း၏ လျို့ဝှက်သိုင်းကျမ်းကို ဂိုဏ်းဆက်ခံလာမည့်သူ အကျွမ်းတဝင် ဖြစ်ပေလိမ့်မည်။



ထို့ပြင် ထိုသိုင်းကျမ်းကို ခိုးယူလာခဲ့သူမှာ လီပိုးပင် ဖြစ်သည်။

လီပိုးသည်သာ သိုင်းကျမ်းကို ကျေညက်သူ ဖြစ်နိုင်ပေသည်။

ထို့ကြောင့်ပင် သူသည် ဖင်းယုအစား လီပိုးကို သူနှင့် တွဲဖက်လေ့ကျင့်ရန် ရွေးချယ်လိုက်ခြင်းဖြစ်သည်။

★

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၆)

## ထိုအခါနေသော ကွက်လပ်တစ်ခု

ကောင်းကောင်နဂါး လီဆူရှင်းသည် နယ်စပ်ဒေသမှ သူ့ဌာနချုပ်ကို ပြောင်းရွှေ့လိုက်၏။

ဌာနချုပ်သစ် တည်နေရာကား ဘီလူးတစ်ကောင် ကျောက်ရိုင်းတောင် ပင်ဟည်း။

ထိုနေရာသည် နေရာနှင့်သိုက်ဒအောင် ကြမ်းတမ်းသည့်နေရာဖြစ်၏။ လူသူ အရောက်အပေါက်မရှိချေ။

ယခင်မြို့စားကြီးလက်ထက်က ထိုတောင်သို့ လမ်းဖောက်ရန် ကြိုးစားခဲ့ဖူးသည်။



ထိုစဉ် ကျောက်တောင်ပြိုကျသဖြင့် လူများစွာ သေကျေကျက်စီးခဲ့ရသည်။

ထိုအချိန်မှစ၍ ထိုကျောက်တောင်ကြီးကို လူအများက သက်ရှောင်သွားကြတော့သည်။

ထို ကျောက်တောင်ကြီးသည် ဘီလူးကြီး တစ်ကောင် ဆောင့်ကြောင့်ထိုင်နေပုံမျိုး ပုံပေါ်နေသောကြောင့် ထိုတောင်အား ဘီလူးတစ်ကောင် ကျောက်ရိုင်းတောင်ဟု ခေါ်ဆိုခြင်းဖြစ်တော့သည်။

ထိုကျောက်ရိုင်းတောင်ပေါ်သို့ ကိုယ်ဖော့ပညာ ကျွမ်းကျင်သူ သိုင်းသမားများသာ လျင်မြန်စွာ တက်ရောက်နိုင်သည်။

တောင်ပေါ်၌ လိုဏ်ဂူများစွာရှိသည်။ ထိုဂူများ၌ ကောင်းကင်နဂါး ဂိုဏ်းသားများနေပြီး အပေါ်ဆုံးဂူ၌ ကောင်းကင်နဂါးနေထိုင်သည်။

ထိုဂူသည် အမြင့်ဆုံးနေရာ၌ ရှိနေသည့်အလျောက် ကိုယ်ဖော့ပညာ တတ်ကျွမ်းသူများသာ တက်ရောက်နိုင်သည်။

တော်ရုံတန်ရုံ ကိုယ်ဖော့ပညာ ကျွမ်းကျင်သူ တက်လျှင် ကျောက်တောင်များ ပြိုကျပျက်စီးနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



တို့ကြောင့် ဇော်ရှိတန်ရှိကိုယ်ဖေဒပညာ ကျွမ်းကျင်သည် တောင်ပေါ် မတက်ရဲကြပေ။

လီဆူရှင်းသည် သူရွေးချယ်ထားသော စခန်းအသ ကြည့်၍ ကျေနပ်နေမိ၏။

တပည့်များသည် သူ့အနီး၌ အောင်ပွဲခံ စားသောက် ကြ၏။

"ဆရာကြီး စခန်းကတော့ စိတ်ချရပါပြီ၊ ဘယ်ရန် တက်မလာနိုင်တော့ပါဘူး"

တပည့်များက ဆရာ့အကြိုက်လိုက်၍ ပြောကြ၏။

ကောင်းကင်နဂါး လက်ထောက်ဂိုဏ်းချုပ်ကို ပြ လိုက်သည်။

"ကောင်းကင်နဂါးကို သိုင်းလောက က အင်အ အမြင်ကတ်နေတယ်၊ ထပ်ပြီး တိုက်ခိုက်မယ်ဆိုတဲ့ သ များ ကြားမိသေးသလား"

လီဆူရှင်းက ခပ်မာမာ မေးလိုက်၏။ လက်ထောက်ဂို ချုပ်က ခေါင်းညိတ်သည်။

"ဟုတ်ကဲ့....ကြားမိပါတယ် ဂိုဏ်းချုပ်ကြီး၊ လောကဟာ ဂိုဏ်းပေါင်းစုံ စုစည်းပြီး ကောင်းကင်န ဂိုဏ်းကို ဖြိုခွင်းဖို့ ပြင်ဆင်နေကြတယ်"



"ဪ....ဒီလိုလား"

လက်ထောက်ဂိုဏ်းချုပ်က ဆက်လက်ရှင်းပြ၏။

"တိယန့်စင်း သေဆုံးသွားတဲ့အတွက် ဟူဘန်ဂိုဏ်းချုပ်က ကျွန်တော်တို့ဂိုဏ်းအပေါ် မကျေမနပ် ဖြစ်နေပါတယ် ဆရာကြီး"

"ဟုတ်မှာပေါ့၊ တိယန့်စင်းဟာ သူတို့ဂိုဏ်းရဲ့ ဂိုဏ်း ချုပ်ကြီးဟောင်းပဲ၊ ဂိုဏ်းချုပ်ကြီးဟောင်းဆိုတော့ သူတို့ မကျေမနပ်ဖြစ်မယ်ဆိုလဲ ဖြစ်ရောပေါ့ကွာ"

"အဲဒါ ဒီပြင်ဂိုဏ်းတွေကပါ ရောယောင်နောက်လိုက် လုပ်ပြီး ကျွန်တော်တို့ဂိုဏ်းကို မကျေမနပ်ဖြစ်နေကြတယ်"

"ဒါဘာဆန်းသလဲ၊ ကောင်းကင်နဂါးဆိုပြီး စပေါ် ကတည်းက သိုင်းလောကတစ်ခုလုံး မကျေမနပ်ဖြစ်နေကြတဲ့ ဥစ္စာ၊ အခု ငါတို့ဂိုဏ်းဟာ ဖြိုခွဲလို့မရတဲ့ အစိုင်အခဲကြီး ဖြစ်သွားပြီ၊ သူတို့အားလုံး ငါတို့ဂိုဏ်းကို ဝပ်စင်းခစား ရမယ်"

"ဒီလိုဆိုရင် ကျွန်တော်တို့ဂိုဏ်းကို အခုထက် အင်အား ကြီးမားအောင် ဖွဲ့စည်းဖို့လိုတယ်"

www.burmeseclassic.com



''မှန်တယ်၊ ဂိုဏ်းကို ပြန်ဖွဲ့ရမယ်၊ ကျစ်လျစ်သိပ်သည်း ဖို့လိုတယ်၊ ပထမဦးဆုံး လုပ်ရမယ့်အလုပ်က ငါတို့ဂိုဏ်း အင်အားကြီးမားဖို့ပဲ''

''ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီး''

''ဒုတိယအချက်ကတော့ အနက်ရောင် သိုင်းသမား ကောင်းကင်နဂါးဂိုဏ်းထဲဝင်လာအောင် စည်းရုံးဖို့ပဲ''

''ကျွန်တော်တို့ ဂိုဏ်း ငွေရှာဖို့ကော ဂိုဏ်းချုပ်ကြီး''

''ဟား....ဟား....ဟား....ဒါက မခက်ပါဘူး၊ ကုန်းတွင်း မားပြ၊ ပင်လယ်ဓားပြတွေ လုပ်ကြမှာပေါ့ကွာ၊ ဒါတွေဟာ တို့ဂိုဏ်းအဖို့ ရိုးနေတာ ဘာမှ မဆန်းပါဘူးကွာ၊ ဒါ မယ့် သိုသိုသိပ်သိပ်တော့ လိုဘာပေါ့ကွာ''

လီဆူရှင်း၏ အကြံကား မကောင်းသည့်အကြံချည်းသာ ဖြစ်နေ၏။

သို့သော် သူ့တပည့်များကား ထောက်ခံသည်ချည်းသာ ဖြစ်တော့၏။

သူတို့သည် ရန်သူများဝိုင်းနေသည့်အဖြစ်ကိုတော့ သိ သည်။



သူတို့ဂိုဏ်းကို မြင့်သထက်မြင့်ရန် ကြိုးစားနေကြသည်။ လုံခြုံသထက်လုံခြုံရန် ကြိုးစားနေကြသည်။ အောက် မ်း ဂိုဏ်းသားများကို စုစည်းရန် ကြိုးစားနေကြသည်။

* * *

ယူချင်းထန်သည် လီပိုးယူလာသည့် ရွှေနဂါးဂိုဏ်းမှ ဖိုမ င်းကျမ်းကို လေ့ကျင့်ရန်ပြင်ဆင်နေသည်။

ယူချင်းထန်၏ စိတ်များသည် တဖြည်းဖြည်း လီပိုးထံသို့ သ်ညွတ်လာလေ၏။

သို့သော် သူသည် စိတ်ကို တတ်နိုင်သမျှ ထိန်းချုပ်ထား သ၏။

အရေးကြီးသည့် အချက်တစ်ချက်မှာ ဖိုသိုင်းကျမ်းကို ၁့ကျင့်ရာ၌ လေ့ကျင့်ဘက်တစ်ဦးလိုနေခြင်းတည်း။

ထိုကွက်လပ်ကို ဖြည့်ဆည်းရာ၌ လီပိုးကို သူက ရွေးချယ် ားပေသည်။

www.burmeseclassic.com

www.burmeseclassic.com



လီပိုးသည် သူ၏ ကျေးဇူးရှင်ဖြစ်သည်။ သူ တည်း
ဆောက်ဆိုင်ထဲ၌ အမှုးသမားများ ဝိုင်းဝန်း နှိပ်စ
သည်ကို လီပိုးသည် ကြည့်မနေနိုင်ခဲ့ချေ။

သူမသည် အမှုးသမားများကို တိုက်ခိုက်ပြီး ယူချင်း
အား ကယ်တင်ခဲ့၏။

အရေးကြီးဆုံးအချက်မှာ အရှေ့ကျွန်းမှ နဂါး
ဖြေဆေးကို လီပိုးက ခိုးယူလာခဲ့ခြင်းဖြစ်သည်။

ထိုသို့ ခိုးယူလာခြင်းမှာ အသက်စွန့်ပြီး ခိုးယူလာ
ဖြစ်သည်။

ထိုသို့အသက်စွန့်ပြီး ခိုးယူလာရခြင်းမှာ အဆိပ်သ
သော သူ့ကို ကယ်တင်ရန် ဖြစ်၏။

အဆိပ်သင့်နေသူမှာလည်း ယူချင်းထန်ပင် ဖြစ်
ယူချင်းထန်မှာ လီပိုး၏ နှစ်ခါကယ်တင်ခြင်းကို ခံခဲ့
သည်။

ယူချင်းထန်သည် လမ်းလျှောက်လာခဲ့ရာ လီပိုးရှိရာ
သို့ ရောက်ရှိလာလေ၏။

သူတို့ အဆောင်အနီးတွင် ချောင်းတစ်ခု ဖြတ်သ
ဆင်းနေ၏။ ထိုချောင်းသည် ရေစီးညင်သာလှ၏။ လီပိုး
အိမ်ထဲ၌ ရှိမနေချေ။



ယူချင်းထန် ရှာသော်လည်း လီပိုးကို မတွေ့ချေ။

"ဘယ်များသွားနေပါလိမ့်၊ သူ ဝေးဝေးတော့သွားမှာ
တ်ပါဘူး၊ သွားရင် ငါ့ကိုတော့ ပြောသွားမှာပါ"

သူသည် လီပိုးအား အနီးအနား လှည့်ဝတ်ရှာဖွေတော့
ည်။

အနီးအနားဌ် ပန်းပွင့်ကလေးများ ကျကျန်နေသည်ကို
ရခြင်းအားဖြင့် လီပိုးသည် ဤနေရာတစ်ဝိုက်၌ ရှိရမည်
သူယုံကြည်သည်။

ယူချင်းထန်သည် ချောင်းရိုးတစ်လျှောက်၌ လိုက်သံ ရှာ
လေ၏။

"ဟင်…"

ယူချင်းထန်၏ ခြေလှမ်းများ ရပ်သွားသည်။ အဘယ်
ကြောင့်ဆိုသော် ချောင်းထဲမှ သီချင်းသံကြားရသောကြောင့်
ည်း။

ယူချင်းထန်က…
"လီပိုးကိုလိုက်ရှာရင်း အစ်ကို ဒီဘက်ကို ရောက်လာတာ
ထမင်လိုက်လာတာ မဟုတ်ပါဘူး၊ လီပိုး ရေချိုးနေ
မှမယ်လို့လဲ မထင်ပါဘူး"

www.burmeseclassic.com



"အို....အစ်ကိုကလဲ"

လီပိုးသည် ရှက်သောကြောင့် ခေါင်းကလေးငုံ့ထား
လေ၏။ သူမသည် ရှက်နေသဖြင့် စကားမပြောနိုင်တော့
ပေ။

"ကဲ....လာ ညီမ လီပိုး၊ အိမ်ဆီကို သွားကြရအောင်"

သူတို့နှစ်ဦးသည် အိမ်ရှိရာသို့ လျှောက်လာကြလေ၏။

"အစ်ကို သိုင်းကျမ်းကို စပြီးလေ့ကျင့်ဖို့စိတ်မကူးသေး
ဘူးလား"

"ဟင့်အင်း"

လီပိုးက မျက်ခုံးကလေး ပင့်ကြည့်လိုက်၏။

"ဘာဖြစ်လို့လဲ အစ်ကို"

"ဖို့မ သိုင်းကျမ်း လေ့ကျင့်ဖို့ အဖော်မှမရှိတာဘဲလီပိုး
ရယ်"

လီပိုးသည် ယူချင်းထန် ပြောလိုသည့်အဓိပ္ပာယ်ကို သိ
သည်။

သို့သော် သူ သိသည်ဟု မပြောချေ။



"မရှိရင် ရှာပေါ့ အစ်ကိုရဲ့"

ယူချင်းထန်က မချိပြုံး ပြုံးလိုက်၏။

"အစ်ကိုက ကြမ်းတမ်းတဲ့ ဘဝခရီးလမ်းကို ဖြတ်သန်း
လာရတဲ့လူပါ၊ ဘယ်သူက အဖော်အဖြစ် လက်တွဲချင်မှာလဲ
လီပိုးရယ်"

"အစ်ကိုရယ်....အစ်ကိုက သိပ်အားငယ်တာကိုး၊ လူဆို
တာ အချစ်မရှိဘူးလို့ထင်ရပေမယ့် ကိုယ့်ကို တိတ်တခိုးချစ်
နေသူတစ်ယောက်တော့ ရှိတတ်ပါတယ် အစ်ကိုရယ်"

လီပိုး၏စကားမှာ ရေလာမြောင်းပေးစကားဟု ထင်ရ
လေ၏။

ယူချင်းထန်သည် လီပိုးကို စိုက်ကြည့်မိလေ၏။

သူ၏အကြည့်တွင် လီပိုးအား ချစ်ရိပ်လွှမ်းမှုက ကြီးစိုး
နေသည်။

လီပိုးသည် ယူချင်းထန်ကို ကြည့်မိလေ၏။

"အို..."

လီပိုးသည် ယူချင်းထန်ရှေ့မှ ပြေးထွက်သွားလေတော့
သည်။

www.burmeseclassic.com

www.burmeseclassic.com



ယူချင်းထန်သည် လီပိုးကို မျက်စိတစ်ဆုံး လိုက်၍ကြည့်နေမိသည်။

သူသည် လီပိုးအား ဗိုလ်မှူး သိုင်းကျမ်း လေ့ကျင့်ရန် အဖော်လိုသည်။

သူ့၌ အဖော်မရှိဟု ပြောဆိုခဲ့ပြီးပြီ။

ဤကွက်လပ်ကို လီပိုး ဖြည့်ဆည်းမည်ဟု သူ ယုံကြည်သည်။

သူ၏အဖော်မှာ လီပိုးသာ ဖြစ်ရပေလိမ့်မည်။

★

# အခန်း (၁၇)

## နီးစပ်ရန် အထူးအညီ

တရုတ်ဗျပ်စောင်းသံသည် လေထဲ၌ လူးကာလွန့်ကာတက်လာ၏။

ဗျပ်စောင်းတီးနေသူကား မားဘီလူး တန်ပိုးထိုက်ပင်ဖြစ်လေ၏။

မျက်မမြင်မလေး ဖင်းယုသည် အာရုံမဲ့သံစဉ်လှိုင်း သိုင်းကွက်များကို လေ့ကျင့်နေ၏။

သံစဉ်များသည် အကြားအာရုံကို သွားရောက် ထိတော့သည်နှင့် ဖင်းယု၏လှုပ်ရှားမှုများသည် အံ့ဩဖွယ်ရာကြွတက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဖင်းယုသည် သူမ၏ လှုပ်ရှားမှုများကို အား မရချေ။

သူမသည် ဆက်လက်မလှုပ်ရှားတော့ဘဲ တိုက်ကွက်များ ကို ရပ်ဆိုင်းလိုက်သည်။

တန်ပိုးထိုက်သည်လည်း ဗျပ်စောင်းတီးခြင်းကို ရပ်နား လိုက်သည်။

တန်ပိုးထိုက်က....

''ခုလိုလှုပ်ရှားလိုက်တော့ စိတ်ထဲမှာ ပေါ့ပါးသလို ဖြစ် မသွားဘူးလား ဖင်းယု''

သူမသည် မျက်မမြင်ဆိုသော်လည်း အိမ်ပတ်ဝန်းကျင်ကို ကောင်းစွာ ကျက်မှတ်မိနေပြီဖြစ်၍ လူကောင်းတစ်ယောက် ကဲ့သို့ပင် ခုံများဆီသို့ လျှောက်လာနိုင်သည်။

''ကိုယ်လက်လှုပ်ရှားလိုက်တော့ စိတ်ကျေနပ်သွားမိတာ ပဲ တန်ပိုးထိုက်''

''ငါလဲ ထင်ပါတယ်၊ နင့်လှုပ်ရှားမှုတွေဟာ သွက်လက် လွန်းတော့ နင် ကျေနပ်နေပြီလို့ထင်ပါတယ်''

''ဒါပေမယ့်ဟာ ဟစ်လောကလုံးကို အမှောင်ချပြီး အသံ ကိုပဲ နားစွင့်နေရတာကို အားမရပါဘူး တန်ပိုးထိုက်ရယ်၊



ငါ့မျက်စိနှစ်ကွင်းသာ ပြန်မြင်ရမယ်ဆိုရင် လီဆူရှင်းကို သက်စားချေမိတာ ကြာလှပြီ''

ဖင်းယု၏စကားက ပြင်းထန်လှသည်။

စိတ်နောက်ကိုယ်ပါ မဖြစ်နိုင်ခြင်းကို သူမ အားမလို အားမရ ဖြစ်နေပုံရသည်။

ဖင်းယုနှင့် တန်ပိုးထိုက်သည် ခြံဝင်းကျယ်ကြီးတစ်ခုသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်မှာ ကြာပြီဖြစ်သည်။

ဖင်းယု၏သဘောမှာ ယူချင်းထန်အားသူကပြုစုချင်သော် လည်း သူမ မျက်မမြင်ဖြစ်နေ၍ မပြုစုနိုင်မည့်အတူတူ ခွဲနေ ရသည်က ကောင်းသေး၏ဟု ယူဆပြီး ခွဲနေခြင်းဖြစ်သည်။

တို့ပြင်....

သူမကလည်း တန်ပိုးထိုက် ဗျပ်စောင်းတီးပေးသည့်အခါ သူ၏သိုင်းကွက်ကို လေ့ကျင့်နိုင်မည် မဟုတ်ပါလော။

ဤသို့ဖြင့် ဖင်းယုနှင့်ယူချင်းထန်တို့မှာ ခွဲနေရသည့်ဘဝ သို့ ရောက်သွားခဲ့သည်။

တန်ပိုးထိုက်ကတော့ ဖင်းယုအလိုကျအောင် ဆောင်ရွက် ပေးခြင်းသာ။ သူ၏ချစ်စိတ်ကို အကောင်းဆုံးဖော်ပြနိုင်ခြင်း ဟု ယံသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဖင်းယုကို ချစ်နေမိသည် မဟုတ်ပါလော။

"ယူချင်းထန်တစ်ယောက် အဆိပ်ဒဏ် လုံးဝ ပျောက်သွားပြီလား မသိဘူး"

"ပျောက်လောက်ပြီပေါ့ဟာ"

တန်ပိုးထိုက်က ယူချင်းထန်အကြောင်း ဆက်မေးနေမည်စိုးသဖြင့် ရေပိတ်စပါး ပြောလိုက်သည်။

သို့သော်....

"သူလဲ ငါတို့ဆီ မလာတာကြာပြီနော်"

"ဟုတ်တယ် ဖင်းယု၊ သူ့ဒဏ်ရာကတော့ သက်သာပျောက်ကင်း သွားမှာပါ၊ ဒါပေမယ့် သူ့ဆရာအတွက် နာကြည်းချက်ကတော့ အသစ်ရတားတဲ့ဒဏ်ရာ ဖြစ်နေမှာပေါ့လေ"

တန်ပိုးထိုက်က ဆက်ပြောလေ၏။

"ဒါကြောင့် လီပိုးကပဲ သူ့ကိုချော့နေရတာ"

လီပိုးအသံ ကြားလိုက်ရသဖြင့် ဖင်းယု ဆတ်ခနဲဖြစ်သွားသည်။



"လီပိုးက ချောသလားဟင်"

တန်ပိုးထိုက်သည် သူ့စကား မှားသွားပြီကို သိလိုက်၏။

သို့သော်....

ပြင်ချိန်မရတော့ချေ။

"နင့်လောက်တော့ ဘယ်ချောမလဲဟယ်"

ဖင်းယုသည် ယက်ပြုံးချလိုက်၏။

"ဘာပဲဖြစ်ဖြစ် ယူချင်းသန်ဟာ ငါ့ထက် လီပိုးကို ပိုချစ်မယ်ဆိုတာ ငါသိပါတယ်ဟယ်၊ ငါက သူ့ကို လုပ်ကြံတဲ့လူ၊ လီပိုးက သူ့အသက်ကို ကယ်တဲ့လူ၊ ငါနဲ့လီပိုး မတူပါဘူး တန်ပိုးထိုက်ရယ်"

"စိတ်မကောင်းစရာတွေ တွေးမနေပါနဲ့ ဖင်းယု၊ အကောင်းဆုံးက နင် ခုနက ကစားခဲ့တဲ့သိုင်းကွက်တွေ ပြန်စဉ်းစားတာပဲ အကောင်းဆုံးပဲ"

တန်ပိုးထိုက်သည် နောက်ဆုံး ထိုသို့စကားကိုဖြတ်လိုက်ရတော့သည်။

* * *

www.burmeseclassic.com



လေပြည်သည် ဖြည်းညင်းစွာ တိုက်ခတ်လျက်ရှိသည်။

လိမ္မော်ရောင်ခြည်များသည် အနောက်ဘက်တောင်ကုန်း၌ ပြေးဝင်ခိုမှီခဲ့လေပြီ။

သို့သော်....

မြေပြင်၌ လည်းကောင်း၊ စမ်းချောင်း၌ လည်းကောင်း အရောင်တစ်စွန်းတစ်စသည် ကျန်ရစ်ခဲ့လေ၏။

ထိုအချိန်၌ ယွှချင်းထန်နှင့်လီပိုးတို့သည် ဖို့မ သိုင်းကျမ်း အကြောင်း ဆွေးနွေးကြလေ၏။

''ဖို့မသိုင်းကျမ်းကို အစ်ကိုလေ့ကျင့်မယ်၊ အဲဒီလို လေ့ကျင့်တဲ့အခါ ညီမ ကူညီဖို့လိုပါတယ်''

''ဒီကျမ်းကို အစ်ကို သေသေချာချာဖတ်ပြီးပြီလား''

''အင်း''

''ဒီကျမ်းက ထူးတယ်နော်၊ ဒီသိုင်းကျမ်းလေ့ကျင့်တဲ့သူ နှစ်ယောက်ဟာ အဖိုနဲ့အမဖြစ်ရမယ်၊ တစ်ဦးကိုတစ်ဦး လိုက်လိုက်လျောလျော လေ့ကျင့်ရမယ်တဲ့''

''ဒါတွေကို အစ်ကို ဖတ်မိပါတယ်''



''အစ်ကို''

''ဟင်''

''အစ်ကို့စိတ်တွေ ဖောက်နေတာ သိရဲ့လား ဟင်''

ယွှချင်းထန်မှာ အိပ်ရာမှ လန့်နိုးသူကဲ့သို့ အလန့်တကြား ဖြစ်မိလေ၏။

''ဟင်''

''ဟုတ်ပါတယ်၊ အစ်ကို စိတ်ကစားနေတာပါ၊ အစ်ကို လီပိုးကို ချစ်မိသလိုလို ဖြစ်နေတယ်မဟုတ်လား''

ယွှချင်းထန်သည် တုဏှိဘာဝေ လုပ်နေမိလေ၏။

''အစ်ကို....အစ်ကို တကယ်ချစ်တာ ဖင်းယုပါ''

ယွှချင်းထန် ဘာမျှ မပြောနိုင်တော့ပေ။ လီပိုးက ဆက်လက် ပြောလေ၏။

''လီပိုးက အစ်ကို့ကို ခွင့်လွှတ်ပါတယ်၊ အစ်ကို့အတွက် သိုင်းကျမ်းကို အရေးတကြီးလေ့ကျင့်ဖို့ လိုအပ်နေပါပြီ၊ ဒါကြောင့် ဖို့မ သိုင်းကျမ်းကို လေ့ကျင့်တဲ့နေရာမှာ လီပိုး ကူညီဖို့ ဆုံးဖြတ်လိုက်ပါပြီ''

ယွှချင်းထန်မှာ ထိုစကားကိုကြားလိုက်ရသောအခါ ပီမ်းသာသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



''ဟင်...တကယ်လား ညီမ''

လီပိုးက ညှို့မှိုင်းသောမျက်လုံးများဖြင့် ကြည့်လေ၏။

''တကယ်ပေါ့ အစ်ကိုရယ်၊ ညီမ ကူညီရမှာပေါ့၊ ညီမ မကူညီရင် ဘယ်သူ ကူညီမလဲ''

လီပိုးသည် ယူချင်းထန်ကို မြင်ကတည်းက ချစ်နေမိသူဖြစ် သည်။

သို့သော် ...

သူမသည် အချွယ်နှင့် မလိုက်အောင် ရင့်ကျက်သူဖြစ် သည်။

သူမ၏စိတ်ကို မျိုသိပ်နိုင်စွမ်းရှိလေသည်။

သူမသည် မျက်မှမြင်မလေးဖင်းယုကိုလည်း သနားသည်။ ဖင်းယုအချစ်ကို သူ မယူရက်ပေ။

လီပိုးသည် ယူချင်းထန် လေ့ကျင့်သောအခါ စိတ်ရော ကိုယ်ပါ ကူညီလေ၏။

သူမသည်ယူချင်းထန်အားချစ်နေမိသူဖြစ်သည့်အလျောက် စိတ်ပါလက်ပါ ကူညီလေ့ကျင့်ပေးသည်။

ထို့ကြောင့်....



ယူချင်းထန်က လီပိုးအား အထူးကျေးဇူးတင်မိလေ၏။

''ကျေး''

''ဟိုင်း''

သူတို့နှစ်ဦးသည် ခုန်ပျံလေ့ကျင့်နေကြသည်။

ဤသို့ လေ့ကျင့်ရာ၌ ထွေးရောယှက်တင် လေ့ကျင့်ရသဖြင့် ခန္ဓာကိုယ်ချင်းပူးကပ် လေ့ကျင့်ရသည်များ ရှိသည်။

ထိုအခါ ချစ်သူတို့၏နွေးထွေးမှုကို ရရှိကြသည်။

သူတို့နှစ်ယောက်၏ နှုတ်ပေါင်းတိုက်ကွက်သည် အလွန် ထိရောက်လေ၏။

တစ်ဖက်ရန်သူသည် အလွန် မျက်စိရှုပ်ထွေးရလေ၏။

''မောသွားသလား အစ်ကို''

''ဟင့်အင်း....မမောပါဘူး ညီမရယ်''

သူတို့သည် လေ့ကျင့်နေစဉ်အတွင်း တစ်ဦးနှင့် တစ်ဦး ကြင်နာစွာဆက်ဆံကြ၏။

''အစ်ကို... ဖင်းယုဆီ ရောက်သေးသလားဟင်''

''မရောက်ပါဘူး ညီမရယ်၊ အစ်ကို ဒီကနေ့ လေ့ကျင့် ပြီးရင် သွားမယ်လို့ စိတ်ကူးထားတယ်၊ အင်း....တကယ် တော့ ဖင်းယုဟာ သနားစရာပါ''

www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်တယ်အစ်ကို၊သူ့မျက်စိအတွင်းအား ဆုတ်ယုတ်မှု တစ်ခုကြောင့် အခုလို ဖြစ်ရတာပဲ....

''အပြင်းထန်ဆုံး အတွင်းအားသာ ပြန်ရရင် သူ့မျက်စိ အကောင်းပကတိ ဖြစ်နိုင်ပါတယ်အစ်ကို''

''ဟင်....ညီမ ဘယ်လိုလုပ် သိသလဲဟင်''

''အစ်ကို ဖိုမသိုင်းကျမ်းကို သေသေချာချာမှ မဖတ်ဘဲ ဖိုမ သိုင်းကျမ်းထဲမှာ ပါတယ် အစ်ကိုရဲ့''

လီပိုးသည် ဖိုမသိုင်းကျမ်း၌ပါသော စာပိုဒ်ကို ဒိုးဒိုး ဒေါက်ဒေါက် ရွတ်ဆိုပြလေ၏။

ထိုအခါမှ ယူချင်းထန်သည် ဖင်းယုအတွက် ထွက်ရပ် လမ်းကို မြင်တွေ့သွားတော့သည်။

လီပိုးကား ယူချင်းထန်ကို အပြည့်အဝကူညီသည်။

ပို့မယ့်ပို့ ကူးတို့ရောက်အောင်ပို့သည်။

သိုင်းလေ့ကျင့်မှု ပြီးဆုံးသွားလျှင် ယူချင်းထန်နှင့်သူ လမ်းခွဲရလေတော့မည်။



သူမသည် ယူချင်းထန်ကို ဖင်းယုနှင့်လက်တွဲသွားသည်ကို ...င်လိုသည်။

ယူချင်းထန်နှင့် ဖင်းယုနီးစပ်အောင် သူမ ဖန်တီးပေးရ ...ယ်ဟု သူမသိသည်။

သူမကတော့ သူမအချစ်ကို ရင်ထဲသို့သိပ်မြုပ်ကွယ်ရပေ ...တော့မည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

### သီလူးတစ်ကောင်ချောက်ချိုင်းတောင်

ဖိုမ သိုင်းကျမ်း၌ပ ါသော အချက်ကို လီပိုး ရွတ်ပြ
အခါ ယူချင်းထန် ကောင်းစွာ သဘောပေါက်သွား၏။

အရေးကြီးသော အချက်မှာ ဖင်းယု၏စိတ်ကို လှုပ်
ရှားရှား ဖြစ်စေရန် နှိုးဆွပေးရမည့်အချက် ဖြစ်သည်။

ဖင်းယုထံသို့ ယူချင်းထန် ရောက်သွားသည့်အချိန်၌
ဘီလူး တန်ပိုးထိုက်သည် ဖင်းယုအနား၌ ရှိမနေပေ။

ကောင်းကင်နဂါး၏ စခန်းဌာနချုပ်သစ်ကို စုံစမ်း
ထွက်ခွာသွားခြင်း ဖြစ်၏။



''ဖင်းယု''

ယူချင်းထန်သည် အသံပေးလိုက်၏။

ဖင်းယုမှာ ခြေသံကိုကြားပြီးဖြစ်သည်။

သူ မည်သူ့ ခြေသံဖြစ်သည်ကိုခွဲခြားနေခိုက် ယူချင်းထန်က
သံပေးလိုက်ခြင်းဖြစ်သည်။

''အစ်ကို''

ယူချင်းထန်၏အသံကို ဖင်းယု ချက်ချင်းမှတ်မိလေ၏။

ဖင်းယုသည် အိမ်ရှေ့ ကွပ်ပျစ်ကလေးသို့ ထွက်လာသေ
ည်။

သူမသည် ကွပ်ပျစ်ကလေး၌ ထိုင်လိုက်သည်။

ယူချင်းထန်ကလည်း မျက်နှာချင်းဆိုင် ထိုင်ခုံ၌ ဝင်ထိုင်
သည်။

''ဖင်းယု ညီမကို အစ်ကို လက်ထပ်ပါရစေ''

ဖင်းယုမှာ အကြီးအကျယ် အံ့အားသင့်သွားလေ၏။

အတန်ကြာမှ သူမစကားပြောနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



''အို…မဖြစ်နိုင်ပါဘူး အစ်ကိုရယ်''

''ဟင်…. ဘာဖြစ်လို့ မဖြစ်နိုင်ရတာလဲ ဖင်းယု''

''ဒီစကားကို ညီမက ပြောရမှာပါအစ်ကို၊ အစ်ကို လီပိုး ချစ်သူတွေဖြစ်သွားပြီဆိုတဲ့သတင်းကို ညီမကြားထား ပြီးပါပြီ''

''သတင်းမှားဆိုတာလဲရှိပါတယ်ညီမရယ်၊ အခု အစ် လာတဲ့ကိစ္စဟာ ညီမမျက်စိပြန်မြင်အောင် ကူညီနိုင်မယ်ထ လို့ပါ''

ဖင်းယု ငြိမ်သက်သွားသည်။

''အစ်ကို သိုင်းကျမ်းတစ်စောင် ရထားတယ်၊ အဲဒါ ဖိုမသိုင်းကျမ်းတဲ့''

''ဖိုမသိုင်းကျမ်း ထုတ်လားအစ်ကို''

ဖင်းယု အံ့အားသင့်စွာ မေးလေ၏။

''ဟုတ်တယ်၊ ဖိုမသိုင်းကျမ်းတဲ့၊ သူက အမျိုးသာနဲ့ အမျိုးသမီး တစ်ဦးစီတွဲပြီး လေ့ကျင့်ရတယ်၊ အဲဒီလို လေ့ ကျင့်မှလဲ သိုင်းပညာထက်မြက်တယ်''



''အစ်ကို ဘယ်သူနဲ့ လေ့ကျင့်သလဲ''

''အခုတော့ လီပိုးနဲ့ပေါ့၊ သူက လေ့ကျင့်ဖို့ သဘော တူတာတောင် ကျေးဇူးတင်ရဦးမယ်''

''ဩော်….ဩော်''

''လီပိုးကပြောတယ်၊ ဖင်းယုရဲ့မျက်စိ ပြန်မြင်နိုင်မယ့် လေ့ကျင့်ခန်း ဒီသိုင်းကျမ်းထဲမှာ ပါတယ်တဲ့''

''ဟို….ဟို''

''အဲဒီ ဖိုမသိုင်းကျမ်းထဲမှာပါတဲ့ လေ့ကျင့်ခန်းတွေကို ညီမနဲ့အစ်ကို တွဲပြီး လေ့ကျင့်ရမယ်၊ အဲဒါ လေ့ကျင့်နိုင် ပါ့မလား''

ဖင်းယု ဝမ်းအသာကြီး သာသွားသည်။

ယူချင်းထန်လာသည့်ကိစ္စကိုလည်း သိသွားသည်။

သူ့မျက်စိပြန်မြင်စေရန် လာခြင်းမဟုတ်ပါလော။

ထို့ပြင် သူနှင့်အတူ သိုင်းပညာ ပူးတွဲ လေ့ကျင့် ရဦး မည်တဲ့။

ဝမ်းသာလိုက်သည့် ဖြစ်ခြင်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



မားဘီလူးတန်ပိုးထိုက်သည် ကောင်းကင်နဂါး၏ စခန်း ဌာနချုပ်သစ်အား လိုက်သံရှာဖွေရန် ထွက်လာခဲ့ခြင်း ဖြစ်သည်။

ဖင်းယုက ကောင်းကင်နဂါး၏ စခန်းကို ရှာဖွေလိုသည်။ သူက ကူညီပြီး ရှာပေးသည်။

သူသည် ဖင်းယုကို ကျိတ်ပြီး ချစ်ကြိုက်နေသူ မဟုတ်ပေလော။

တန်ပိုးထိုက်သည် ကျောက်ရှိုင်းတောင် ပတ်ဝန်းကျင်သို့ ရောက်ရှိလာသည်။

သူသည် တောင်ခြေပတ်ဝန်းကျင်ကို ကြည့်သည်။

မည်သည့် လူရိပ်လူယောင်မျှ မမြင်ရပေ။

သူသည် မြင်းကို တောင်ခြေရှိ သစ်ပင်တစ်ပင်၌ ချည်နှောင်လိုက်၏။

တောင်ပေါ်၌ မီးခိုးငွေ့တလူလူထွက်နေသည့် နေရာ တစ်နေရာ ရှိနေသည်။



ဤတောင်ပေါ်သို့ မြင်းစီးတက်လျှင် ခက်ခက်ခဲခဲ တက်ရပေမည်။

ထို့ကြောင့်....

သူသည် မြင်းကို တစ်နေရာ၌ ချည်နှောင်ခဲ့ခြင်း ဖြစ်ပေသည်။

"ခွပ်....ခွပ်....ခွပ်"
"ခွပ်....ခွပ်....ခွပ်"

တခွပ်ခွပ်နှင့် မြင်းခွာသံများ ကြားလိုက်ရသောအခါ မြင်းသိုးစီးကိုစီးလျက် လူသုံးယောက် တောင်ပေါ်မှ ဆင်းသက်လာသည်ကို တွေ့ရ၏။

ကောင်းကင်နဂါးဂိုဏ်းမှ လူသုံးဦးသာဖြစ်ကြောင်း သူ သိရှိ၏။

သူသည် သစ်ပင်တစ်ပင်အကွယ်၌ ပုန်းကွယ်လိုက်၏။

ရန်သူများသည် စကားတပြောပြောနှင့် ဆင်းသက်သွားကြလေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



သူသည် ရန်သူကင်းသမားများကို လွန်စွာဂရုစိုက်သည်။

ကင်းသမားများသည် တက်လမ်းဆင်းလမ်းသာသော နေရာများ၌သာ ရှိတတ်သည်ကို သိရှိသည်။

တက်ရန် ခက်ခဲသောလမ်းများ၌ အစောင့်များ၊ ကင်းသမားများ မရှိတတ်သည်ကို သူသိသည်။

ထို့ကြောင့်...

သူသည် တက်ရန်ခက်ခဲသော တောင်များကို ရွေးချယ်လိုက်လေ၏။

သူသည် ကိုယ်ဖော့ပညာ ကျွမ်းကျင်သူဖြစ်၏။

သူသည် ကျောက်တုံး ကျောက်ခဲများ၊ သစ်ပင် ဝါးပင်များကို အကာအကွယ်ယူလျက် ရှောင်တိမ်းတက်လာခဲ့သည်။

မကြာမီ ရန်သူကင်းစခန်းကို တွေ့ရှိလေတော့၏။

ရန်သူများသည် အေးအေးဆေးဆေးပင်။

သုံးယောက်စလုံး ဆေးလိပ်ကိုယ်စီသောက်ပြီး အနားယူနေကြ၏။



သူက ကျောက်တုံးကြီးတစ်တုံးအကွယ်မှ ချောင်းမြောင်းကြည့်ရှုနေသည်။

ထိုကင်းစခန်းတွင် ခွေးနက်ကြီးတစ်ကောင်ကို တွေ့မြင်ရလေ၏။

အမဲလိုက်ခွေးကြီးတည်း။

ခွေးကြီးသည် နှာခေါင်းတရှုံ့ရှုံ့ပြုလုပ်နေသည်။

''ဂီး....ဂီး''

ခွေးကြီးသည် သူ့အနံ့ကိုရသဖြင့် တဂီးဂီးဖြင့် မာန်ဖီနေသည်။

''ဟေ့ကောင်ကြီး....ငြိမ်ငြိမ်နေစမ်း''

အစောင့်တစ်ယောက်က လှမ်းငေါက်လိုက်၏။

သုံးယောက်သား ဆေးလိပ်များကိုသာ သောက်နေကြသည်။

''ဂီး....ဂီး''

ခွေးကြီးသည် ခေါင်းမော့ပြီး မာန်ဖီနေပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်အစောင့်နှစ်ယောက်သည် မသက်သာတော့ချေ။

"ဟေ့....ခွေးကြီးက ထူးဆန်းတယ်ကွ"

"လူစိမ်းနဲ့ ရလို့ထင်တယ်"

"ဟုတ်လိမ့်မယ်"

"ကြိုးဖြုတ်ပေးလိုက်ကွာ"

တစ်ယောက်က အကြံပေးလိုက်ရာ ကျွန်တစ်ယောက်က ကြိုးဖြုတ်ပေးလိုက်လေ၏။

ခွေးကြီးသည် တစ်တုန်ထိုး ပြေးလေတော့၏။

ခွေးကြီးမှာ အလွန်ကြီးမားလှ၏။

တန်ပိုးထိုက်၏ခြေရာကို ရှာဖွေပြီး အနံ့ခံလေ၏။

"ဝေါင်း"

ခွေးကြီးသည် အနံ့ရသွားသည်။ သူ့ဆီသို့ လွှားခနဲခုန်အုပ်လိုက်သည်။

"ဝေါင်း"



သူက ရှောင်ပေးလိုက်ပြီး ဦးခေါင်းကို လက်ဝါးစောင်းခုတ်လိုက်၏။

"ဒုတ်"

"ဝေါင်း"

ခွေးကြီးသည် တစ်ချက်တည်းနှင့် ငြိမ်သက်သွားတော့သည်။

သူသည် ခွေးကြီးကို ကျောက်တုံးအကွယ်သို့ သယ်လာလေသည်။

"အင်း....ဒါမှ အစောင့်တွေ မတွေ့မှာ"

သူပြောသည့်စကားမှာ နောက်ကျနေပါသည်။

ကင်းသမားသုံးယောက်မှာ သူ့အား ဝန်းရံပြီး ဖြာနေပါသည်။

"မင်း ဘယ်သူလဲ"

ကင်းသမားတစ်ယောက်က မေးလေ၏။

တန်ပိုးထိုက်တ...

www.burmeseclassic.com

www.burmeseclassic.com



''ငါ ခရီးသည်တစ်ယောက်ပါ''

''ဟား....ဟား....ဟား....ခရီးသည်တဲ့၊ ယုံအောင် ပြောစမ်းပါကွာ၊ ဒီတောင်ကို ဘယ်ခရီးသည်မှ မလာတဲ့တောင်ကွ၊ ကျောက်ရိုင်းတောင်ကိုလာတဲ့ခရီးသည်လား''

''အေး....ဟုတ်တယ်''

''ငါတို့ဂိုဏ်းသားလဲ မဟုတ်၊ အနောက်ဘက် တောင်ကြောက တက်လာတဲ့လူဆိုတော့ သူလျှိုဆိုတာ သေချာနေပြီ''

''အေး....ဟုတ်တယ်၊ ကဲ....မင်းတို့ ဘာလုပ်ချင်သလဲ''

''သူလျှိုဆိုတော့ ငါတို့ ဖမ်းပြီးစစ်ဆေးရမှာပေါ့''

''ရှမ်း.... ရှမ်း....ရှမ်း''

ဓားသုံးလက်ထုတ်သံသည် တရှမ်းရှမ်းမြည်သွား၏။

သူတို့သည် တန်ပိုးထိုက်ကို ဝိုင်းဝန်း တိုက်ခိုက်ကြတော့သည်။

''ရှိမ်း''

''ရှမ်း''



''ဝှီး''

''ဝှီး''

''ဝှစ်....ဝှစ်''

သူတို့ တိုက်ခိုက်ပုံကိုကြည့်၍ အထက်တန်း သိုင်းသမားများ မဟုတ်ကြောင်း တန်ပိုးထိုက် သိရှိလိုက်သည်။

''ထန်း....ထန်း....ထန်း''

''ချွမ်း....ချွမ်း....ချွမ်း''

ဓားဘီလူးသည် မိုးနဂါး ဓားကွက်ကိုသုံး၍ တိုက်ခိုက်လေသည်။

ဓားသမားတစ်ဦး လက်ပြတ်သွားသည်။ ကျန်သော ကင်းသမားနှစ်ဦးသည် တန်ပိုးထိုက်ကို သူတို့၏ ပြိုင်ဘက်မဟုတ်ကြောင်း သိသွားသည်။

သူတို့သည် ထွက်ပြေးရန် လမ်းပေါက်ရှာနေကြ၏။

*　　*　　*

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်သည် ဝှစ်ခနဲ ထွက်ပြေးလေ၏။

"ဝှစ်"

"အား"

တန်ပိုးထိုက်က လက်နက်ဝှန်းဖြင့် ပစ်စတ်လိုက်၏။ ထို ခများ အသက်ထွက်သွား၏။

ကျွန်တစ်ယောက်မှာ ဓားကိုသာ ကြောက်အားလန့်အား ဝှေ့ယမ်းနေတော့သည်။

"မင်း....မင်း ရှေ့မတိုးနဲ့"

"မတိုးပါဘူးကွာ"

သူက ပြောပြီး လက်ကို လျှပ်တစ်ပြက် လှုပ်ရှားလိုက် သည်။

"ဝှစ်"

"ဒုတ်"

"အား"

ဓားမြှောင်တစ်ချောင်းသည် ထိုသူ၏လည်ပင်းတွင် သွား စိုက်လေ၏။

နောက်ဆုံး အစောင့်လည်း အသက်ထွက်သွားရလေ

သေဆုံးသူ အစောင့် သုံးဦးနှင့် ခွေးကြီးအား ကြည့်လိုက် သည်။



ကင်းစခန်း၌ အစောင့်မဲ့သွားလေပြီ။ သူသည် စခန်း သိမ်းနှင့် တောင်ကြားကို မှတ်သားလိုက်သည်။

ဤစခန်းမှ ရှေ့ဆက်တက်လျှင် ကောင်းကင်နဂါးဂိုဏ်း၏ ဌာနချုပ်ပင် ဖြစ်ပေတော့မည်။

သူသည် ဤကင်းစခန်းမှ ထွက်ခွာပြီး တောင်အောက် ပြန်ဆင်းရန် ဆုံးဖြတ်လိုက်သည်။

ဤကင်းစခန်းကို သူ ရှင်းလင်းပြီးပြီ မဟုတ်ပါလား၊ သူ သည် တောင်အောက်သို့ဆင်းရန် ဟန်ပြင်လိုက်သည်။

"ဟိတ်....ရပ်စမ်း"

ကင်းစခန်း၏ အထက်တောင်ကြောတစ်နေရာမှ အော် ဟစ်လိုက်သည့် အသံသည် ထွက်လာ၏။

သူတို့ဌာနချုပ်၌ တိုက်ကင်းနှင့်လှည့်ကင်းရှိသည်။

အော်လိုက်သည့်လူများမှာ လှည့်ကင်းသမားများ ဖြစ် သည်။

လှည့်ကင်း၌ လူခြောက်ယောက်ရှိသည်။

အင်အား အတော်များပြားသည်။ ဤတစ်ကြိမ်တွင် တော့ ပြန်လှန်ခုခံနေ၍ မဖြစ်တော့ပေ။

တန်ပိုးထိုက်သည် တောင်ခြေဆီသို့ ဆင်းပြေးတော့ သည်။

ကိုယ်ဖော့ပညာသုံး၍ ပြေးခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကိုယ်ဖော့ပညာ ညံ့ဖျင်းသော ဂိုဏ်းသား များသည် သူ့ကိုမီအောင် မလိုက်နိုင်ကြပေ။ ဂိုဏ်းသားများ မှာ မော၍ ကျန်ရစ်ခဲ့လေ၏။

မားဘီလူးမှာ သူ၏ မြင်းရှိရာသို့ ရောက်လာပြီး မြင်းစီး၍ ထွက်ပြေး လွတ်မြောက်သွားတော့သည်။

ဘီလူးကစ်ထောင် ကျောက်ဖိုင်းတောင်စခန်း၏ အခြေ အနေကို သူသိရှိခဲ့လေပြီ။

★

# အခန်း (၁၉)

## ကောင်းကင်နဂါး၏ အကြံ

ကောင်းကင်နဂါး လီဆူရှင်းသည် သိုင်းကျမ်းထဲပါဝင် သော ပညာရပ်များကို ကြည့်ရှုစစ်ဆေးနေသည်။

တိုက်ကွက်များကို လေ့ကျင့်ကြည့်သည်။ သူသည် ခိုးယူ ခဲ့သော သိုင်းပညာများကို အဆင့်မြင့် တတ်မြောက်ရန် လေ့ကျင့်ရုံသာ ရှိသည်။ အခြားအလုပ်မရှိပေ။

သူ၏တပည့်များမှာ အဖွဲ့ခွဲ၍ ဓားပြတိုက်ကြ၏။ ရသော ငွေပစ္စည်းများကို ကောင်းကင်နဂါး ဂိုဏ်းချုပ်ကြီးအား ဆက်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



လီဆူရှင်းသည် တပည့်များက ရှာဖွေ ပေးနေသေ
ပစ္စည်းများဖြင့် အခန့်သား နေထိုင်စားသောက်နေရပေ

သို့သော် သူ့ဘဝမှာ လုံခြုံမှုမရှိချေ။ ယခုပင်
သိုင်းလောကမှ ဂိုဏ်းပေါင်းစုံက သူ့ကို သတ်လိုလှသေ

သူကလည်း ထိုရန်မှ လွတ်မြောက်ရန် ခိုးယူလာသေ
သိုင်းကျမ်းကို ပို၍ လေ့ကျင့်နေရသည်။

သူ စိတ်ချနေသည့်အချက်တစ်ချက်ရှိသည်။ သူ၏ ဘိ
တစ်ထောင် ကျောက်ရှိုင်းတောင်စခန်းကို မည်သူကမျှ မ
ခြင်းကိုသာတည်း။

လီဆူရှင်းသည် သူ့ဂိုဏ်းရှေ့ရေးကို တွေးနေသည်။

သူ့ဂိုဏ်းကို အခြားဂိုဏ်းများ ဖြိုခွဲ၍မရမည့် အ
ကို တွေးနေသည်။

ကောင်းကင်နဂါးဂိုဏ်းတွင် ထိတ်ထိတ်ကြဲ သိုင်းသ
ဆို၍ သူတစ်ယောက်တည်းသာရှိသည်။

အဆင့်မြင့်သိုင်းသမားဆို၍ နှစ်ယောက်သာရှိသည်။

လက်ထောက်ဂိုဏ်းချုပ်နှင့် သူ၏ကိုယ်ရံတော်
သမားတို့ပင်တည်း။



ထိုကဲ့သို့ အဆင့်မြင့်သိုင်းသမားမှာ သိုင်းလောက၌ များ
းစွာရှိသည်။

သူ့လက်ထောက်နှစ်ယောက်ကို သတ်ပစ်နိုင်သည့် သိုင်း
မားများ သိုင်းလောက၌ များပြားစွာ ရှိနေသည်ကို သူသိ
ည်။

သူ့ဂိုဏ်းကို သူမည်သို့ ပျိုးထောင်မည်နည်း၊

ဖြတ်လမ်းနည်းကို သူစဉ်းစားမိသည်။

အရည်အချင်းရှိသော သိုင်းပညာ အစွမ်းကောင်းသော
ိုင်းသမားများကို စည်းရုံးရမည်။

အောက်လမ်းသိုင်းလောကသားများ၌ထိုလူများ များစွာ
ရှိသည်။

ထိုသိုင်းသမားများအနက် အများအပြားသည် အချုပ်
ထောင်များ၌ အဖမ်းခံနေရသည်။

ထိုထောင်သားများကို ကယ်တင်လိုက်လျှင် ထိုလူများက
သူ့အား ကယ်တင်ရှင်ကြီးဟု ယူဆပြီး သူ့အောက်သို့ဝင်
သာလိမ့်မည်။

ထိုလူများသည် အမိုက်ကန်းဆုံးလူစုပင် ဖြစ်တော့မည်။

www.burmeseclassic.com

www.burmeseclassic.com



လီဆူရှင်းသည် ဘယ်သူ့သေသေ ဝေတေမလျှော်ပြီးေ
မိုက်မိုက်ရိုင်းရိုင်းပင် ဂရုပ်တတ်သူဖြစ်သည်။

ရက်စက် ကြမ်းကြုတ်သည့် နေရာတွင်လည်း နှစ်ယော
မရှိသူဖြစ်သည်။

"ကျွ"

တျောက်တံခါး တွန်းဖွင့်သံကြားလိုက်ရသည်။

ထို့ကြောင့် သူသည် သိုင်းကျမ်းကိုဖွက်လိုက်ရသည်။

လက်ထောက်ဂိုဏ်းချုပ်နှင့် ဂိုဏ်းသားနှစ်ဦး ဝင်လာ
သည်။

သူတို့သည် ဒူးထောက်ဦးညွတ်ပြီး ဂါရဝ ပြုလိုက်သည်

လီဆူရှင်းက ကြည့်နေ၏။

"မင်းတို့ဘာကိစ္စရှိလို့ ဝင်လာကြတာလဲ"

လက်ထောက်ဂိုဏ်းချုပ်နှင့် ဂိုဏ်းသား နှစ်ဦးသည် လီဆူ
ရှင်း၏ အမေးကို မဖြေဘဲ တစ်ယောက်ကိုတစ်ယောက်ကြည့်
နေကြသည်။



"မင်းတို့ဘာကြည့်နေကြတာလဲ၊ ငါမေးတာကို မကြား
းလား၊ မေးတာကို ဖြေကြစမ်း"

လက်ထောက်ဂိုဏ်းချုပ်သည်ပြောရန် ဆုံးဖြတ်လိုက်ပြီး....

"ဟို....ဟို....စခန်းကို လူတစ်ယောက်ဝင်လာပြီး မွှေသွား
ပါတယ် ဂိုဏ်းချုပ်ကြီး"

"ဘာ"

ဘာဆိုသည့်အသံသည် သူနေထိုင်သည့် ဂူကြီးတစ်ခုလုံး
ဟိန်းထွက်သွားသည်။

ဂိုဏ်းသားများ တုန်လှုပ်သွားကြ၏။

"တောက်....ဝင်လာတဲ့လူက ဘယ်သူလဲ"

"မသိဘူး ဂိုဏ်းချုပ်ကြီး"

"ဖြန်း"

လီဆူရှင်းသည် ဒေါသဖြစ်လှသဖြင့် ကျောက်စားပွဲကို
လက်နှင့် ရိုက်လိုက်၏။

"ဘာ ထူးခြားသေးသလဲ"

www.burmeseclassic.com

www.burmeseclassic.com



လီဆူရှင်း၏အသံက ဟိန်းထွက်နေသည်။

လက်ထောက်ဂိုဏ်းချုပ်သည် ပြောရန်ခက်သွား၏။

သို့သော် မပြောလျှင်မပြီး၊မတီးလျှင် မမြည်ဟုဆိုကြသည် မဟုတ်ပါလား။

"အစောင့်သုံးဦးကို သတ်သွားပါတယ် ဂိုဏ်းချုပ်ကြီး"

"ဘာ"

ကောင်းကင်နဂါး လီဆူရှင်း၏ ဒေါသကား ပေါက်ကွဲထွက်သွားလေပြီ။

လက်ထောက်ဂိုဏ်းချုပ်က....

"ဟောဒီမှာ စခန်းထဲက ဂိုဏ်းသားသုံးယောက်ကိုသတ်သွားပြီး ပစ္စည်းတစ်ခု ကျကျန်ရစ်ခဲ့တယ်၊ လာသတ်သွားတဲ့လူ ကျန်ရစ်တဲ့ပစ္စည်းဆိုတာ မြေကြီးလက်ခတ်မလွဲပါပဲ"

လက်ထောက်ဂိုဏ်းချုပ်လှမ်းပေးသည့် ပစ္စည်းကို လီဆူရှင်း ယူလိုက်သည်။

ဘီလူးခေါင်းပုံစံ ဓားအိမ်စွပ်ကလေးဖြစ်သည်။

ဓားခေါင်းမှ ပြုတ်ကျကျန်ခြင်း ဖြစ်နိုင်သည်။ လီဆူရှင်း ခြောက်ကပ်စွာ ရယ်လိုက်သည်။

"ဟင်း...ဟင်း....ဟင်း.... ငါကဘယ်သူများလဲလို့ တွေးနေတယ်၊ အခုတော့မှ တရားခံကို တွေ့ရတယ်၊ ဓားဘီလူး တန်ပိုးထိုက်ကိုး"



"ဓားဘီလူး တန်ပိုးထိုက် ဟုတ်လား၊ ဒီကောင့်ကို ကျွန်တော် တွေ့ချင်လိုက်တာ"

လီဆူရှင်းသည် လက်ထောက်ဂိုဏ်းချုပ်ကို ခက်ထန်စွာ ကြည့်လိုက်၏။

"မင်းတွေ့ချင်ရင် မင်းသေသွားမှာပေါ့၊ သူဟာ နှယ်နှယ်ရရ ဓားသမား မဟုတ်ဘူး၊ အားလုံးကိုတန်လှန့်လိုက်၊ အားလုံး သတိနဲ့ နေကြ"

လက်ထောက်ဂိုဏ်းချုပ်သည် ပါးစပ်ပိတ် သွားလေ၏။ သူနှင့် ဂိုဏ်းသားနှစ်ယောက်သည် ငြိမ်သက်စွာ လှည့်ထွက်သွားကြလေသည်။

လီဆူရှင်းသည် စဉ်းစားနေသည်။

တန်ပိုးထိုက်ကို သူသိသည်။ တန်ပိုးဆိုက်သည် သူ့လက်အောက်ငယ်သားများ သိုင်းပညာ အားနည်းသည့် ပျော့ကွက်ကို သိရှိလေသလော။

ထို့ကြောင့်သာ သူတစ်ကိုယ်တည်း လာရောက်စူးစမ်းခြင်း ဖြစ်ပေလိမ့်မည်။

ထိုသို့ဆိုပါက သူသည် ထိုကွက်လပ်ကို လျင်မြန်စွာဖြည့်ဆည်း ရပေတော့မည်။

အောက်လမ်းသိုင်းလောကသားများ အကျဉ်းကျနေသည့်ထောင်များကို စုံစမ်းရပေ တော့မည်။

www.burmeseclassic.com



ထိုအကျဉ်းသားများကို ကယ်တင်ရမည်။ သူ့ဂိုဏ်းကို အင်အား ဖြည့်တင်းရမည်။

သို့မှသာ ကောင်းကင်နဂါးကို မည်သည့် ဂိုဏ်းကမှ ရန်စရဲတော့မည် မဟုတ်ပေ။

ကောင်းကင်နဂါး လီဆူရှင်းသည် အံကြိတ်ပြီး စဉ်းစားနေလေသည်။

★

## အခန်း ( ၁၁ )

### ကျောက်ရိုင်းဓားဘောင်ကိုတိုက်ခြည်အတြဲ

"ကျွား"

"ယိုး"

မာန်သွင်း အော်ဟစ်သံများ ဆူညံနေသည်။

တိုက်ပွဲဖြစ်နေသည် မဟုတ်ပါ။

ယှဉ်ချင်းထန်နှင့် ဖင်းယုတို့ လေ့ကျင့်နေခြင်း ဖြစ်ပါသည်။

သူတို့ မည်မျှလေ့ကျင့်ကြသနည်းဟူမူ ဖင်းယုမျက်စိပြန်မြင်လာခဲ့ပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



အတွင်းအား လေ့ကျင့်ခန်းကိုလည်း အလွန်အကျွံလုပ်ကြရာ ဖင်းယု၏မျက်စိသည် တဖြည်းဖြည်း မြင်လာခဲ့သည်။

ယူချင်းထန်ကလည်း ဖင်းယု၏ မ့အတွင်းအားကို ယူနိုင်သလို ဖင်းယုကလည်း ယူချင်းထန်၏ ဖုအတွင်းအားကို ရယူနိုင်ကြသဖြင့် သူတို့လေ့ကျင့်မှုမှာ အလွန်တိုးတက်လာသည်။

“ဝှီး....ဟူး....ဟူး”

ယူချင်းထန်မှာ ဖင်းယုနှင့်လေ့ကျင့်သလို လီပိုးနှင့်လည်း လေ့ကျင့်သည်။

တစ်ခါတစ်ရံ သုံးဦး ပေါင်းလေ့ကျင့်ကြသည်။

ယူချင်းထန်အတွက် အလွန်ပင် အဆင်ပြေလှတော့သည်။

ကြိုးကြာမောင်နှံ့ တောင်ပံယှက်သိုင်းကွက်ကို လီပိုးက ဖင်းယုထက် ပို၍ကျွမ်းကျင်သည်။

ထိုသိုင်းကွက်ကိုလေ့ကျင့်သောအခါ ဟာကွက်မရှိအောင် တိုက်ခိုက်လေ့ကျင့်နိုင်ကြသည်။

“ဖြောင်း....ဖြောင်း....ဖြောင်း”

ဖင်းယုက လက်ခုပ်တီး အားပေးလိုက်၏။



“သိပ်ကောင်းတဲ့ သိုင်းကွက်ပဲ၊ အတွဲအဖက် တကယ်ညီတယ်”

ဖင်းယုက ရိုးရိုးသားသား ချီးကျူးခြင်းဖြစ်သည်။

ယူချင်းထန်က....

“ဖင်းယုချီးကျူးတာက တစ်ဖက်သားကို ထိခိုက်မိသလိုဖြစ်သွားမယ်”

လီပိုးက ရယ်မောသည်။

“အစ်ကိုကလဲ ဖင်းယုက ရိုးရိုးသားသား ချီးကျူးတာကို ညီမ သိတာပဲ”

လီပိုးသည် သဘောထားကြီးသည်။

“ဖင်းယုမျက်လုံး ပြန်မြင်သွားပြီမဟုတ်လား”

လီပိုးက မေးလိုက်ရာ ဖင်းယုက ပြန်ဖြေ၏။

“ဟုတ်တယ် လီပိုး၊ အဲဒါ လီပိုးရဲ့ကျေးဇူးပဲပေါ့”

“အို...မဟုတ်တာတဲ ဖင်းယုရယ်၊ အစ်ကို့ကို ကျေးဇူးတင်ရမှာပါ”

www.burmeseclassic.com

www.burmeseclassic.com



"ဟာ....မဟုတ်ဘူး....မဟုတ်ဘူး လီပိုးကို ကျေးဇူးတင်ရမှာပါ။ သိုင်းကျမ်းကိုလေ့ကျင့်ရင်း ဖင်းယုမျက်စိ ပြန်မြင်နိုင်တာလဲ သူပြောတာပဲ၊ အစ်ကိုတို့က လီပိုးကို ကျေးဇူးတင်ရမှာပါကွယ်"

ယူချင်းထန်က ဆက်ရှင်းပြလိုက်ရာ လီပို့ ဘာမျှမပြောနိုင်တော့ပေ။

သူတို့ဇာတ်သိမ်းမှာ သုံးပွင့်ဆိုင်ဇာတ်သိမ်းဖြစ်၏။

ယူချင်းထန်သည် ဟိုလိုလို သည်လိုလို မပြတ်မသား ဖြစ်နေသူဖြစ်၏။

သို့သော်....

လီပိုးက ပွင့်လင်းစွာ ပြောလိုက်သဖြင့် ဖင်းယုအပေါ် စိတ်ပြန်လည်သွားသည်။

ယခု ဖင်းယုနှင့် သေ့ကျင့်နေသောအခါ သီပိုးမှာ ရင်ထဲ၌ လွန်စွာခံစားရသည်။

သို့သော်....

သူမသည် အသက်အရွယ်နှင့် မလိုက်အောင် ရင့်ကျက်ပြည့်ဝသူဖြစ်၍ သူ၏အတွင်းစိတ်ကို ကောင်းစွာ မျိုသိပ်ထားနိုင်ပေသည်။



ဖင်းယုသည် ပထမ၌ လီပိုးကို သာဝန်တိုမိသော်လည်း တဖြည်းဖြည်းနှင့် လီပိုး၏စိတ်ဓာတ်ကို သိလာသောအခါတွင် လီပိုးကို အထူးခင်မင်သွားလေ၏။

ယူချင်းထန်က....

"ဒါနဲ့ ခေါင်းဘီလူးတန်ပိုးသိုက်ကော ညီမဖင်းယု"

"ကောင်းကင်နဂါးစခန်းကို စုံစမ်းပေးပါလို့ ညီမက ပြောထားလို့ ကောင်းကင်နဂါးရဲ့စခန်းကို သွားစုံစမ်းနေတယ် အစ်ကို"

"သူ ဘယ်တော့လောက် ပြန်လာမလဲ"

"သူ ဒီနေ့လာမယ်ပြောတာပဲ"

"ဟာ...ဒီလိုဆိုရင် အစ်ကိုတို့ သူ့ကိုစောင့်နေမှပဲ၊ ဒါမှ ကောင်းကင်နဂါးရဲ့ခေန်းကို အစ်ကိုတို့သိရမှာ"

ခေါင်းဘီလူးသည် ကောင်းကင်နဂါး၏စခန်းကို ရှာဖွေခဲ့လေပြီ။

သူသည် အခြေအနေအားလုံးကို ကောင်းစွာ ပြောပြနိုင်သည်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ယူချင်းထန်၊ ဖင်းယုနှင့် လီပိုးတို့သည် ခေါ်ဘိထူး စောင့်နေကြလေ၏။

ဖင်းယုပြောသည့်စကား မှန်သည်။

မကြာမီပင် တန်ပိုးထိုက် ဆိုက်ရောက်လာခဲ့လေ၏။

''ဟာ....ယူချင်းထန်၊ မင်းတို့ ရောက်နေကြသလား''

တန်ပိုးထိုက်သည် ယူချင်းထန်ကို တွေ့သောအခါ ဝမ်းသာအားရ နှုတ်ဆက်၏။

''ရောက်နေတယ် တန်ပိုးထိုက်၊ ငါတို့ ဒီကိုရောက်လာ အတော်ကြာနေပြီ၊ မင်း ခရီးထွက်သွားတယ်ဆိုလို့ ငါ လာစောင့်နေကြတာ''

သူသည် တဟားဟားနှင့် ရယ်မောလေ၏။

*  *  *



''မင်းတို့ အခြေအနေကို သိချင်ပြီနဲ့တူတယ်''

ယူချင်းထန်က....

''ဟုတ်တယ်၊ ငါတို့ သိချင်နေတယ်၊ မင်းလဲ သိသားပဲ၊ ဒီကောင်နဲ့ငါက သူကောင်းကင်နဂါးဖြစ်ခင်ကပဲ ကျောင်းတော်က ရန်စ ရှိနေခဲ့တာ''

''အေးပါကွာ၊ ငါသိပါတယ်၊ မင်းနဲ့ ဖင်းယု လက်စားချေနိုင်အောင် ငါကလဲ ကြိုးစားပမ်းစား စုံစမ်းခဲ့ပါတယ်''

ယူချင်းထန်နှင့်ဖင်းယုသည် အလွန် ဝမ်းသာအားရ ဖြစ်သွားသည်။

လီပိုးကတော့ သူ့အစ်ကိုသတင်းကို စောင့်နားထောင်နေသည်။

''သူတို့ဌာနချုပ်စခန်းက ဒီလိုရှိတယ်ကွ''

တန်ပိုးထိုက်က တောင်၏အခြေအနေ၊ ကင်းစခန်းများ တည်ရှိပုံ စသည်တို့ကို ပြောပြလေ၏။

''ငါထင်တယ်ကွ၊ သူ့တပည့်တွေကတော့ သိပ်ပညာစွမ်း မထက်ကြဘူး၊ အဲဒီကင်းစခန်းက သိုင်းသမား သုံးယောက်စလုံးကို ငါ သတ်နိုင်ခဲ့တယ်''

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ လီပိုးက ဝင်ပြောလေ၏။

“ရှင်ပြောတာ ဖြစ်နိုင်ပါတယ်၊ ကျွန်မအစ်ကိုက သိ... တစ်ကိုယ်ကောင်းဆန်တယ်ရှင့်၊ သူတစ်ယောက်တည်းပဲ သိ...ပညာကို ကျိတ်လေ့ကျင့်ပြီး တပည့်တွေကိုတော့ ပညာ သိ...မသင်ပေးတာ ဖြစ်နိုင်တယ်၊ ဒါကြောင့် ကောင်းကင်နဂ...ဂိုဏ်းသားတွေ သိုင်းပညာ မထက်မြက်တာဖြစ်နေတာပေ...

“ဖြစ်နိုင်တယ်၊ ကောင်းကင်နဂါးနဲ့ ထိပ်တိုက် ရင်ဆိုင်...ရရင်တော့ မလွယ်တဲ့ဖြစ်နိုင်တယ်၊ သူတို့ဟာ လမ်းသာ...ဘက်မှာ ကင်းစခန်းတွေ အများကြီးထားတယ်၊ လမ်းမသာ...တဲ့ ဘက်မှာတော့ ကင်းစခန်း နည်းနည်းလေးပဲ ရှိတယ်...ငါတို့ ခက်ခဲတဲ့လမ်းကြောင်းအတိုင်း တက်ရင်တော့ သူတို့...ဌာနချုပ်ကို လွယ်လွယ်နဲ့ ရောက်နိုင်ပါတယ်”

တန်ပိုးထိုက်က ရှင်းလင်းပြလေ၏။

ထို့နောက် ဆက်၍မေးလေသည်။

“ဒါနဲ့မင်းတို့က ဘာခြားသိုင်းဂိုဏ်းတွေကောအကြောင်း...ကြားပြီးပြီလား”

* * *



ဖင်းယုက....

“ဘယ်အကြောင်းကြားရဦးမလဲ၊ ရှင့်အသာကို စောင့်...နေတဲ့ဥစ္စာ၊ ရှင်သတင်းရမရ ကျွန်မတို့က ဘယ်အဘပ်သိ...လဲ ကိစ္စမရှိပါဘူး၊ အခု ဖူဘန်ဂိုဏ်းကို အကြောင်း...ကြားလို့ ဖြစ်ပါပြီ၊ ဟူတန်ဂိုဏ်းက ဦးဆောင်ပြီး ကျောက်...ငြိမ်းတောင်ကို ဝိုင်းကြတာပေါ့”

တန်ပိုးထိုက်က....

“ဟုတ်တယ်...အခုဘက်က ဟူဘန်ဂိုဏ်းကို မဲ့အနုဘုန်း...ငါတို့က အနောက်ဘက်က ဝင်တိုက်ရင် အဆင်ပြေနိုင်...တယ်”

သူတို့သည် တိုက်ရပည့်အခြေအနေကို ဆက်လက်ညှိနှိုင်း...ကြလေ၏။

ဟူဘန်ဂိုဏ်းဦးဆောင်သော ဂိုဏ်းခုနစ်ဂိုဏ်းကကျောက်...ငြိမ်းတောင်ကို ဝိုင်းဝန်းပိတ်ဆို့စေရန် ဖင်းယုက တာဝန်ယူ...ပေဦးမည်။

တန်ပိုးထိုက်က....

www.burmeseclassic.com

www.burmeseclassic.com



''မေးစရာရှိသေးလား''

''ရှိတယ်''

လီပိုးက ပြောလိုက်၏။

''ကျွန်မတို့ကျောက်ရိုင်းတောင်ကို ခရီးထွက်ရင် လူ
အား များတယ်၊ အဲဒီလူတွေအတွက် စားရေရိက္ခာလို
ပါတယ်၊ အဲဒါဘယ်လိုလုပ်မလဲ''

ထန်ပိုးထိုက်က ရယ်လိုက်၏။

''ကျုပ်မှာ မြွေဖြူသည်းခြေဆေးရှိတယ်၊ အဲဒီဆေး
အာဟာရသိဒ္ဓိပြီးတယ်၊ နှစ်ရက်သုံးရက်တော့ မဆာ
ဘူး၊ ရောက်လာတဲ့ ဂိုဏ်းကြီးခုနစ်ဂိုဏ်းက ဂိုဏ်းသား
အားလုံးကို ဒီဆေးပေးဖို့ မလိုပါဘူး၊ အချို့အဝက်ကို
ပေးရမှာပါ၊ အချို့ဟာ ရိက္ခာခြောက်တွေ ပါလာ
ပေါ့''

သူသည် နတ်စောင်းအဘိုးအို ပေးထားသည့် မြွေ
သည်းခြေဆေးအကြောင်း ရှင်းပြလေ၏။



''ကဲ...ဒီလိုဆိုရင် ကျွန်မတို့သုံးယောက်က ဖိုမသိုင်းကျ
တွေကို ကျေညက်အောင် လေ့ကျင့်ထားဖို့လိုတယ်''

လီပိုးက ပြောလိုက်သောအခါ ယှူချင်းထန်နှင့် ဖင်းယုတို့
ခေါင်းညိတ်လိုက်လေသည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

### သိုက်စိုက်ရန်သစီအမ

ကောင်းကင်နဂါးသည် ကျောက်တောင်အောက်၌ေ
ကျင့်နေသူများကို ကြည့်လိုက်၏။

"ချွမ်း...ချွမ်း...ချွမ်း"

"ဝှီး...ဝှီး...ဝှီး"

သိုင်းသမားများသည် ဒိုယံဒွိယံနှင့် လေကျင့်နေ
လေ၏။

ထိုအထဲတွင် ရောမ ဓားပြားကြီးနှင့် ပုဆိန်ကိုင်မျိုး
နေသူများမှာ အကြံခိုင်ဆုံး၊ အသွားကျိုင်းဆုံး ဖြစ်သည
မီးပွင့်များထွက်အောင် ထိုးခုတ်နေကြသည်။



ဤသို့လေ့ကျင့်နေကြသူများမှာ အကြောင်းရှိသည်။

ဟူတန်ဂိုဏ်းချုပ်ကြီးက ကောင်းကင်နဂါးထံ ရာဇသံ
ပို့သောကြောင့်ဖြစ်သည်။

သိုင်းကျမ်းကိုပြန်အပ်မည်လား။စစ်ခင်းမည်လားဟူသော
ရာဇသံတည်း။

ကောင်းကင်နဂါး လီဆူရှင်းအနေဖြင့် ဂိုဏ်းကြီးခုနစ်
ဂိုဏ်းမှက ဂိုဏ်းကြီးဆယ်ဂိုဏ်းက လာခဲ့င်းပါစေ၊ မကြောက်
ရေးချ မကြောက်ပါ။

အဘယ့်ကြောင့်ဆိုသော်...

သူ တစ်ကိုယ်တည်း မြေးပေါက် ရှာဖွေတွေ့ရှိနိုင်မည်
ဖြစ်သောကြောင့်တည်း။

ထို့ကြောင့်...

သူသည် သိုင်းကျမ်းကို ပြန်လည်မပေးအပ်ရန် ဆုံးဖြတ်ခဲ့
ခြင်းဖြစ်သည်။

ဤသည်မှာ သူ့အမှားတည်း။

သူသည် သိုင်းကျမ်းထဲမှ ပညာများကို လေ့ကျင့်နေသည်
မှာ ကုန်သလောက် ဖြစ်နေပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းကျမ်းကို ပြန်လည်ပေးအပ်လိုက်လျှင် ဂိုဏ်းကြီးခုနစ်ဂိုဏ်းက လာရောက်ဝိုင်းတော့မည် မဟုတ်ပေ။

ယခုတော့.... ကောင်းကင်နဂါးက သိုင်းကျမ်းပေးရန် အကြောင်းမပြန်သဖြင့် ဂိုဏ်းကြီးခုနစ်ဂိုဏ်းက လာရောက်တိုက်ခိုက်ပေတော့မည်။

ကောင်းကင်နဂါးသည် လေ့လကျင့်နေသူများကို လိုက်လံကြည့်ရှုနေ၏။

သူသည် သူ့တပည့်များကို လွန်စွာစိတ်ပျက်သည်။

သိုင်းပညာ အဆင့်မှာ သာမန်အဆင့်သာ ဖြစ်နေသည်။

ဤသည်မှာလည်း သူ့အပြစ်ပင်။

သူ့တပည့်များကိုသူသင်မပေးသောကြောင့်သာသူ့တပည့်များ သိုင်းပညာ ညံ့နေခြင်းဖြစ်သည်။

သူ့တပည့်များကလည်း ပွဲကြီးပွဲကောင်းများကို မနွှဲရဘဲ လူသတ်၊ ဓားပြတိုက်မှုသာ လုပ်နေရသဖြင့် သူတို့ကိုယ်သူတို့ အဟုတ်ကြီး ထင်နေကြသည်။

ကောင်းကင်နဂါးသည် ဂိုဏ်းကြီးခုနစ်ဂိုဏ်း လာတိုက်လျှင် မည်သို့ခုခံရမည်ကို စဉ်းစားနေ၏။သူသည်သူ၏လိုဏ်ဂူဆီသို့ ပြန်သွား၏။



အရက်ပြင်းပြင်း တစ်ခွက်ကို မော့လိုက်သည်။ သူ့အနီး၌ အစောင့်တစ်ယောက်သည် ဂိုဏ်းချုပ်ကြီးလိုအပ်သမျှကို ပြုလုပ်ပေးရန် အသင့်စောင့်နေသည်။

လီဆူရှင်းက....

"ဟေ့....လက်ထောက်ဂိုဏ်းချုပ်ကို သွားခေါ် လိုက်စမ်း"

အစောင့်သည် ပြေးထွက်သွား၏။

မကြာမီ ပြန်လာသည်။ လက်ထောက်ဂိုဏ်းချုပ်သည်လည်း ပါလာသည်။

"ဂိုဏ်းချုပ်ကြီးကို ဂါရဝပြုပါတယ်"

"ကဲ....ငါပြောမယ်၊ ငါတို့ဂိုဏ်းသားတွေဟာ သိုင်းပညာမှာ နိမ့်ကျနေတာတော့ အမှန်ပဲ၊ အခုမှတော့ ဘယ်လိုမှ လုပ်လို့မရတော့ဘူး၊ ဒီတော့ ဂိုဏ်းပေါင်းစုံက သိုင်းသမားတွေ ဒီကျောက်ရိုင်းတောင်ကို ရောက်မလာအောင် ညဏ်နီညဏ်နက်ဆင်ပြီး တိုက်ခိုက်ရလိမ့်မယ်"

"အမိန့်ရှိပါ ဂိုဏ်းချုပ်ကြီး"

"ငါကိုယ်တိုင် စဉ်းစားထားတာကတော့"

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်နဂါးဂိုဏ်းချုပ်ကြီး လီဆူရှင်းသည် မဟာမိတ် ဂိုဏ်းများအား လမ်းခုလတ်မှဖြတ်တိုက်မည့်အစီအစဉ်ကို ရေးဆွဲလေတော့သည်။

* * *

ဓားတီလူး တန်ပိုးထိုက်၊ ယူချင်းတန်၊ ဖင်းယုန္တင့်လီပိုးတို့လေးယောက်သည် မြင်းဖြင့် ခရီးနှင်လာကြ၏။

သူတို့သည် ကျောက်ရိုင်းတောင်သို့ ခရီးထွက်လာကြခြင်းဖြစ်သည်။

နှစ်ရက်ကြာသောအခါ ကျောက်ရိုင်းတောင်ခြေ တောစပ်သို့ ရောက်ရှိလာကြ၏။

"ကောင်းကင်နဂါးနဲ့ တွေ့ရဖို့က မလွယ်ဘူး"

တန်ပိုးထိုက်က ပြောလိုက်၏။

လီချင်းထန်က....

"မလွယ်ရအောင် သူက ဘာကောင်မို့လဲ"



"သူ့စခန်းက ခဲရာခဲဆစ် တက်ရတဲ့ခေါင်းကွ၊ ကိုယ်ဖော့ပညာ မကျွမ်းရင် တက်ရခက်လို့ တွေ့ရဖို့ မလွယ်ဘူးလို့ ပြောတာပါကွာ"

"ဩော်...."

"ကဲ....ငါတို့ ကျောက်ရိုင်းတောင်ကို ရောက်ခဲ့ပြီ၊ ဒီနေရာဟာ တောင်ပေါ်ကိုတက်ဖို့ အခက်အခဲဆုံး နေရာပဲ၊ ဒါကြောင့်မို့ အားလုံး သတိဝီရိယရှိကြပါ"

သူက ခေါင်းဆောင်သူပီပီ အဖွဲ့သားများအားသတိပေးလိုက်သည်။

"ကဲ...,တက်ကြမယ်"

သူတို့သည် ကျောက်ရိုင်းတောင်ကို စတင်တက်ကြတော့သည်၊

တန်ပိုးထိုက်သည် ကောင်းကင်ကို မော့ကြည့်ပြီး....

"ရာသီဥတု သာယာတယ်၊ ငါတို့ တောင်ပေါ်ကို တက်ရတာ လွယ်ကူတာပေါ့"

သူတို့သည် ကျောက်တုံးကျောက်ခဲများ၊ သစ်ပင်များ ရှုပ်ယှက်ခတ်နေသော တောင်ပေါ်သို့ တက်ကြသောအခါ အား

www.burmeseclassic.com



လုံးကိုယ်ဖော့ပညာ ကျွမ်းကျင်ကြသဖြင့် ခက်ခဲသော်လည်း မတက်နိုင်သူ မရှိကြပေ။

တောင်လယ် တစ်နေရာသို့ ရောက်သောအခါ လရောင် ကွယ်ပျောက်သွားသည်။

မည်းမည်းအရိပ်များကို တောင်အထက်တွင်တွေ့ရသဖြင့် ဟန်ပိုးထိုက်က အားလုံးကို ရပ်တန့်စေသည်။

"တောင်ထိပ်မှာ မည်းမည်းအရိပ်ကြီးတွေ့ရတယ်၊ ဘာတွေမှန်းမသိဘူး၊ ဒီတော့ ဒီနေရာမှာ ခဏနားမယ်"

သူတို့သည် ထိုနေရာ၌ အားလုံးရပ်နားလိုက်ပြီးကိုယ်စီ အနားယူကြ၏။

ဟန်ပိုးထိုက်က....

"ကဲ....အားလုံး ဒီမှာအိပ်နိုင်ပြီ၊ မနက်ကျမှ ဆက်တက်မယ်"

သူတို့သည် ကိုယ်စီကိုယ်စီ အိပ်စက်ကြလေသည်။ လူအားလုံး အိပ်မောကျစဉ်လောက်တွင် လူရိပ် တစ်ရိပ်သည် ဖြည်းညင်းစွာ ထလာလေသည်။



ဖင်းယုသည် အိပ်မပျော်ပေ။ ထိုလူရိပ်ကို စောင့်ကြည့်သည်။

"ဟင်....လီပိုး"

သူ့ရင်ထဲမှ အော်လိုက်လေ၏။

လီပိုး အဘယ်ကြောင့် ဤသို့ တိတ်တဆိတ် ထပါသနည်း။

လီပိုးသည် လီဆူရှင်း၏ ညီမအရင်းဖြစ်သည် မဟုတ်ပါလော။

သို့သော်....

လီပိုးသည် တဖြည်းဖြည်းချင်း ထပါသော်လည်း နေရာမှ မရွေ့ချေ။

သူမသည် တောင်ပေါ်သို့သာ မျှော်ကြည့်နေသည်။

ဖင်းယုသည် မျက်စိဖွင့်၍ အသာ စောင့်ကြည့်နေသည်။ လီပိုးသည် နေရာမှမရွေ့ချေ။ သူမသည် သူ၏အစ်ကိုကိုကား တင်လိုနေသလား။

သူမကို ဖင်းက သေမိန့်ပေးလိုက်သဖြင့် သူမ၏အစ်ကိုကို လက်စားချေလိုနေသလား သူမသိပေ။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ...

လီပိုးသည် သူ့မျက်စေ့ချည်ပြန်အိပ်လေ၏။ တကယ်တမ်းတွင် ဖင်းယုဘာဇ်ယောက်တည်း နိုးနေသည် မဟုတ်ပါ။

တန်ပိုးထိုက်နှင့် ယူချင်းထန်တို့လည်း နိုးနေကြပါသည်။

သို့သော်...

သူတို့သည်အိမ်ရာခုမထကြပါ။အိပ်ရာထဲမှ အခြေအနေကို စောင့်ကြည့်နေကြပါသည်။

လီပိုး ပြန်လည် အိပ်ပျော်သွားသောအခါ သူတို့လည်း မသိမသာ သက်ပြင်းချမိကြ၏။

ယူချင်းထန်၊ ဖင်းယုနှင့် လီပိုးတို့သည် ဗို့မသိုင်းကျမ်းကို လေ့ကျင့်ကြရင်း သိုင်းပညာရပ်တစ်ခုကို တီထွင်မိကြလေသည်။

ထိုပညာရပ်ကား သုံးပွင့်တစ်ခိုင် သိုင်းကွက်ပေတည်း။

သူတို့သည် ကောင်းကင်နဂါးကို ထိုသိုင်းကွက်ဖြင့် တိုက်ခိုက်ကြမည် ဖြစ်သည်။



မကြာခင် မိုးလင်းလာလေ၏။

သူတို့လေးယောက်သည် ထကြပြီး ခရီးဆက်ကြသည်။ သူတို့သည် သစ်ပင် အလွန်ထူထပ်သော လမ်းဒါးကို ဖြတ်သန်းနေကြလေ၏။

ငှက်နအော်သံများပင် ကြားရသည်။

"ခဏ ရပ်ဦး"

ဓားဘီလူးက လက်ပြ၍ အရပ်ခိုင်းသည်။

အားလုံး ရပ်လိုက်ကြ၏။

သူတို့ဆီကို လေပြည်ဝေ့လာသည်။

လေအဝေ့တွင် မွှေးကြိုင်သည့် ရနံ့တစ်ခုကို ရှူမိလိုက်ကြသည်။

"ဘယ့်နှယ်လဲ တန်ပိုးထိုက်"

ယူချင်းထန်က မေးလိုက်၏။

တကယ်တမ်းတွင် တန်ပိုးထိုက်သည် သိုင်းလောကတွင် ကျွမ်းကျင်သူ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယူချင်းထန်မှာ သိုင်းလောကထဲ၌ ကျင်လည် ခဲ့ဖူးသူ မဟုတ်ပေ။

သူသည် ချူကင်းသိုင်းပြိုင်ပွဲထဲ ဝင်နွှဲဖူးသည့် အတွေ့ အကြုံသာ ရှိသည်။

*　*　*

တန်ပိုးထိုက်က....

''အဲဒါ အိပ်မွေ့ချပန်းရနံ့ပဲ၊ အရှေ့စူးစူးကတောအုပ် ထဲကို ငါတို့လုံးဝ ဖြတ်သန်းနိုင်မှာ မဟုတ်ဘူး''

''ဘာကြောင့်လဲ''

''အိပ်မွေ့ချပန်းရနံ့ဟာစူးရှတဲ့အဆိပ်ရနံ့ကွ၊ မွှန်းကျ လာလိမ့်မယ်၊ အသက်ရှူလမ်းကြောင်း ကျပ်ပြီး သေဆုံး နိုင်တယ်''

ကြားလိုက်ရသော စကားကြောင့် အားလုံး တုန်လှုပ် ချောက်ချားလာကြသည်။



''ဒီတော့ အဲဒီ အိပ်မွေ့ချပန်းတွေရှိတဲ့ သစ်တောကို ကွေ့သွားရမယ်၊ အချိန်တော့ နည်းနည်းကြာသွားမှာပေါ့ လေ၊ ဒါကြောင့်လဲ ကောင်းကင်နဂါးက ဒီဘက်မှာအစောင့် ချမထားတာ''

တန်ပိုးထိုက်က အခြေအနေကို ပြောပြလေ၏။

''ဒီလိုဆိုရင် အဲဒီပန်းရှိနေတဲ့ တောအုပ်ကိုကွေ့ရှောင် သွားရမှာပဲ၊ တော်ကြာ ကောင်းကင်နဂါးကို မတိုက်ရဘဲ အားလုံး သေကုန်ကြလိမ့်မယ်''

ဖင်းယုက ပြောဆိုလိုက်၏။

သူတို့သည် အဆိပ်ပန်းရှိသော တောအုပ်ကို ကွေ့ရှောင် ပြီး ဖြတ်သန်းလာခဲ့ကြ၏။

သူတို့လျှောက်ခဲ့သည့်ခရီးမှာ လမ်းမရှိပေ။

သူတို့ဘာသာထွင်၍ လျှောက်ကြရခြင်း ဖြစ်၏။

ဤမျှ ကြမ်းတမ်းသော ခရီးလမ်းတွင် မည်သည့် ကင်း စောင့်တစ်ဦးကိုမျှ မမြင်ရခြင်းမှာ အဆန်းမဟုတ်ပေ။

သူတို့အားလုံး ပင်ပန်းသွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တန်ပိုးထိုက်က....

"ဒီနေရာမှာ ခဏနားကြရင် ကောင်းမယ်"

ခေါင်းဆောင် တန်ပိုးထိုက်၏စကားမှာ အလွန်ဆီလျော်သော စကားဖြစ်သည်။

သူတို့သည် ကိုယ်ဖော့ ကျွမ်းကျင်သော သိုင်းသမားများဖြစ်စေကာမူ အလွန်အကျွံ ပင်ပန်းလာသောအခါ သူတို့နွမ်းလျလာသည်။

အားလုံးပင် ဝမ်းပန်းတသာ နားလိုက်ကြ၏။

သူတို့တွင် ရေအိတ်ကိုယ်စီ ပါလာကြရာ အားလုံးပင်ရေအိတ်ကိုယ်စီထုတ်၍ သောက်ကြရလေသည်။

သူတို့အားလုံး အမောအပန်းဖြေကြသည်။ အတန်ကြာသော် တန်ပိုးထိုက်က....

"ကိုင်း....အမောပြေရင် ခရီးဆက်ကြဦးစို့၊ တော်ကြာ အချိန်ကိုက်မရောက်ရင် အစီအစဉ်တွေအားလုံး ချော်သွားနိုင်တယ်"

အားလုံးပင် ဖြိုင်တူထလိုက်ကြ၏။ သူတို့၏ခရီးကိုစတင်ကြသည်။



အချို့ တောင်စောင်းများမှာ အလွန်ပင် မတ်စောက်လှဖြင့် သူတို့တွင်ပါလာသော ကြိုးများကို အသုံးပြုကြရသည်။

ဤနည်းဖြင့် သူတို့သည် တောင်ပေါ်သို့ တစ်ထင်ချင်းတက်လာခဲ့ကြသည်။

မကြာမီ သူတို့သည်တောင်ထိပ်ရှိလိုဏ်ဂူကြီးကိုတွေ့လိုက်ကြရသည်။

"တွေ့လား....အဲဒီကျောက်လိုဏ်ဂူပဲ"

တန်ပိုးထိုက်က ညွှန်ပြလိုက်၏။

"ဘာလဲ ...အဲဒီလိုဏ်ဂူက ကောင်းကင်နဂါး လီအူရှင်းနေတဲ့ လိုဏ်ဂူလား"

"ဟုတ်တယ်....ဒီဂူက ဒီနေရာကမို့ မြင်နေရတာ၊ ဒီ့ပြင်နေရာ ရောက်သွားရင် မမြင်ရတော့ဘူး၊ သစ်ပင်တွေ ကွယ်သွားတော့ ဘယ်မြင်ရတော့မလဲ"

တန်ပိုးထိုက်ပြော၍သာ ကျောက်လိုဏ်ဂူမှန်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာသို့ရောက်ရန် အနည်းဆုံး ငါးနာရီခန့်ကြာ
ပေဦးမည်။

ယူချင်းထန်သည် စိတ်တွင်းမှကြုံးဝါးလိုက်၏။

''ပုံလေတဲ့ငှက်ခါး နားကမှ သိစေမယ် လီဆူ
ရေ့''

အားလုံးသည် တောင်ထိပ်သို့ရောက်ရန် ခရီးဆက်ရ
သည်။

★

အခန်း (၂၂)

နဂါးခေါန်

မြင်းခွာသံများသည် ဆူညံစွာ ထွက်ပေါ်လာလေ
သည်။

မဟာမိတ် သိုင်းပေါင်းစုံဂိုဏ်းပေါင်းစုံ ချီတက်လာခြင်း
သည်း။

ဟူတန်ဂိုဏ်းက ဦးဆောင်လျက် တိုင်မေ။ ရှောင်လင်
ဂိုဏ်း၊ မိုးနဂါးဂိုဏ်းနှင့် ခြေသလုံးအိမ်ဘိုင်ဂိုဏ်း စသည့်
ဂိုဏ်းတို့သည် ကျောက်ရိုင်းတောင်ဆီသို့ချီတက်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ရန်သူနယ်နိမိတ်အတွင်း ရောက်ရှိလာကြသည်။

ဟူတန်ဂိုဏ်းချုပ်ကြီးသည်ငြိမ်သက်နေသော အခြေအနေကို သဘောမကျပေ။

ရန်သူကို သူတို့စစ်ကြေညာပြီးပေပြီ။ ရန်သူသည် သူတို့အလာကို ကြိုတိုက်ရပေမည်။

ယခုအခြေအနေသည် ငြိမ်သက်နေ၏။ ရန်သူသည် သူတို့အား ဝိုင်းထားကြလေပြီလော။

ဤအခြေအနေမျိုးမှာ မုန်တိုင်းမတိုက်မီငြိမ်သက်နေခြင်းဖြစ်သည်။

ဟူတန်ဂိုဏ်းချုပ်ကြီးသည် ပတ်ဝန်းကျင်ကို မျက်စိဝေ့ကြည့်၏။

သူသည် ကောင်းတင်နဂါး၏ ညာဏ်နီညာဏ်နက်ကိုသိပြီးဖြစ်သည်။

ယုတ်မာကောက်ကျစ်မှုများကို သိရှိပြီးဖြစ်သည်။

ထို့ကြောင့်....



သူသည်ကင့်းတစ်စိတ်နှစ်စိတ်ကို ရှေ့သို့တက်၍ စုံစမ်းရန် အချက်ပြလိုက်၏။

''ကျား''

''ကျား''

မြေကျင်းများထဲမှ ကောင်းကင်နဂါး သိုင်းဂိုဏ်းသားများသည် ဓားခနဲ ပေါ်လာပြီး တရကြမ်း တိုက်ခိုက်လေတော့သည်။

ထိုနေရာသည် သစ်တောမဟုတ်ပေ။ သစ်ပင်များ မရှိပေ။

ထို့ကြောင့် ဖုန်လုံးကြီးများ တလိမ့်လိမ့် တက်လာသည်။

ဟဒင်္ဂအတွင်း တိုက်သံ၊ ခိုက်သံ၊ အောတစ်ဆူညံသံများသည် ထိုပတ်ဝန်းကျင်၌ ပေါ်ထွက်လာ၏။

ကောင်းကင်နဂါး လူဆိုးရှင်းသည် သူ့ဂိုဏ်းသားများ သိုင်းပညာ ညံ့ဖျင်းသည့်အတွက် အခြား လက်နက်တစ်ခုဖြင့် အစားထိုးထား၏။

ထိုလက်နက်သည် တခြားမဟုတ်။ အဆိပ်လက်နက်များ သာတည်း။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ လက်နက်ပုန်းများ၌ အဆိပ်များ သုတ်လိမ်းထားသည်။

ခား၊ လှံ၊ လေးမြား လက်နက်များအားလုံးတွင် အဆိပ်များ သုတ်လိမ်းထား၏။

ထို့ကြောင့် မဟာမိတ်ဂိုဏ်းသားများမှာ ကောင်းကင်နဂါး ဂိုဏ်းသားများ၏ လက်နက်များမထိလိုက်နှင့် ထိလိုက်သည်နှင့် သေဆုံးသွားရပေမည်။

မြင်းရောလူပါ ရောထွေးနေသဖြင့် သူ့လူကိုယ့်လူခွဲခြားရခက်သည်မှာ အမှန်ပင်ဖြစ်၏။

သို့သော် ကောင်းကင်နဂါးဂိုဏ်းသားများကားကွဲပြားပါသည်။

ဝတ်စုံနက် ခေါင်းစည်းရှိထားသဖြင့် ကောင်းကင်နဂါး ဂိုဏ်းသားများကို ကောင်းစွာ ခွဲခြား၍ရသည်။

ကောင်းကင်နဂါး ဂိုဏ်းသားများသည် နေရောင်ကို မျက်နှာမူ၍တိုက်ကြ၏။

အဘယ်ကြောင့်ဆိုသော်....



သူတို့၌ ရောင်ပြန်ဒိုင်းကာများ ပါသောကြောင့်တည်း။

သူတို့၏ရောင်ပြန်ဒိုင်းကာများသည် မဟာမိတ်ဂိုဏ်းသားများ၏ မျက်စိများကို ပြာနှမ်းစေသည်။ ကျိန်းစပ်စေ၏။ မမြင်မကန်း ဖြစ်စေသည်။

မဟာမိတ် ဂိုဏ်းသားများမှာ အဆိပ်လက်နက်များကြောင့် လည်းကောင်း၊ ရောင်ပြန် ဒိုင်းကာများကြောင့် လည်းကောင်း ရုတ်တရက် အလစ်အငိုက် ခံရခြင်းကြောင့် လည်းကောင်း အကျအဆုံး ပိုမိုများပြားသည်။

သို့သော်....

မဟာမိတ်ဂိုဏ်းများ၏ ခေါင်းဆောင် ဟူတန်ဂိုဏ်းချုပ်ကြီးသည် သူတို့၏ ဂိုဏ်းသားများကို ဆက်တက်ရန် အမိန့်ပေးသည်။

အဘယ်ကြောင့် သူ ဤသို့အမိန့်ပေးပါသနည်း။ ရှင်းပါသည်။

ကောင်းကင်နဂါး ဂိုဏ်းသားများကို ရေရှည်ဆက်တိုက်နိုင်လျှင် သူအနိုင်ရမည်ကို သိနေသောကြောင့်တည်း။

ကောင်းကင်နဂါး ဂိုဏ်းသားများသည် သိုင်းပညာညံ့ဖျင်းကြောင်း သူသိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်နဂါးဂိုဏ်းသားများသည် အရေအတွက်သာ များသည် အရည်အချင်း ညံ့ဖျင်းသူတို့ စုဝေးနေသည့် အဝိုင်းအဝန်းသာတည်း။

အမြင်အရမှု ကောင်းကင်နဂါးဂိုဏ်းသားများက အသာစီးရနေကြသည်။

သူတို့ဂိုဏ်းချုပ်ကြီးသည် နောက်၌ကျန်နေသည့် ဂိုဏ်းသားများကို ရှေ့ဆက်တက်ရန် အမိန့်ပေးလိုက်သည်။

''အားလုံးဆက်တက်''

''ငါတို့နိုင်မယ်''

မဟာမိတ်ဂိုဏ်းသားများကလည်း အမိန့်ကို တစ်သဝေမတိမ်း လိုက်နာကြသည်။

ဓားနှင့်သွင်းအော်ဟစ်ပြီး ဆက်တက်ကြသည်။

ကောင်းကင်နဂါးဂိုဏ်းသားများကို တရကြမ်း ထိုးနှက်ခုတ်ခိုက်ကြသည်။

''ထန်း....ထန်း....ထန်း''

''ချွမ်း....ချွမ်း....ချွမ်း''



''အား....အင့်''

နေရောင်အောက်တွင် ပြိုးပြက်ဝင်းလက်သော ဓား၊ လှံ လက်နက်များသည် အရောင်တဝင်းဝင်းဖြစ်နေ၏။

တိုက်ပွဲကြီးကား အလွန်ပြင်းထန်သော တိုက်ပွဲတည်း။

အသေအကျေတိုက်သော တိုက်ပွဲပေတည်း။

မဟာမိတ်ဂိုဏ်းသားများ၏ တိုက်ခိုက်မှုသည် တဖြည်းဖြည်း အင်အားကောင်းလာသည်။

ကောင်းကင်နဂါးတို့၏ ကျောက်ရိုင်းတောင် နယ်ပယ်အတွင်သို့ တဖြည်းဖြည်းတိုးဝင်လာကြလေ၏။

ကောင်းကင်နဂါး ဂိုဏ်းသားများမှာလည်း သူတို့နယ်မြေဝအား ထိုးဖောက်ဝင်နေခြင်းကို အသေအလဲကာဆီးနေကြရသည်။

''ဝှီး....ဝှစ်....ဝှစ်''

''ထန်း....ထန်း....ထန်း''

ကောင်းကင်နဂါး ဂိုဏ်းသားများသည် တဖြည်းဖြည်း အကျအဆုံးများပြားလာ၏။

www.burmeseclassic.com

www.burmeseclassic.com



မဟာမိတ် ဂိုဏ်းသားများကလည်း သူတို့နိုင်တော့မည့် အရေးကို မြင်လာကြသဖြင့် အားတက်လာကြသည်။

ကောင်းကင်နဂါး ဂိုဏ်းသားများ အကျအဆုံးများလာခြင်းကြောင့် မဟာမိတ်ဂိုဏ်းသားများသည် ဖိ၍တိုက်ခိုက်ကြ၏။

ရှေ့သို့ တစ်ဟုန်ထိုးတက်ကြ၏။

ကောင်းကင်နဂါး ဂိုဏ်းသားများမှာ သွေးပျက်လာကြသည်။

သူတို့သည် ပြေးကွက်ကိုရှာလာကြသည်။

အရည်အချင်းမဲ့သူတို့မှာ ဤသို့သာတည်း။

နိုင်လျှင်ဖိခြောက်၍ ရှုံးလျှင် ပြေးပေါက်ရှာကြံကြတော့သည်။

"တောက်"

တိုက်ပွဲကို စီး၍ကြည့်နေသူ ကောင်းကင်နဂါး လီဆူရှင်းသည် သူထင်သည့်အတိုင်း ဖြစ်မလာသဖြင့် ပြင်းထန်စွာ ဒေါက်ခေါက်လိုက်၏။



သိုင်းပညာချင်း ယှဉ်တိုက်ကြသောအခါ သူ့ဂိုဏ်းသားများမှာ အလူးအလဲခံကြရတော့သည်။

"ဘယ်လိုလုပ်မလဲ ဂိုဏ်းချုပ်ကြီး"

လက်ထောက်ဂိုဏ်းချုပ်က ကောင်းကင်နဂါး လီဆူရှင်းကို မေးလိုက်၏။

"ဂိုဏ်းသားတွေကို ဆုတ်တော့လို့ အမိန့်ပေးလိုက်တော့"

လက်ထောက်ဂိုဏ်းချုပ်သည် ဂိုဏ်းချုပ်ကြီးအနီးမှ မြင်းတစ်စီးဖြင့် ထွက်ခွာသွားတော့၏။

သူသည် သူတို့ဂိုဏ်းသားများကို ပြန်ဆုတ်ခိုင်းတော့မည်။

ဆုတ်ခိုင်း၍ကော သူတို့ အသက်ရှင်ပါမည်လော။

မဟာမိတ် ဂိုဏ်းသားများသည် အဆိပ်သက်နက်များကြောင့် များစွာ အသက်ဆုံးရှုံးကြရသည်။

သူတို့သည် အငြိုးတကြီးဖြင့် တိုက်နေကြသဖြင့် ကောင်းကင်နဂါးဂိုဏ်းသားများကို ခွင့်လွှတ်နိုင်မည်မဟုတ်ကြောင်း လက်ထောက်ဂိုဏ်းချုပ် မသိရှိပါသလော။

www.burmeseclassic.com

www.burmeseclassic.com



မဟာမိတ်ဂိုဏ်းသားများသည် ကောင်းကင်နဂါး ဂိုဏ်းသားများကို ကျူပြင်ခုတ် ကျူငုတ်မကျန်ရအောင် ရှင်းလင်းသုတ်သင်နေကြသည်။

ကောင်းကင်နဂါး လီဆူရှင်းသည် သူ၏ပြိုကွဲခန်းကို မြင်ရသည်။

နောင် လေးနှစ်ကြာလျှင် ပြန်လာမည်ဟူသော သူ့စိတ်ကူးသည် ယခု အိပ်မက်ဖြစ်သွားပေပြီ။

သို့သော်…

သူသည် အံကို တင်းတင်းကြိတ်ထား၏။

လက်က ဓားရိုးကို တင်းတင်းဆုပ်ထား၏။

သူ၏မာနကား တစ်စက်ကလေးမျှ လျော့ကျမသွားခဲ့ချေ။

★

အခန်း (၂၃)

တိုက်ပွဲကြီး

ကောင်းကင်နဂါးသည် တိုက်ပွဲ၌ အကြီးအကျယ်ရှုံးနိမ့်ပြီး နောက်ဆုတ်နေရလေ၏။

ရောင့်စုံဖြစ်သော မဟာမိတ်တပ်သားတို့က အနက်ရောင်ဝတ်စုံ၊ အနက်ရောင်ခေါင်းစည်း ဝတ်ဆင်ထားသော ကောင်းကင်နဂါး ဂိုဏ်းသားများကို လိုက်လံ သုတ်သင်နေသည်။

ကောင်းကင်နဂါး ဂိုဏ်းသားများသည် လက်ပန်းကျနေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဟူတန်ဂိုဏ်းချုပ်ကြီးသည် မဲ့ပြုံး ပြုံးလေ၏။

ကောင်းကင်နဂါးသည် မဟာမိတ် ဂိုဏ်း သားများကို မျှော်လင့်သည့်အချိန် မမျှော်လင့်သည့်နေရာ၌ အဆိပ် လက်နက်ပုန်းများဖြင့် တိုက်ခိုက်ခဲ့သည်။

ပထမ၌ မဟာမိတ်ဂိုဏ်းသားများ အကြီးအကျယ် ဆုံးရှုံး ပျက်ဆီးခဲ့သည်။

သို့သော်....

သူတို့သည် လန့်ပြီးဆုတ်မသွားချေ။

သဲသဲမဲမဲ ဆက်လက်တိုက်ခိုက်သဖြင့် ယခု ကောင်းကင်နဂါး ဂိုဏ်းသားများ ဆုတ်ခွာရပေပြီ။

သူတို့သည် မကြာမီ သူတို့စခန်းများသို့ ကိုယ်လွတ်ရုန်း၍ ပြေးကြတော့သည်။

ယခုအချိန်လောက်တွင် ဓားဘီလူးတန်ပိုးထိုက်နှင့်ယူချင်ထန်တို့သည် ကောင်းကင်နဂါးကို နောက်ပိုင်းမှ ဝင်ရောက်တိုက်ခိုက်နေလောက်ပေပြီ။

ဤသည်ကို လီဆူရှင်း သိသည်မဟုတ်ပေ။



တိုက်ပွဲမြေပြင်၌အလောင်းချင်း ထပ်နေ၏။

အနိုင်အရှုံးလည်း သိသာ လာခဲ့ချေပြီ။

မဟာမိတ်ဂိုဏ်းသားများသည် ပထမ၌ အကျအဆုံးများ ပြားခဲ့၏။

သို့သော် နောက်ဆုံး၌ကောင်းကင်နဂါး ဂိုဏ်းသားများ တစ်ယောက်ပြီး တစ်ယောက် ကျဆုံးနေတော့သည်။

ဟူတန်ဂိုဏ်းချုပ်ကြီးသည် လှေကောင်းများက ဒဏ်ရာရသူများကို နောက်တန်းသို့ ပြန်လည် သယ်ဆောင် စေသည်။

ဒဏ်ကြေ ဆေးများ၊ အဆိပ်ဖြေဆေးများ တိုက်ကျွေးသည်။

လူနာများကို ကယ်ဆယ်ခြင်း၊ ကုသခြင်းများ ပြုလုပ်စေသည်။

သိုင်းကျမ်းတစ်စောင် ခိုးယူရာမှ ဖြစ်ပွားသော မီးသည် အကြီးဆုံးမီးအဖြစ် လောင်ကျွမ်းခဲ့လေပြီ။

လူပေါင်း မြောက်မြားစွာ အသက်ဆုံးရှုံးခဲ့ရလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဟူတန်ဂိုဏ်းချုပ်ကြီးသည် မဟာမိတ် တပ်သားများကို ဦးဆောင်၍ အပြီးသတ်တိုက်ပွဲ ဆင်နွှဲရန် ချီတက်လာလေသည်။

ထိုအချိန်၌ တန်ပိုးထိုက်၊ ယူချင်းထန်၊ ဖင်းယုနှင့် လီပိုးတို့သည် ကောင်းကင်နဂါး၏ဂူအနောက်ဘက်သို့ ရောက်ရှိလာကြသည်။

သူတို့သည် ကောင်းကင်နဂါး၏ ထွက်ပေါက်ကိုပိတ်ဆို့နိုင်ခဲ့လေပြီ။

တန်ပိုးထိုက် နှုတ်ခမ်းကို လက်ညှိုးနှင့်ပိတ်၍ သတိပေးလိုက်သည်။

''ရှူး''

အားလုံးပင် အကာအကွယ် ပြေးကပ်လိုက်ကြ၏။

ကောင်းကင်နဂါးဂိုဏ်းသားနှစ်ယောက်သည် ပေါ်ထွက်လာလေသည်။

ယူချင်းထန်သည်လှစ်ခနဲခုန်ဝင်သွားပြီး ထိုနှစ်ယောက်၏ ကျောပြင်သို့ လက်ဝါးဖြင့် ရိုက်ချလိုက်လေ၏။

''ဝုန်း''



''ဝုန်း''

ကောင်းကင်နဂါး ဂိုဏ်းသားနှစ်ယောက်သည် မှောက်ကျသွားလေတော့သည်။

ယူချင်းထန်၏ ရိုက်ချက်က ပြင်းထန်လှသည်။

ကောင်းကင်နဂါးဂိုဏ်းသား နှစ်ဦးစလုံး သေဆုံးသွားကြလေပြီ။

သူတို့သည်ဂူထဲသို့ အားလုံးပြေးဝင်လိုက်ကြသည်။

''ဝိုး….ဝိုး….ဝိုး''

''ဝှစ်….ဝှစ်….ဝှစ်''

ရုတ်တရက်ပင်….လေတိုးသံများကြားလိုက်ရသဖြင့် အားလုံးသည် ပြားပြားဝပ်မှောက်လိုက်ကြသည်။

ရန်သူများသည်သူတို့လေးယောက် ထိုးဖောက်ဝင်ရောက်လာသည်ကို သိရှိသွားကြလေပြီ။

သူတို့လေးယောက်သည်ကိုယ်ကိုလှိမ့်ကာ ရှေ့သို့တိုးသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြားသမားများအနီးသို့ ရောက်သည်နှင့် ခုန်ထပြီး မြား
သမား အုပ်စုထဲသို့ ဝင်တော့၏။

"ဖွီး"

"ဗုန်း"

"ဝှစ်"

တန်ပိုးထိုက် ရိုက်ချလေတော့သည်။

ကောင်းကင်နဂါး ဂိုဏ်းသားများမှာ သိုင်းပညာအ
မည်သို့မျှ မယှဉ်နိုင်ပေ။

တစ်ယောက်ပြီးတစ်ယောက် လဲကျသွားသည်။

ယူချင်းထန်၊ဖင်းယုနှင့် လီပိုး တို့သည်လည်း ဝင်ရော
တိုက်ခိုက်ကြသည်။

ရန်သူများသည် သူတို့အား ရင်မဆိုင်နိုင်ပေ။

အားလုံး သေဆုံးကုန်ကြသည်။ တိုက်ပွဲသည် လျင်မြန်စွာ
ပြီးစီးသွား၏။

သူတို့သည် လိုက်ဂူထဲ ပြေးဝင်လာခဲ့သည်။



အတားအဆီးအားလုံးကို သူတို့ ဖယ်ရှားနိုင်ခဲ့ပြီဟု ထင်
ကြသည်။

သို့သော်.... သူတို့ထင်သလို မဟုတ်ပေ။

"ဟေ့....မင်းတို့ကို ဒီဂူထဲ ဘယ်သူက ဝင်ခွင့်ပေးလို့လဲ"

သံကောက်ကိုင် သိုင်းသမားက အော်ဟစ်လိုက်သည်။ သူ့
နောက်တွင် ဓားသမားတစ်ဦးပါလာသည်။

နှစ်ဦးစလုံးမှာ ကောင်းကင်နဂါး အားကိုးရသောသိုင်း
သမားသာ ဖြစ်သည်။

* * *

သူတို့သည် အဆင့် မနိမ့်လှပေ။

အခြားဂိုဏ်းမှ အဆင့်သိုင်းသမားများနှင့် တန်းတူသည်ဟု
သိမှုသည်။

သံကောက်ကိုင် သိုင်းသမားနှင့် ဓားသမားတို့သည်သူတို့
ကိုင်ဆောင်ထားသည့် လက်နက်များကို ပိုင်နိုင်ကျွမ်းကျင်စွာ
ကိုင်တွယ်ပြနေသည်။

www.burmeseclassic.com



''ဝှီး....ဝှီး....ဝှီး''

''ဝှစ်....ဝှစ်....ဝှစ်''

သူတို့သည် တန်ပိုးထိုက်နှင့် ယူချင်းထန်တို့နှင့် တိုက်ခိုက်ကြသည်။

တန်ပိုးထိုက်သည် သံကောက်ကိုင် သိုင်းသမားနှင့်လည်းကောင်း၊ ယူချင်းတန်နှင့် မားသမားသည် လည်းကောင်း တိုက်ခိုက်နေကြသည်။

''ဝှီး''

''ဒုတ်''

သံကောက်ကိုင် သိုင်းသမား၏ ပြင်းထန်လှသော တိုက်ကွက်သည် တန်ပိုးထိုက်ကို မထိပေ။

တန်ပိုးထိုက်၏ ကန်ချက် တစ်ချက်က သူ့ကို ထိသွားသည်။

''ဝှီး....ဝှစ်''

မားသမားကလည်း အဆင့်မြင့်မြင့် ထိုးခုတ် တိုက်ခိုက်လျက် ရှိသည်။



ယူချင်းထန်ကလည်းလွတ်ခုံကလေး ရှောင်တိမ်းနေသည်။

''ဒုတ်''

ထိုစဉ် သံကောက်သိုင်းသမား၏ သံကောက် ကြီးသည် နံရံ၌ သွားစိုက်နေသည်။

သူသည် ကြောက်အား လန့်အားဖြင့် ဆွဲထုတ်နေသည်။

တန်ပိုးထိုက်သည်အခွင့်အရေးကို လက်လွတ်မခံပေ။

လက်ဝါးနှင့် ကျောပြင်ကို ရိုက်ချလိုက်သည်။

''ဗုန်း''

''အား''

သံကောက်ကိုင် သိုင်းသမားမှာ နာကျင်စွာ အော်ဟစ်ပြီး လဲကျသွားလေသည်။

သွေးများပွက်ခနဲအန်ပြီး သေဆုံး သွားလေသည်။

မားသမားမှာ သူ့မျက်စိရှေ့မှောက်၌ သံကောက်သိုင်းသမား သေဆုံးသွားသည်ကို မြင်သောအခါ အကြီးအကျယ် ထိတ်လန့်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ခေါးကွက်များသည် အမှားမှား အယွင်းယွင်းဖြစ်လာသည်။

ကြောက်လန့်စိတ်သည် အမှားအယွင်းကို ဖြစ်ပေါ်စေသည် မဟုတ်ပါလား။

"ဗုန်း"

ယူချင်းထန်သည် ခေါးသမားအားခြေကန်ချက် တစ်ချက် ပစ်ကန်လိုက်ရာ ခေါးသမားမှာ ဟာကွက်ဖြစ်ပေါ်နေသဖြင့် အကန် ခံလိုက်ရ၏။

ခေါးလည်း လွတ်ကျသွားသည်။

"ဗုန်း"

"အား"

ယူချင်းထန်က လက်ဝါးတစ်ချက်ရိုက်လိုက်ရာ ခေါးသမားမှာ မရှောင်နိုင်တော့ပေ။

နောက်ဆုံး သေဆုံးသွားလေ၏။

ဂူကြီး၏ အရှေ့ဘက်တွင် မဟာမိတ်ဂိုဏ်းသားများသည် စုရုံး ရောက်ရှိလာသည်။

ဟူတန်ဂိုဏ်းချုပ်ကြီးသည် ဂူကြီး၏ အရှေ့ဘက်ကိုစီးမိသွားလေပြီ။

ဟူတန်ဂိုဏ်းချုပ်ကြီးက အော်ဟစ် လိုက်၏။



"လီဆူရှင်း မင်းကိုစဉ်းစားဖို့ အချိန်ပေးပြီးပြီ၊ အခု အချိန်ထပ်ပေးလိုက်မယ်၊ သိုင်းကျမ်းစာအုပ်အပ်မလား၊ မင်း အသေခံမလား"

ဂိုဏ်းချုပ်ကြီးအသံသည် ဟိန်းထွက်လာလေသည်။

ဂူကြီးတစ်ခုလုံး ငြိမ်သက်နေ၏။

ကောင်းကင်နဂါး လီဆူရှင်းထံမှ မည်သည့် တုံ့ပြန်သံမျှ မကြားရချေ။

လီဆူရှင်းသည် အကြံကုန်ဂဠုန်ဆားချက်သည့်အနေဖြင့် ဘက်နီဘက်နက် ထုတ်နေပြီလော။

သူ၏ နောက်ပိုင်းကိုလည်း တန်ပိုးထိုက်နှင့် ယူချင်းထန်တို့က ပိတ်ဆို့ပြီးလောက်ပေပြီ။

ကောင်းကင်နဂါးသည် နဂါးဟူ၍ အမည်ခံထားသဖြင့် ကောင်းကင်သို့ ပျံတက်၍ ပြေးမည်လော၊ မြေလျှိုး၍ပြေးမည်လောဟူသည်ကိုမူ ဟူတန်ဂိုဏ်းချုပ်ကြီး မသိနိုင်ပေ။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

### သွေးနီဝိုး

ကောင်းကင်နဂါး လီဆူရှင်းသည် သိုင်းကျမ်းစာရွက်များကို တစ်ရွက်ချင်း ဆွဲထုတ်ပြီး မီးပုံထဲသို့ ထည့်နေ၏။ သူသည် အလွန်ဆိုးရွားယုတ်မာသူဖြစ်၏။

သူသည် သိုင်းကျမ်းထဲမှ ပညာရပ်များ အားလုံးလိုလို ရရှိပြီးဖြစ်သဖြင့် သိုင်းကျမ်း ပျက်စီးသွားသော်လည်းနှမြောတွန့်တိုခြင်း မရှိတော့ချေ။

သူသည် သူ့လိုက်ဂူကို ဟူတန်ဂိုဏ်းက ထွက်ပေါက်မြဲအောင် ပိတ်ဆို့ထားပြီး ဖြစ်ကြောင်း သိနေသည်။



သူ၏ဂူအနောက်ပေါက်ကိုလည်း ရန်သူအချို့က ပိတ်ဆို့ထားလေပြီ။

သူသည် ကောင်းကင်နဂါးဆိုသော်လည်း တကယ့်နဂါးမဟုတ်။

လူနဂါးသာ ဖြစ်သည်။

ထို့ကြောင့် မြေလျှိုး၍လည်းမပြေးနိုင်၊ မိုးပျံ၍လည်းမပြေးနိုင် ဖြစ်နေသည်။

နောက်ဆုံး၌ သူသည်ရန်သူများနှင့် အသေအကျေတိုက်ခိုက်ရန်သာ စောင့်နေလိုက်တော့သည်။

ရန်သူများသည် သူ့အားအမဲဖျက်သလို လက်စားချေကြပေတော့မည်။

လီဆူရှင်းသည် သိုင်းကျမ်း၏ နောက်ဆုံးစာရွက်ကို မီးထဲပစ်ထည့်လိုက်၏။

''ရှပ်....ရှပ်....ရှပ်''

''ရှပ်....ရှပ်....ရှပ်''

ခြေသံများ။

www.burmeseclassic.com

www.burmeseclassic.com



ခြေသံများ ကြားရလေပြီ။

တန်ပိုးဆိုက်၊ ယူချင်းထန်၊ ဖင်းယုနှင့် လီပိုး တို့သည် သူ့အား ဝန်းရံလိုက်ကြ၏။

ထိုစဉ် လူရိပ်တစ်ခုသည် ဖျတ်ခနဲ ခုန်ဝင်လာပြီး ယူချင်းထန်ကို တိုက်ခိုက်လေ၏။

"ဝုန်း"
"ဖြန်း"

ယူချင်းထန်သည် လှည့်ရိုက်လိုက်၏။

ထို့နောက်လျင်မြန်စွာ လည်ကုတ်ကို ကိုင်ဆွဲ လိုက်သည်။
ယူချင်းထန်၏ပညာမှာ အဆင့်မြင့်လှသဖြင့် တစ်ဖက်ရန်သူမှာ ယူချင်းထန်၏ လက်ထဲ၌ ပါလာလေ၏။

ထိုသူ မည်သူနည်း။

ထိုသူမှာ လက်ထောက်ဂိုဏ်းချုပ်ဖြစ်ပါသည်။

ယူချင်းထန်သည် ထိုသူကို ပစ်ချလိုက်၏။

"ဝုန်း"
ထိုသူမှာ အရုပ်ကလေးတစ်ရုပ်နှယ် ပစ်ကျသွားလေ၏။



ကျွန်လူသုံးယောက်သည် လီဆူရှင်းကိုသာ စိုက်ကြည့်နေကြသည်။

ကောင်းကင်နဂါး၏ လက်ထောက်ဂိုဏ်းချုပ်သည် ဒယီးဒယိုင်ဖြင့် ထလာသည်။

သူသည်ယူချင်းထန်ထံသို့ ပြေးဝင် လာလေသည်။

"ဝုန်း"

"ဗုန်း"

ကောင်းကင်နဂါး လက်ထောက်ဂိုဏ်းချုပ်မှာ လွင့်ထွက်သွားသည်။

သူသည် အလွန်ခံနိုင်ရည်ရှိသူ ဖြစ်၏။ ဒယီးဒယိုင်ဖြင့်ပြန် ထလာပြန်သည်။

သူသည် မာန်သွင်းအော်ဟစ်ပြီး ယူချင်းထန်ကို ပြေး၍ တိုက်ခိုက်ပြန်၏။

ယူချင်းထန်သည် မညှာတော့ပေ။

ကောင်းကင်နဂါး လက်ထောက်ဂိုဏ်းချုပ်ကို လက်ဝါးစောင်းဖြင့် ရိုက်ချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဖြောင်း"

"အား"

ယူချင်းထန်၏ ဂိုက်အားမှာ အလွန်ပြင်းထန်လှ၏။ ထက်ထောက်ဂိုက်းချုပ်မှာ ဝုန်းခနဲပစ်ကျသွားပြီး လုံးဝ မလှုပ်နိုင်တော့ပေ။

ထိုအခါ...

အားလုံးက လီဆူရှင်းအား ဂရုစိုက် ကြည့်မိကြတော့သည်။

လီဆူရှင်းသည် ထချပ်ထိုက်ပြီး တစ်ခေါက်စီကြည့်လိုက်သည်။

အားလုံး သူ့ရန်သူချည်းပင် ဖြစ်တော့သည်။

သူ့ညီမလီပိုးကိုလည်း သူ့ဖခင်ရော သူ့ရန်သူစာရင်းသွင်းထားသည် မဟုတ်ပါလော။

လီပိုးက....

"စိတ်လျှော့လိုက်ပါတော့အစ်ကို၊ အစ်ကို အမှားတွေ အများကြီးလုပ်ခဲ့ပြီးပြီ၊ ပြင်မရတဲ့အမှားတွေ အများကြီး



လုပ်ခဲ့ပြီးပြီ၊ အစ်ကို့အသက်ကို နှမြောရင် ဝန်ချတောင်းပန်ပြီး သိုင်းကျမ်းကို ပေးအပ်သင့်ပါပြီ"

"ကား...မား...ဟား...ဝန်ချတောင်းပန်ရမယ် ဟုတ်လား၊ တော်စမ်း၊ နင်ဟာ သူခိုးဓားမိုးကမ်းတဲ့ ညီမပဲ၊ ငါ့ရန်သူတွေထဲမှာ နင့်ကိုတွေ့လိုက်ရလို့ ငါမအံ့ဩပါဘူး"

ကောင်းကင်နဂါးလီဆူရှင်းသည် ညီမဖြစ်သူအား မီးတောက်မတတ် မျက်လုံးများဖြင့် ကြည့်ရင်း ဖြေလိုက်လေသည်။

တန်ပိုးထိုက်သည် ကောင်းကင်နဂါး လီဆူရှင်းအား ဖျောင်းဖျ၍ ရတော့မည် မဟုတ်သည်ကို သိလိုက်မိသည်၊

ကောင်းကင်နဂါးလီဆူရှင်းသည် စိတ္တဇသိုင်းသမား ဖြစ်သွားခဲ့သည်။

သူ၏ မသမာမှုကို သိုင်းပြိုင်ပွဲ၌ ဖင်းယုက ဝန်ခံခဲ့သည်။

အရှုက်ကွဲခဲ့သည်။

ထို့နောက် သိုင်းကျမ်းကို သွားရောက်ခိုးယူခဲ့သည်။ ထို့နောက် သိုင်းလောကကို ဒုက္ခပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ ငါ့ကိုတိုက်မလို့လား"

တန်ပိုးထိုက်က ရယ်မောလိုက်၏။

"ဒါကို ပြောဖို့လိုသေးလို့လား၊ မင်း ဒုက္ခပေးခဲ့တဲ့သိုင်းလောကသားတွေ အများကြီးပဲ၊ ဒီမျက်နှာတွေကို ထောက်ထားပြီး မင်းကိုငါတိုက်ခိုက်ရမှာပဲ"

ယွှူချင်းထန်က အံကြိတ်၍ ပြောလိုက်၏။

"ပထမအချက်အနေနဲ့ ငါပြောချင်တာက ငါ့အတွက် […] အကြွေးပဲ၊ မင်းလုပ်ခဲ့တဲ့ အဆိပ်အတွက် ငါ့ဘဝမှာ အ[…] မတန် ဒုက္ခမရောက်ခဲ့ရတယ်၊ ဒုတိယအချက်ကတော့ ငါ့ဆရာ[…] တိယန်စင်းအတွက်ပဲ၊ ငါ့ဆရာကို မင်းသတ်ခဲ့တယ် မဟုတ်[…] လား၊ အဲဒါကတော့ ဒုတိယအကြွေးပဲ"

"အေး....ဒါဖြင့်လဲ တိုက်ကြတာပေါ့ကွာ"

"ဝှစ်....ဝှစ်....ဝှစ်"

ကောင်းကင်နဂါး လီဆူရှင်းသည် ခုန်ဝင်ပြီးတိုက်ခို[…] လေတော့သည်။



ယွှူချင်းထန်က ရှောင်တိမ်းလိုက်၏။ သူရှောင်တိမ်းပုံမှာ အလွန်လှပသည်။

ကောင်းကင်နဂါးလီဆူရှင်းသည် လက်နက်မဲ့သိုင်းပညာ တတ်မြောက်ထားသော်လည်း သူ၏ညာဘက်လက်၌ ချွန်မြသော သံလက်ကြီးတစ်ခု တပ်ဆင်ထားသဖြင့် လက်နက်တစ်ခု ရှိနေသလိုဖြစ်နေသည်။

ထိုသံလက်ကြီးဖြင့် အထိုးခံရလျှင် တစ်ချက်တည်းနှင့် သေဖွယ်ရာသာ ရှိတော့သည်။

"သတိထား"

ဖင်းယုနှင့် လီပိုးက ပြိုင်တူ အော်လိုက်သည်။

ကောင်းကင်နဂါး လီဆူရှင်းသည် မျက်လုံးအဝိုင်းသားဖြစ်နေ၏။

သူသည် ထူးဆန်းသည့်သိုင်းကွက်များကို မတွေ့ဖူးဘဲဖြစ်နေသည်။

ဖြစ်မည့်သာဖြစ်သည်။

ဤသိုင်းကွက်များမှာ ရွှေနဂါးဂိုဏ်းမှ လီပိုး ခိုးယူလာသည့် သိုင်းကွက်များပင်။

www.burmeseclassic.com

www.burmeseclassic.com



လီဆူရှင်းသည် ထိုသိုင်းကွက်များကို အသေအလဲ ရှောင်တိမ်းနေရ၏။

"ကျွန်မတို့လဲ ဝင်တိုက်မယ်"

ဖင်းယုက ပြောလိုက်၏။

လီပိုးကလည်း....

"ကျွန်မလဲ ဝင်မယ်"

သူတို့သည် ပြောပြောဆိုဆို ခုန်ဝင်ကြလေ၏။

ထို့နောက်....

သုံးပွင့်ဆိုင် သိုင်းကွက်ဖြင့် လီဆူရှင်းကို တိုက်ခိုက်လေတော့သည်။

"ဝုန်း"

ယူချင်းထန်သည် လက်ဝါးနှင့် ရိုက်ချလိုက်၏။

"ဖုန်း"

ဖင်းယုကလည်း တိုက်ခိုက်၏။



"ဝုန်း"

လီပိုးကလည်း တိုက်ခိုက်လေ၏။

ကောင်းကင်နဂါးမှာ ဆက်တိုက် ရှောင်တိမ်းရသည်။

"ဖုန်း"

ယူချင်းထန်၏ရိုက်ချက်တစ်ချက်သည် ထိသွားလေ၏။

ကောင်းကင်နဂါး လီဆူရှင်း လွင့်ထွက်သွားသည်။ သူသည် ခေါင်းကို ခါယမ်းထလာသည်။

ကောင်းကင်နဂါး လီဆူရှင်းမှာ ယူချင်းထန်၊ ဖင်းယုနှင့် လီပိုးတို့၏ တိုက်ကွက်များကို လွန်စွာ အံ့သြမိသည်။

ယခုတိုက်ပွဲအခြေအနေအရ သူ ခံဘက်ကချည်း ဖြစ်နေသည်။

သုံးယောက်ပေါင်း တိုက်ကွက်သည် မျက်စိထဲတွင် ရှုပ်ထွေးလှသဖြင့် သူ လွတ်အောင် ရှောင်တိမ်းနေရသည် မဟုတ်ပါလော။

သူတို့သုံးယောက်ကို လူစုခွဲမှသာ သူ အောင်ပွဲဆင်နိုင်ပေမည်။

www.burmeseclassic.com



''ဝှီး....ဝှီး....ဝှီး''

သံလက်ကြီးသည် လေထဲတွင် တဝှီးဝှီးမြည်နေ၏။

သူသည် လီပိုးကို အဓိကထား၍ တိုက်သည်။ လီပိုး လှိမ့်၍ရှောင်ထွက်ရ၏။

သူသည် လီပိုးကို ဆက်၍တိုက်ခိုက်သည်။ သို့မှသာ ကွင်းဆက်သုံးဆက်အနက် တစ်ဆက် ပြုတ်သွားပေလိမ့်မည်။

★

BURMESE CLASSIC

အခန်း (၂၅)

''ဒုတ်....ဒုတ်''

သံလက်ကြီးသည် ကြမ်းပြင်၌ တဒုတ်ဒုတ်ဖြင့် စိုက်နစ် ဝင်နေ၏။

''ညီမလီပိုး....သတိထား''

ယူချင်းထန်က အော်ပြောလိုက်သည်။ ယူချင်းထန်သည် လီပိုးအတွက် စိုးရိမ်တကြီး ဝင်ရောက်လိုက်သည်။ ဤသည် မှာ သူ့အမှားပင်။

''ဖြောင်း''

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဘက်လက်ဖြင့် လက်ပြန်ရိုက်လိုက်ရာ ယူချင်းထန် ထိသွားပြီး လွင့်ထွက်သွားသည်။

"လာကြလေကွာ၊ မင်းတို့ ငါ့အကြောင်း သိရမယ်"

ထိုအခါ လီပိုးသည် ယူချင်းထန်အတွက် စိုးရိမ်သွားပြီး ရိုပ်ခနဲခုန်ဝင်လိုက်လေ၏။

"အစ်ကိုယူချင်းထန်....အစ်ကို....အစ်ကို"

ဖင်းယုသည် လီပိုး၏ ဟာကွက်ကို သိရှိသည်။ ထိုဟာကွက်ကိုဖြည့်ဆည်းရန် သူ ခုန်ဝင်လိုက်သည်။

သို့သော် သူမှ အနည်းငယ် နောက်ကျသွား၏။

လီဆူရှင်း၏ သံလက်ကြီးသည် လီပိုး၏ ကျောပြင်အား စိုက်နစ်ဝင်သွား၏။

"ဒုတ်"

"အား....အစ်ကို"

တစ်ပြိုင်နက်တည်းမှာပင် ဖင်းယု၏ လက်ဝါးရိုက်ချက်သည် လီဆူရှင်းအပေါ် လာကျ၏။



"သေပေတော့"

"ဝုန်း"

လီဆူရှင်းမှာ လွင့်ထွက်သွား၏။ သူသည် သွေးအန်သွားသည်။

"ညီမ...ညီမ လီပိုး"

"ညီမ...ညီမ မသေရဘူး၊ ညီမ လုံးဝ မသေစေရဘူး"

ယူချင်းထန်သည် လီပိုးကို ပွေ့ချီပြီး မနားတမ်းပြောနေသည်။

တန့်ပိုးထိုက်လည်း ပြေးလာသည်။ ဖင်းယုကတော့ လီဆူရှင်းရှေ့၌ မားမားကြီးရပ်နေ၏။

သူ၏ အတိတ်မှ ရန်ငြိုးကို အပြတ်လက်စားချေရပေတော့မည်။

"နင် သေဖို့သာပြင်ထား"

"ဟား...ဟား....ကြည့်ကြသေးတာပေါ့၊ နင်သေမလား ငါသေမလားဆိုတာ"

"ဝေါ"

www.burmeseclassic.com

www.burmeseclassic.com



လီဆူရှင်း သွေးများ ထိုးအန်နေသည်။

ယူချင်းထန်နှင့် တန်ပိုးထိုက်တို့မှာ လီပိုးကို ကယ်တင်နိုင်ရန် ကြိုးစားနေကြသည်။

သို့သော် မကယ်တင်နိုင်တော့ပါ။ လီပိုးသည် မျက်လုံးကို အားယူဖွင့်ကြည့်၏။

"အစ်ကို....အစ်ကိုနဲ့ဖင်ယု လက်တွဲပြီး ညီမအစ်ကိုကို အနိုင်တိုက်....တိုက်"

BURMESE CLASSIC

လီပိုးသည် စကားကိုဆုံးအောင်ပင် မပြောနိုင်တော့ဘဲ ဇက်ကျိုးကျသွားလေ၏။

"လီပိုး"

ယူချင်းထန်သည် အသံကုန်အော်လိုက်သည်။ ထို့နောက် သူသည် လီပိုးအလောင်းကို တန်ပိုးထိုက်၏ လက်ထဲသို့ ထည့်ပြီး လီဆူရှင်းကို ရင်ဆိုင်လိုက်၏။

ဖင်းယုနှင့် ရင်ပေါင်တန်း ရပ်လိုက်၏။

လီဆူရှင်းက....

"ဟား....ဟား....ဟား....သစ္စာဖောက်မ သေသွားပြီ မဟုတ်လား၊ မင်းတို့ပဲ သေရွာသွားဖို့ ကျန်တော့မယ်"



ယူချင်းထန်၏ မျက်လုံးများသည် မီးတောက်များကဲ့သို့ ဖြစ်နေ၏။

သူသည် အံကြိတ်ပြီး ပြောလိုက်၏။

"အေး....ငါတို့လဲသေရွာသွားမယ်၊ မင်းကိုလဲ သေရွာကို အပါခေါ်သွားမယ်"

ထို့နောက် ယူချင်းထန်နှင့် ဖင်းယုတို့သည် အပြင်းထန်ဆုံးသော ဖိုသိုင်းကွက်များနှင့် တိုက်ခိုက်လေတော့၏။

လီဆူရှင်းမှာ ထိုသိုင်းကွက်ကို မည်သို့မျှ မခုခံနိုင်ပေ။ ချာချာလည်နေသည်။

ယူချင်းထန်သည် ပြင်းထန်သော လက်ဝါးရိုက်ချက်ကို ရိုက်သည်။

"ဝုန်း"

ဖင်းယုကလည်း လက်ဝါးရိုက်ချက်ကို ရိုက်ထုတ်သည်။

"ဝုန်း"

"ဝုန်း"

www.burmeseclassic.com

www.burmeseclassic.com



ကြောက်မက်ဖွယ်ရာလေလှိုင်း တုန်ဟည်းသွားလေတော့သည်။

ကောင်ကင်နဂါး လီဆူရှင်းသည် လေထဲ၌ နှစ်ဆင့်မြောက်သွား၏။

"ဝုန်း"

သူသည် လေထဲမှ အောက်သို့ပြန်ကျလာ၏။ ယူချင်းထန်သည် လေထဲမှ ပြန်ကျလာသည်။ လီဆူရှင်း၏ ကိုယ်ကြီးကို လွှဲကန်လိုက်သည်။

"ဝုန်း"

လီဆူရှင်း၏ခန္ဓာကိုယ်ကြီးမှာ လွင့်စဉ် ထွက်သွားတော့သည်။

ဖင်းယုသည် လွင့်သွားသည့် လီဆူရှင်း၏ ခန္ဓာကိုယ်ကြီးနောက်သို့ ရိပ်ခနဲခုန်လိုက်သွားပြီး လက်ဝါးစောင်း ခုတ်ချလိုက်၏။

"ဒုတ်"

"ဝုန်း"



လီဆူရှင်းကား မည်သို့မျှ အသက်မရှင်နိုင်တော့ပေ။

လီဆူရှင်းကား သေဆုံးသွားခဲ့လေပြီ။

ထိုအချိန်တွင် ဟူတာန်ဂိုဏ်းချုပ်ကြီးနှင့် မဟာမိတ်ဂိုဏ်းပေါင်းစုံမှ ခေါင်းဆောင်ကြီးများလည်း ရောက်ရှိလာကြလေသည်။

"ကိုင်း...ကြည့်ကြ...ကြည့်ကြ၊ သိဝေဝ လူကြား သိုင်းလောကကို ဒုက္ခပေးတဲ့လူ၊ သိုင်းလောကကို ဆန့်ကျင်တဲ့လူဆိုတာဟာ အခုလိုပဲ သေဆုံးကြရမှာပဲ၊ သူ့ရဲ့ နောက်ဆုံးခရီးလမ်းဟာ မရဏာသေမင်းပြည်ကို သွားရခြင်းပဲ"

မဟာမိတ် ဂိုဏ်းပေါင်းစုံမှ ခေါင်း ဆောင် များ သည် ခေါင်းတညိတ်ညိတ်ဖြစ်သွားကြလေ၏။

ဟူတာန်ဂိုဏ်းချုပ်ကြီးသည် ယူချင်းထန်၏ ပခုံးကို ပုတ်လျက်....

"ငါက မင်းကို အောင်မှ အောင်မြင်ပါ့မလားလို့ စိုးရိမ်နေတာ"

www.burmeseclassic.com



ယူချင်းထန်က....

''လီဆူရှင်းကိုတော့ သတ်နိုင်လိုက်ပါပြီ၊ ဒါပေမယ့်....''

သူသည် လီပိုး၏အလောင်းကို ပွေ့ယူလိုက်၏။

''ဒါဟာ လီဆူရှင်းရဲ့ညီမ လီပိုးရဲ့အလောင်းပါ၊ လီဆူရှင်းက စိတ်ထားယုတ်သလောက် လီပိုးရဲ့စိတ်ထားကတော့ ဖြူစင်လှပါတယ်၊ လီပိုးဟာ သိုင်းလောကအတွက် အသက်ပေးသွားပါတယ် ဂိုဏ်းချုပ်ကြီး''

''အေး....ငါလဲတွေ့ပါတယ်၊ စိတ်မကောင်းပါဘူ ယူချင်းထန်ရယ်''

ယူချင်းထန်သည် လီပိုး၏အလောင်းကို သယ်ယူလာပြီး ကျောက်ရိုင်းတောင်၏ အမြင့်ဆုံးနေရာတွင် တူး၍ မြှုပ်နှံသင်္ဂြိုဟ်လိုက်၏။

ဖင်းယူမှာ ယူချင်းထန်၏လက်မောင်းကိုကိုင်၍ လျှောက်လာသည်။



သူတို့သည် လီဆူရှင်း တည်းဟူသော သိုင်းလောက၏ အမှိုက်တစ်စကို ရှင်းလင်းနိုင်ခဲ့လေပြီ။

မဟာမိတ်ဂိုဏ်းသားအားလုံး ကျောက်ရိုင်းတောင်ခြေသို့ ရောက်ရှိလာကြ၏။

ယူချင်းထန်နှင့် ဖင်းယုတို့သည် အားလုံးကို နှုတ်ဆက်ပြီး မြင်းကိုယ်စီဖြင့် အပြေးကလေး ထွက်လာကြတော့၏။

သူတို့နှစ်ယောက်ကို လက်ပြနှုတ်ဆက်လျက် ငေးကြည့်နေသူမှာ တန်ပိုးထိုက်ဖြစ်သည်။

တန်ပိုးထိုက်သည် ဖင်းယုကို ချစ်နေသူတစ်ဦးဖြစ်၏။

သို့သော်....

ဖင်းယုက ယူချင်းထန်ကို ချစ်နေသည်ကို သိသောအခါ သူ့ချစ်စိတ်ကို သူ ဖွင့်မပြောတော့ပေ။

ဖင်းယုတစ်ယောက် ယူချင်းထန်နှင့် ပျော်ပါစေတော့ဟု သူ ခွင့်လွှတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဟူတန်ဂိုဏ်းချုပ်ကြီးကို နှုတ်ဆက်လျက် တစ်ကိုယ်တည်း ထွက်လာခဲ့တော့သည်။

ဩော်....

အထီးကျန် တန်ပိုးထိုက်ပေတကား။

ဇာတ်သိမ်းပိုင်းပြီး။

ထက္ကသိုလ် နေလင်းအောင်

BURMESE CLASSIC
www.burmeseclassic.com